
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


**မျက်နှာဖုံးပန်းချီ**

ကိုနေခြည်

**မျက်နှာဖုံးဒီဇိုင်း**

ယမုံစိုး

**ကွန်ပြူတာစာစီ**

အာနည်မော်

**မျက်နှာဖုံးCTP**

EAGLE

**စာအုပ်ချုပ်**

(မျိုးကြီး)

ဓမ္မာပန်း

စာအုပ်ချုပ်လုပ်ငန်း

**ထုတ်ဝေသူ**

ဦးဘုန်းဇော်

အရှေ့ဘက်ကောင်းကင်

စာပေထုတ်လုပ်ဖြန့်ချိရေး

(၀၀၂၃၉)

အမှတ် ၂၈၂၊ ပထမထပ်၊

လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊

**ပုံနှိပ်သူ**

ဦးသိန်းဦး

မြတ်ရတနာပုံနှိပ်တိုက်

(၀၀၆၅၂)

အမှတ်-၄၂၊၄၂လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ- ၁၀၀၀ အုပ်

တန်ဖိုး- ၁၅၀၀ ကျပ်

**ဖြန့်ချိရေး**

အရှေ့ဘက်ကောင်းကင်

အမှတ်(၁၅)၊ ဓေယျာသီရိလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

ဖုန်း-၀၉ ၇၃၁၇၁၃၈၁၊ ၀၉၄၂၁၀၅၆၃၅၄


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ မပဲ့ဝါ နေတဲ့ကျွန်း . . . . . . . . . . . . . . . . ၅
၂။ ကျောက်မျက်လုံးရူ . . . . . . . . . . . . . ၃၈
၃။ ရေတံခွန်ချောင်း . . . . . . . . . . . . . . ၈၂
၄။ ဓားခကြာ . . . . . . . . . . . . . . . . . . ၁၂၄



www.burmeseclassic.com

www.burmeseclassic.com



# မဖဲဝါနေတဲ့ကျွန်း

အညာနွေတော့ စပြီဗျို့။

နေ့ပူလို့ ညချမ်း တပေါင်းလသရမ်းတဲ့။ ဟုတ်ပါ့ဗျား။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



မနက်လင်းအားကြီးဆိုရင် စောင်တောင်ခြုံရသေးတာဗျ။ နေ့လယ်နေ့ခင်းများတော့ ချွေးတပြိုက်ပြိုက်ကျလို့ပေါ့ဗျာ။

ယာလုပ်ငန်း မရှိပေမဲ့ 'ရွှေတောင်ဦး' ဘုရားပွဲအတွက် ကျုပ်တို့မှာ မနားရတော့ပါဘူးဗျာ။ တပို့တွဲလပြည့်ကျော်ပြီဆိုကတည်းက ကျုပ်တို့မှာ အစည်းအဝေးတွေခေါ်ကြ၊ တာဝန်တွေခွဲကြ၊ အလုပ်တွေ စလုပ်ကြပေါ့ဗျာ။

ဘုရားမှာ ငြမ်းဆင်၊ ထုံးသက်နှ်းအသစ်ကပ်၊ စေတီရံတွေ၊ အုတ်တိုင်တွေ ထုံးသုတ်၊ လက်ရမ်းသံတိုင်တွေ ဆေးသုတ်၊ မီးတိုင်တွေ စိုက်တဲ့သူကစိုက်၊ မီးကြိုးသွယ်တဲ့လူကသွယ်ပေါ့ဗျာ။

ပစ္စည်းတွေက အဆင်သင့်ရှိနေတာဆိုတော့ ဘာမှမကြာလိုက်ဘူးဗျ။ ဒိုးပတ်ပြိုင်မယ့်လူတွေ၊ အိုးစည်ပြိုင်မယ့်လူတွေကလည်း ဒိုးတိုက်ကြ၊ အိုးစည်တိုက်ကြပေါ့ဗျာ။ ဦးရွှေရိုးကမယ့်အဖွဲ့ကလည်း အပြိုင်အဆိုင် တိုက်ကြရောဗျ။ မြို့ကဇာတ်ကလည်း နှစ်ဇာတ်လောက်ကမှာဆိုတော့ ဇာတ်ရုံကလည်း ဆောက်ရသေးဗျ။

ထုံးစံအတိုင်းပေါ့ဗျာ။ ဆယ့်ငါးရက်လောက်ကြာတော့ ရွှေတောင်ဦးဘုရားပွဲကွင်းကြီးမှာ ဇာတ်ရုံတွေ၊ ဆိုင်ခန်းတွေ၊ ခြင်းလုံးပြိုင်မယ့်နေရာ၊ ဘောလုံးပွဲလုပ်မယ့်နေရာတွေလည်း အဆင်သင့် ဖြစ်ပြီပေါ့ဗျာ။ တပေါင်းလဆန်းတစ်ရက်နေ့ကစပြီး ဘုရားပွဲ ကျင်းပတာဗျ။

## အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တပို့တွဲမှာကတည်းက စသလိုဖြစ်နေတာပါဗျာ။ အရပ်ဇာတ်တွေက တပို့တွဲမှာကတည်းက စနေကြပြီ။

ဒါကြောင့် ကျုပ်ပြောတာပေါ့ဗျ။ ရွှေတောင်ဦးဘုရားပွဲက တစ်လလောက်ကို စည်တာလို့။

ကျုပ်တို့လည်း နှစ်စဉ် လုပ်နေကျဆိုတော့ ကျွမ်းကျင်နေကြပြီပေါ့ဗျာ။ လူကတော့ ပင်ပန်းသားဗျ။ ဒါပေမဲ့ လူတိုင်း ပျော်နေကြတာဗျ။

ကျုပ်အဘနဲ့ အမေတောင် အိမ်မှာ နေကြတာ မဟုတ်ဘူးဗျ။ ဘုရားဆွမ်းတော်ကြီးကပ်အဖွဲ့နဲ့ ဘုန်းကြီးဆွမ်းကပ်အဖွဲ့မှာ နှစ်စဉ် ပါကြရတာ။

ကျုပ်က သာသနာ့အလံထူဖို့ ကျန်နေတဲ့ နေရာတွေမှာ အလံတိုင်တွေ လိုက်စိုက်နေတာဗျ။ ထနောင်းကုန်းဘုရားပွဲဆိုလို့ ကျုပ်တို့ ထနောင်းကုန်းသားတွေချည်း လုပ်ကြတာတော့ မဟုတ်ဘူးဗျ။ ဘန့်ဘွေးကုန်းကလူတွေပါ အဖွဲ့တွေထဲမှာ ပါကြတာ။

အခုလည်း သာသနာ့အလံတွေ ကျုပ် လိုက်ထူနေတာ၊ ဘန့်ဘွေးကုန်းက သိန်းဇော်တို့ညီအစ်ကိုနဲ့ ကျုပ်နဲ့ဗျ။

"ဟေ့ကောင် တာတေ၊ ငါ့မှာ မင်းကို ရှာလိုက်ရတာကွာ၊ ငါတို့အိမ်က နွားညိုကြီး တောထဲပျောက်သွားလို့ ရှာရသလို ပါ့ပဲလား ဇာာတေရာ"



www.burmeseclassic.com

www.burmeseclassic.com



သိန်းဇော်တို့ညီအစ်ကိုရော ကျုပ်ရော လှည့်ကြည့်လိုက်တော့ အုတ်လှေကားထစ်တွေကို နင်းတက်လာတဲ့ ခါးကြီးကိုင်းကိုင်းနဲ့ ဘန့်ဘွေးကုန်းက ကိုစံအေးကြီးဗျ။ သူ့ထုံးစံအတိုင်း အသံကျယ်ကျယ်ကြီးနဲ့ လှမ်းပြောလိုက်တာဗျ။ ကိုစံအေးကြီးကတော့ လူကလည်း ကလန်ကလား၊ အသံကလည်း အော်ကျယ်အော်ကျယ်နဲ့ဗျ။

"ဟား ဟား ဟား ဟား ကိုကြီးစံအေးရာ ခင်ဗျားပြောလိုက်မှဖြင့် တာတေတောင် နွားဖြစ်တော့မလိုပဲ၊ ခင်ဗျားကတော့"

"ဟာ၊ ငါက အဲဒီလိုပြောတာ မဟုတ်ပါဘူးကွာ၊ တာတေ့ကို ရှာရခက်တာ ပြောတာပါ သိန်းဇော်ရာ"

လူက ပြုံးဖြဲဖြဲကြီးလုပ်ပြီး ပြောနေတာဗျ။ ကိုကြီးစံအေးက ကျုပ်တို့ကိုတွေ့ရင် သူ့ညီတွေလိုပဲ အမြဲစနေကြဗျ။

"ကိုကြီးစံအေး ရွှေတောင်ဦးဘုရား လာဖူးတာလား"

သိန်းဇော်ညီ သိန်းတင်က ကိုစံအေးကြီးကို လှမ်းပြီး နှုတ်ဆက်တာဗျ။

"အေးပေါ့ သိန်းတင်ရာ၊ ဘုရားလည်းဖူးရင်း နွားလည်းရှာရင်း အဲ...ဟုတ်ပါဘူး၊ တာတေ့လည်း ရှာရင်းပေါ့ကွာ"

ကျုပ်ကို ထပ်စသေးတာဗျ။ ပြီးတော့မှ ဘုရားကို ဦးချတယ်။ ခဏနေတော့မှ ကျုပ်တို့ အလံတိုင်တွေစိုက်နေတဲ့ဆီကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာတာဗျ။

"ကိုကြီးစံအေး၊ ကျုပ်ကို လာရှာတာ ဘာကိစ္စရှိလို့တုံး"

"တို့အိမ်မှာ မင်းဆရာကြီး ဘိုးလူပေ ရောက်နေလို့ကွ၊ ကြည့်ရတာတော့ အရေးကြီးတဲ့ကိစ္စ ရှိနေပုံပဲ၊ မင်းကို ခေါ်ပေးပါ ဆိုလို့ ငါ ထွက်လာခဲ့တာ။ ဒီရောက်တော့ မင်းကို လိုက်ရှာတာ နဲ့နေပြီ။ ရွာဦးကျောင်းမှာရော ဘုရားပွဲကွင်းကြီးထဲမှာရော လက်ဖက်ရည်ဆိုင်တွေမှာရော နဲ့နေပြီကွ"

ကျုပ် သိန်းဇော်တို့ ညီအစ်ကိုကို အကျိုးအကြောင်းပြော ပြီး ထားခဲ့ရတော့တာပေါ့ဗျာ။

ဘိုးလူပေကတော့ ပိန်လည်းမပိန်၊ ဝလည်းမဝဘူးဗျ။ အရင်အတိုင်းပဲ။ ကျုပ်ကိုမြင်တော့ ပြုံးပြတယ်။

"မောင်တာတေ နေကောင်းရဲ့လားကွဲ့"

"ဟုတ်ကဲ့ ကောင်းပါတယ် ဆရာကြီး၊ ဆရာကြီးရော ကျန်းမာရဲ့လား"

"ကျန်းမာပါတယ် မောင်တာတေ၊ နို့ မောင်တာတေရဲ့ မိဘများရော နေထိုင်ကောင်းကြရဲ့လားကွဲ့"

"ဟုတ်ကဲ့ ဆရာကြီး၊ အဘရော အမေရော နေကောင်း ကြပါတယ်"

"အေး အေး၊ ကျန်းမာကြပါစေကွယ်၊ ကျန်းမာကြပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး အခုလို မြန်းစားကြီး ရောက်လာတော့ အကြောင်းထူးများ ရှိနေလို့လား"

ကျုပ်မေးလိုက်တော့ ဘိုးလူပေက သူ့နှုတ်ခမ်းမွှေးလေး တင်းသွားတယ်ဆိုရုံလောက် ပြုံးလိုက်တယ်။

"ကိစ္စရှိတယ် မောင်တာတေ၊ ကိစ္စက ဒီအနီးအနားမှာ မဟုတ်ဘူးကွဲ့၊ ခရီးထွက်ရမှာ၊ ခရီးကလည်း ဝေးတယ်ကွဲ့၊ ဆလုံလူမျိုးတွေရှိတဲ့ ဒေသကို သွားရမှာ မောင်တာတေရဲ့"

"အဲဒီဒေသမှာ ပညာသည်ဆိုးတွေ ရှိနေလို့လား ဆရာကြီး"

"ဟာ…မဟုတ်ဘူးကွဲ့ မောင်တာတေရဲ့၊ ဒီတစ်ခါ သွားမယ့်ခရီးက ပညာသည် နှိမ်နင်းမယ့်ခရီး မဟုတ်ဘူး၊ ဆရာကြီးရဲ့ ကိစ္စပါ၊ ဆရာကြီး ပညာစခန်း ထပ်တက်ရမယ့်ကိစ္စပါ"

"ဩော်၊ ဒါနဲ့ ကျုပ်က ဆရာကြီးကို ဘာများအကူအညီ ပေးရမှာတုံး ဆရာကြီးရဲ့"

"ဒီလိုကွဲ့ မောင်တာတေရဲ့၊ စောစောက ကျုပ်ပြောတဲ့ ဆလုံတွေနေတဲ့ ဒေသမှာ ကျွန်းကြီးတစ်ကျွန်း ရှိတယ်၊ ပင်လယ် ထဲမှာပေါ့ကွယ်၊ အဲဒီကျွန်းကြီးပေါ်မှာ နေမထိတောင်လို့ခေါ်တဲ့ တောင်ကြီးတစ်တောင် ရှိတယ်"

"ဗျာ၊ နေမထိတောင် ဟုတ်လား ဆရာကြီး၊ နေမထိသ



www.burmeseclassic.com

www.burmeseclassic.com


လို့လားဗျ"

"နေကတော့ ထွက်ပါတယ်၊ ဒါပေမဲ့ ဒီတောင်ပေါ်ကို နေရောင် လုံးဝမကျဘူးကွဲ့၊ ဒီအား တစ်နှစ်လုံးမှာ တပေါင်းလပြည့်နေ့တစ်ရက်ပဲ မွန်းတည့်ချိန်မှာ ဆယ်မိနစ်လောက် နေရောင်ကျတယ်။ ပြီးရင် ပြန်မှောင်သွားရောကွဲ့၊ တစ်နှစ်လုံး နေရောင်မထိုးတော့ ဒီတောင်ပေါ်မှာပေါက်တဲ့ အပင်တွေကအစ ထူးထူးခြားခြား အပင်တွေ ပေါက်တာကွဲ့၊ နွယ်ရှင်ကြီးတွေတောင် ရှိတယ်"

"ဗျာ၊ နွယ်ရှင် ဟုတ်လား ဆရာကြီး"

"ဟုတ်တယ်ကွဲ့ မောင်တာတေရဲ့၊ နေမထိတောင်ကြီးက မတ်မတ်ကြီးဆိုတော့ ဒီအတိုင်းတက်ရင် တောင်ထိပ်ကို ရောက်ဖို့က မလွယ်ဘူး၊ လပြည့် လကွယ်နေ့တွေမှာ တောင်ပေါ်ကဆင်းလာတဲ့ နွယ်ရှင်ကြီးတွေကို စီးပြီးလိုက်မှ တောင်ထိပ်ကို ရောက်တာကွဲ့"

"ဆရာကြီးတော့ အဲဒီဆလုံကျွန်းကြီးကို ရောက်ဖူးတယ်ထင်တယ်"

ကျုပ်က တွေးပြီးပြောလိုက်တော့ ဘိုးလူပေက ပြုံးပြီး ခေါင်းညိတ်ပြတယ်ဗျ။

"ကျုပ် မောင်တာတေအရွယ်တုန်းက ကျုပ်ရဲ့ မွေးစားအဖေလည်းဟုတ်၊ ကျုပ်ရဲ့ဆရာလည်းဟုတ်တဲ့ ပထမံဆရာပွား

www.burmeseclassic.com



ကြီးနဲ့ တစ်ခေါက်ရောက်သွားဖူးတယ်၊ ဒီတုန်းက အခု ကျုပ် တက်မယ့် ပညာစခန်းကို ကျုပ်အဘ ဆရာမွှားကြီး တက်ခဲ့တာပေါ့ ကွယ်၊ ဒီတစ်ခါတော့ ကျုပ်တက်ရမယ့် အလှည့်ရောက်ပြီ မောင်တာတေ၊ ဒီတော့ မဖြစ်မနေ ကျုပ်သွားရမယ်၊ သွားရမှာ ကလည်း အခုလာမယ့် တပေါင်းလပြည့်နေ့အမီ သွားရမှာ၊ အဲဒီ နေ့မှာ ကျုပ်က ပညာစခန်းတက်ရမှာကွဲ့၊ အဲဒါ မောင်တာတေ ကျုပ်နဲ့ ဆလုံကျွန်းကြီးကို လိုက်ခဲ့ပြီး ကျုပ်ကို အကူအညီပေးပါ လို့ မေတ္တာရပ်ခံချင်လို့ပါကွယ်"

ကျုပ် စဉ်းစားကြည့်တယ်။ ဆရာကြီး ဒေါက်တာမင်း အောင်တို့၊ ဆရာစိုင်းနွံဖတို့နဲ့တောင် ယိုးဒယားနယ်စပ်အထိ ကျုပ် လိုက်ခဲ့ဖူးတာပဲဗျာ။ ပင်လယ်ဖျား သွားရတော့ရော ဘာကြောက် စရာရှိလို့တုံး။ နောက်ပြီးတော့ ဘိုးလူပေလို အထက်လမ်းဆရာ စစ်စစ်၊ လူသူတော်ကောင်းကြီးတစ်ယောက် ပညာစခန်းတက်မယ့် ကိစ္စမျိုးကို ကူညီခွင့်ရတာပဲ၊ ကျုပ်အတွက်က ဝမ်းသာစရာ ဖြစ်နေပြီပေါ့ဗျာ။ အဘနဲ့ အမေကလည်း ကျုပ် ခွင့်တောင်းရင် ရမှာပါ။ ဒီတော့ ဘိုးလူပေကို တစ်ထိုင်တည်းပဲ ကျုပ် ကတိပေး လိုက်တော့တယ်ဗျာ။

"အဘနဲ့ အမေကို ခွင့်တောင်းပြီး ကျုပ်လိုက်ခဲ့ပါ့မယ် ဆရာကြီး"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စကားကို ကြားတော့ ဘိုးလူပေ တော်တော်ကို ဝမ်းသာသွားတာဗျ။

"ဟာ ဒါဆိုရင် နေရာကျပြီပေါ့ မောင်တာတေရာ"

ကျုပ်က အဘနဲ့ အမေကို ခွင့်တောင်းတော့ ခွင့်ပြုတယ်။ ဒီတစ်ခါက အဘနဲ့ အမေတင် ခွင့်တောင်းရတာ မဟုတ်ဘူးလေ ဗျာ။ ဘုရားပွဲ ကျင်းပတဲ့ ကော်မတီကိုပါ အကျိုးအကြောင်းပြော ပြီး ခွင့်တောင်းရတာဗျ။ ကျုပ်တာဝန်ယူထားတဲ့ကိစ္စတွေကို တခြား တစ်ယောက်နဲ့ အစားထိုးရတော့မှာပေါ့ဗျာ။

ဘန့်ဘွေးကုန်းရော၊ ထနောင်းကုန်းရောက လူကြီးတွေ တော်တော်များများက ဘိုးလူပေကို သိထားကြတာလေဗျာ။ ဒီတော့လည်း ခွင့်ပြုကြတာပေါ့။ ကျုပ် လူဖြစ်ကတည်းက ဒီ တစ်ခါပဲ ရွှေတောင်ဦးဘုရားပွဲနဲ့ လွဲဖူးတာဗျ။ ဒါပေမဲ့ ကျုပ်တွေး ကြည့်တယ်လေ၊ ရွှေတောင်ဦးဘုရားပွဲက နောင်လည်း နှစ်တိုင်း ရှိမှာပဲလေဗျာ။ ဘိုးလူပေလို ပုဂ္ဂိုလ်ကြီး ပညာစခန်းတက်ဖို့က ဒီတစ်ခါပဲ အချိန်ကိုက်လုပ်ရမှာ။

ဘိုးလူပေလို လူသူတော်ကောင်း အထက်လမ်းပညာရှင် ကြီးတစ်ယောက် ရှိနေရင် ဟောဒီလောကကြီးမှာ စုန်းတွေ၊ ကဝေတွေ၊ အောက်လမ်းပညာသည်တွေ တော်တော်များများကို နှိမ်နင်းပစ်လို့ရတယ်လေဗျာ။ ဘိုးလူပေကို ကျုပ် မဖြစ်မနေ



www.burmeseclassic.com

www.burmeseclassic.com



ကူညီရမှာဗျ။

မှတ်မှတ်ရရပါပဲဗျာ။

ကျုပ်နဲ့ ဘိုးလူပေ ရွာကထွက်တော့ တပေါင်းလဆန်း တစ်ရက်ဗျ။ ဆုတ်တစ်ရက်၊ ဆန်းတစ်ရက် ခရီးမထွက်ရဘူးလို့ ကျုပ်တို့ရွာက လူကြီးတွေ ပြောလေ့ရှိတဲ့အကြောင်း ကျုပ်က ဘိုးလူပေကို ပြောပြတော့ ဘိုးလူပေက ရယ်ပြီး ပြောတယ်ဗျ။

"ဒါတွေက ရွာဓလေ့၊ ရပ်ဓလေ့ အယူအဆတွေပါ မောင်တာတေရယ်၊ လူတွေကိုကယ်ဖို့ လုပ်ရတဲ့ကိစ္စမှာ ပြဿဒါး တို့၊ ဝါရမိတ္တုတို့၊ ရက်ယုတ်မာတို့၊ ရက်ကြမ်းတို့ဆိုတာ မရှိပါဘူး ကွယ်။ နေ့တိုင်း နေ့တိုင်းဟာ မင်္ဂလာရှိတဲ့ ရက်ရာဇာတွေချည်း ပါပဲ"

ဘိုးလူပေရဲ့ စကားကို ကျုပ်က ခေါင်းညိတ်ပြလိုက် တယ်။

ရန်ကုန်ရောက်တော့ ကျုပ်နဲ့ ဘိုးလူပေ ဘိတ်စက်လှေကြီး တစ်စီးနဲ့ လိုက်ခဲ့ကြတယ်။ ကျုပ်တို့စီးတဲ့ စက်လှေရဲ့နာမည်က 'ငွေပင်လယ်'တဲ့ဗျ။ ပင်လယ်ထဲမှာ တစ်ညအိပ်ပြီးတော့မှ ဘိုးလူ ပေက ကျုပ်ကို မေးတယ်။

"မောင်တာတေ လှိုင်းတွေ ဘာတွေ မမူးဘူးလား"

"ဟာ မမူးဘူး ဆရာကြီးရဲ့၊ ကျုပ်က ကျုပ်တို့ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုဆိတ်ဖွားနဲ့ ပင်လယ်ခရီး သွားဖူးပါတယ်”

“ဟော၊ ဟုတ်လား၊ ဟန်ကျလိုက်တာကွယ်၊ ကျုပ်က မောင်တာတေကို ခေါ်သာလာခဲ့ရတာ မောင်တာတေက အညာသားလေးဆိုတော့ ပင်လယ်ခရီးမှာ လှိုင်းတွေ ဘာတွေများ မူးနေမလားလို့ စိုးရိမ်နေတာ၊ နို့ မောင်တာတေ ရေတွေဘာတွေရော ကူးတတ်ရဲ့လားကွဲ့”

“ကူးတတ်တယ် ဆရာကြီး၊ ကျုပ် ရေလည်း ကောင်းကောင်းငုပ်နိုင်တယ်”

“ဟော၊ မောင်တာတေက အညာသားသာဆိုတယ် အာဂလူပေပဲကွဲ့”

“ကျုပ် ဆရာစိုင်းနွံဖတို့ ဆရာကြီး ဒေါက်တာမင်းအောင်တို့နဲ့ ‘ကန်တော်ကာဝေမ’ လိုက်တုန်းက ရေအောက်မှာ မိကျောင်းနဲ့ သတ်ခဲ့ရဖူးတယ် ဆရာကြီးရဲ့”

“ဩော်၊ မောင်တာတေ မင်းဟာ ကျုပ်ထင်ထားတာထက်ကို အရာရောက်နေတဲ့ လူပါလား၊ မင်းဆရာနွံဖလက်ပေါ်မှာ ကျုပ်ကြီးခဲ့ရတာကွဲ့၊ ကျုပ်ကို အစ်ကိုကြီးတစ်ယောက်လို ထိန်းကျောင်းခဲ့တာ၊ ကျုပ် ဆရာနွံဖကို မကြာမကြာ သတိရပါတယ် မောင်တာတေရယ်”

ကျုပ်တို့ ဘိတ်ကိုရောက်တော့ ဆရာကြီး ဘိုးလူပေအာ



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းတစ်ကျောင်းကို သွားတယ်။ ကျောင်းထိုင်ဆရာတော်ကြီးကို ဝတ်ဖြည့်လိုက်ကြတော့ ဆရာတော်ကြီးက ဘယ်သူတွေတုံးလို့ မေးတယ်။ ကျုပ်စိတ်ထင်တော့ ဆရာတော်ကြီးက သက်တော် ခြောက်ဆယ်လောက်ပဲ ရှိမယ်ထင်တယ်။ ဒါပေမဲ့ ဘိတ်သံဝဲဝဲနဲ့ ဘိုးလူပေကို ပြောဆိုနေတဲ့ပုံက သက်တော်ကိုးဆယ်လောက်ရှိနေတဲ့ ပုံစံမျိုးဗျ။

"တပည့်တော် မောင်လူပေပါဘုရား"

ဆရာတော်ကြီးက သူ့ရဲ့မျက်လုံးတွေပေါ်မှာ လက်ကာပြီး အားပြုကြည့်နေရတာဗျ။

"ဟော၊ မောင်လူပေ ဟုတ်လား၊ ဒကာမွှားကြီးရဲ့ သားလား"

"ဟော၊ ကြည့်စမ်း၊ မင်းအဘ ဆရာမွှားကြီးရော ရှိသေးလားဟဲ့ မောင်လူပေရဲ့၊ ကြည့်စမ်း မင်းတောင် ဒီအရွယ်ရောက်နေပါရောလား"

"အဘက ရှိတော့ရှိပါတယ်ဘုရား၊ ဒီမှာ မဟုတ်ဘူးဘုရား"

"သြော်၊ သိပြီ၊ သိပြီ၊ မောင်လူပေ၊ နို့ ဘိတ်ကို ဘာကိစ္စလာတုံးကွဲ့"

"တပည့်တော်ရဲ့ဖခင် ဆရာမွှားကြီးတုန်းကလိုပါပဲ



www.burmeseclassic.com

www.burmeseclassic.com


ဘုရား၊ ဆလုံကျွန်းကြီးကိုသွားပြီး ပညာစခန်းတက်ဖို့ပါဘုရား"

"သြော်..သြော် ဒကာပွားကြီးသားကလည်း တယ်မခေပါလားကွ၊ အေး၊ အေး၊ ဒီကိစ္စဆိုရင်တော့ ဘဘုန်း စီစဉ်ပေးရမှာပေါ့ကွယ်၊ ကဲ ကဲ နားလိုက်ကြဦး"

ဆရာတော်ကြီးက သူ့ဘေးမှာ ချထားတဲ့ ကြေးခေါင်းလောင်းလေးကိုယူပြီး ခေါက်လိုက်တယ်။

"ကလင်၊ ကလင်၊ ကလင်၊ ကလင်"

ခေါင်းလောင်းသံ ဆုံးတာနဲ့ ဦးပဉ္စင်းတစ်ပါး ရောက်လာတယ်။

"ဟဲ့ ရေဝတ၊ ဒီဧည့်သည်တွေကို ဟိုဘက်က ထားဝယ်ကျောင်းဆောင်မှာ တည်းဖို့ခိုဖို့ လုပ်ပေးလိုက်ကွဲ့၊ အစားအသောက်တွေလည်း ဂရုတစိုက် ကျွေးပါကွဲ့၊ ပြီးရင် ကပ္ပိယကြီးကို ဘဘုန်းဆီ လွှတ်လိုက်စမ်း မောင်ပဉ္စင်း"

"မှန်ပါ့ဘုရား၊ ကပ္ပိယကြီးကို လွှတ်လိုက်ပါ့မယ်ဘုရား"

ဦးပဉ္စင်း ဦးရေဝတနောက်ကို ဘိုးလူပေနဲ့ ကျုပ် လိုက်လာခဲ့တယ်။ ဦးပဉ္စင်း ဦးရေဝတက ကျုပ်တို့အိပ်ဖို့ အိပ်ရာတွေပြင်ဆင်ပေးတယ်။ ပြီးတော့ ကျောင်းကြီးရဲ့ အောက်ထပ်မှာ ထမင်းကျွေးတယ်။ ထားဝယ်ကျောင်းဆောင်ကြီးက ဆွမ်းစားဆောင်ကြီးဗျ။


www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ နေ့လည်ဘက် တစ်ရေးတမော အိပ်လိုက်တယ်။ ညနေစောင်းတော့ ဆရာတော် ခေါ်ခိုင်းလို့ ကျုပ်နဲ့ ဘိုးလူပေနဲ့ ဆရာတော်ကြီး သီတင်းသုံးတဲ့ မှန်ကျောင်းလေးကို လာခဲ့ကြတယ်။

"မောင်လူပေ ဒီနေ့က ဆယ့်သုံးရက်ဆိုတော့ မနက်ဖြန်ခါ ဆလုံကျွန်းကို အရောက်သွားရမှာ မဟုတ်လား၊ ဒါမှ လပြည့်နေ့မှာ ပညာစခန်း တက်ရမှာပေါ့"

"မှန်ပါ့ဘုရား၊ လပြည့်နေ့မှာ ပညာစခန်း တက်ရမှာပါဘုရား"

"အေး အေး၊ ဟောဒီက ကပ္ပိယကြီးက အားလုံးစီစဉ်နေပြီ"

ကျုပ်ရော ဘိုးလူပေရော ကျုပ်တို့နဲ့ မလှမ်းမကမ်းမှာ ထိုင်နေတဲ့ ကပ္ပိယကြီးကို လှည့်ကြည့်လိုက်တယ်။

သျှောင်ထုံးကြီး တစောင်းထုံးထားတဲ့ အသားညိုညိုနဲ့ ကပ္ပိယကြီးက ဖျင်ကြမ်းအင်္ကျီကြီး ဝတ်လို့ဗျ။

ကျုပ်တို့ကို ပြုံးပြီး ခေါင်းညိတ်ပြတယ်။

"ကဲ ကပ္ပိယကြီး၊ မောင်လူပေတို့ကို ပြောပြလိုက်ပါဦး"

"ကျုပ် အားလုံး စီစဉ်ထားပါပြီ ဘိုးလူပေ၊ ပထမပွဲအတွက် ငှက်ပျောဆယ်ဖီး၊ ကျွန်းပိုင်ရှင်မအတွက် ငှက်ပျောသုံးဖီး၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အုန်းသီးနှစ်လုံး၊ ကွမ်း၊ ထုံး၊ ကွမ်းသီး၊ ဆေးရွက်ကြီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ရှန့်ပန်းစအဖြူ၊ အနီ၊ မီးခတ်ပါမကျန် သောက်စရာရေ၊ စားစရာရိက္ခာ အားလုံး စီစဉ်ထားပါတယ်။ မနက်ဖြန် ခုနစ်နာရီတိတိမှာ ရေဆိပ်ကို ဆင်းရပါမယ်။ အဲဒီမှာ ဆလုံလှေတစ်စီး အဆင်သင့်စောင့်နေမယ်၊ ဆလုံကျွန်းကြီး အရောက် သူတို့ ပို့ပေးပြီး တောင်ပေါ်အထိ ဆလုံနှစ်ယောက်က လိုက်ပို့ပေးကြလိမ့်မယ်။ ပြီးရင် သူတို့လှေက နေပြန်စောင့်နေလိမ့် မယ်။ ဘိုးလူပေတို့ ပြန်ရောက်လာတော့မှ လှေနဲ့ ဘိတ်ကို ပြန်ခေါ်လာကြလိမ့်မယ်''

''ကျေးဇူးအထူးတင်ပါတယ် ကပ္ပိယကြီးရယ်''

ဘိုးလူပေက ကပ္ပိယကြီးကို ရိုရိုသေသေ ပြောလိုက်တာ ဗျ။ ကပ္ပိယကြီးကတော့ ဘာမှ ပြန်မပြောဘဲ ပြုံးပြီးခေါင်းညိတ် ပြတယ်။

ဆရာတော်ကြီးကတော့ ဘိုးလူပေကို မိန့်တယ်။

''မောင်လူပေ ပညာစခန်း အတက်လမ်းဆိုတာ အင်မတန် မှ အဖျက်ကြမ်းတတ်တယ်ကွဲ့၊ အစစအရာရာ သတိမလစ်စေနဲ့၊ မနက်ဖြန် အရုဏ်တက်မှာ ကျုပ်ဆီကနေ သီလယူသွားကြ၊ နေမထိတောင်ပေါ်မှာ သီလလုံအောင်ထိန်းပြီးနေ၊ လုပ်စရာရှိတာ ကို တစ်ဆင့်ချင်း အဆင့်မကျော်အောင် လုပ်ပေတော့ မောင်လူပေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီရုပ်၊ ဒီခန္ဓာ၊ ဒီအသက်နဲ့ပဲ ဘဘုန်းဆီကို ပြန်ရောက်လာပါစေဗျာ"

"မှန်လှပါဘုရား"

ဆရာတော်ကြီးရဲ့ ဆုတောင်းစကားကိုကြားတော့ ကျုပ်တော်တော် လန်းသွားတာဗျ။ ကျုပ်နဲ့ ဘိုးလူပေ ထားဝယ်ကျောင်းဆောင်ကို ပြန်ရောက်တော့ ကျုပ်က ဘိုးလူပေကို ဆရာတော်ကြီးအကြောင်း မေးတယ်။

"မောင်တာတေ၊ ဆရာတော်ကြီးရဲ့ သက်တော် ဘယ်လောက်ရှိပြီလို့ ထင်သလဲ"

"သက်တော် ခြောက်ဆယ်လောက်လို့ ထင်တယ် ဆရာကြီးရဲ့"

ဘိုးလူပေက ပြုံးလိုက်ပြီးမှ ပြောတယ်။

"သက်တော် ရာကျော်နေပြီ မောင်တာတေရဲ့၊ ကျုပ်စိတ်ထင်တော့ တစ်ရာ့ငါးဆယ်လောက် ရှိပြီထင်တယ်"

"ဗျာ၊ ဟုတ်လား ဆရာကြီး၊ ပြီးတော့ ဆရာကြီးလုပ်မယ့်ကိစ္စတွေကို ဆရာတော်ကြီးက အားလုံးသိနေတာဗျ၊ ဆရာကြီးဘာမှမစီစဉ်ရဘဲ ဆရာတော်ကြီးက အဆင်သင့် စီစဉ်ပေးထားတယ်"

"ဟုတ်တယ် မောင်တာတေ၊ ဆလုံကျွန်းလို့ခေါ်တဲ့ မဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမှာ ပညာစခန်းတက်ဖို့အတွက် ဝင်ပေါက်က ဒီက စရတာ ကွဲ့၊ ဆရာတော်ကြီးက လက်ခံပြီး စီစဉ်လွှတ်လိုက်မှ နေမထိ တောင်ပေါ်ကို တက်လို့ရတာ၊ ဒီဒေသက ဆလုံတွေဟာ နေမထိ တောင်ပေါ်ကို ဘယ်သူမှ မတက်ဝံ့ကြဘူး။ ဆရာတော်ကြီး သွားခိုင်းမှ သွားကြတာ၊ အခုလည်း ကျုပ်တို့ကို လိုက်ပို့မယ့် ဆလုံတွေက ဆရာတော်ကြီးရဲ့ အမိန့်နဲ့မို့လို့ လိုက်ပို့ကြမှာ"

"နေပါဦး ဆရာကြီးရဲ့၊ စောစောက ဆရာကြီး ပြော လိုက်တာ မဖဲဝါကျွန်း ဆိုသလားလို့"

"အေး၊ ဟုတ်တယ်လေ မောင်တာတေ၊ ဆလုံကျွန်းကြီး က မဖဲဝါကျွန်းလေ၊ ကျွန်းပိုင်ရှင်မက မဖဲဝါကွဲ့"

"ဟာ…ဟုတ်လား၊ ဆရာကြီး"

"ဟုတ်တယ်ကွဲ့၊ ကျုပ်တို့တွေ ဒီပညာစခန်းတက်ဖို့ အတွက် မဖဲဝါရဲ့ အကူအညီကို အများကြီး ယူကြရတယ်။ မဖဲဝါကိုလည်း ပွဲတစ်ပွဲသက်သက် ပေးရတာကွဲ့"

"ဩော်…လက်စသတ်တော့ ဒီကျွန်းကြီးက မဖဲဝါ နေတဲ့ ကျွန်းကြီးကိုး"

"ဟုတ်တယ် မောင်တာတေ၊ နေမထိတောင်ပေါ်မှာ မဖဲဝါနေတဲ့ ဂူကြီးရှိတယ်၊ ဒါပေမဲ့ ဆရာတွေက အဲဒီဂူကို လုံးဝမသွားရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ဒါဆိုရင် သင်္ချိုင်းတွေကို စောင့်ရှောက်တဲ့ မဖဲဝါက တခြားမဖဲဝါတစ်ယောက်လား ဆရာကြီး"

"ဟာ မဟုတ်ဘူးကွဲ့၊ သူပဲ မောင်တာတေရဲ့၊ မဖဲဝါက ရုပ်ခွဲ နာမ်ခွဲတွေ အများကြီး ခွဲနိုင်တယ်ကွဲ့၊ မဖဲဝါရဲ့ ကမ္ဘဖိဒ္ဓက နည်းနည်းနောနော မဟုတ်ဘူး မောင်တာတေ"

"ဩော်…ဒီလိုကိုး"

နောက်နေ့မနက် အရုဏ်တက်မှာ ဘိုးလူပေရော ကျုပ်ရော ဆရာတော်ကြီးဆီမှာ ကိုးပါးသီလခံယူကြရတယ်။ ဘိုးလူပေနဲ့ ကျုပ် ဆရာတော်ကြီးကျောင်းမှာ အရုဏ်ထမင်းစားပြီး လှေဆိပ်ကို ဆင်းခဲ့ကြတယ်။ ဆရာတော်ရဲ့ ကပ္ပိယကြီး လိုက်ပို့တာဗျ။

ရေဆိပ်မှာ ကျုပ်တို့ကို အဆင်သင့်စောင့်နေတဲ့ ဆလုံလှေသမား လေးယောက်က ကျုပ်တို့ကို မြင်တာနဲ့ လှေထွက်ဖို့ ပြင်တော့တာဗျို့။

ညနေစောင်းတော့မှ မဖဲဝါနေတဲ့ ဆလုံကျွန်းကြီးကို ရောက်တာဗျ။ ဩော်…ဒီကျွန်းမှာ မဖဲဝါ နေသတဲ့၊ ကျုပ်ဖြင့် အံ့ဩသွားတာပါပဲဗျာ။ ဘိုးလူပေကိုယ်တိုင် ပြောမှတော့ ဘယ်မှာ မဟုတ်ဘဲရှိမှာတုံး။ မဖဲဝါက ရုပ်ခွဲ၊ နာမ်ခွဲတွေ အများကြီး ခွဲထုတ်နိုင်တယ်ဆိုပဲဗျ။

လေကွယ်တဲ့ဘက်မှာ ဆလုံကြီးတွေက လှေကို ကပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ လှေကမ်းတာနဲ့ ဆလုံနှစ်ယောက်က ကျွန်းပေါ်ကို တက်သွားပြီး ထင်းတုံးတွေ ထင်းချောင်းတွေ ထမ်းချလာတယ်။

"မောင်တာတေ မြင်လား၊ ဟိုတောင်ထွတ်ကြီးက နေမထိတောင်ပေါ့ကွဲ့၊ မြင်လား ဒီကျွန်းပေါ်မှာ နေပူနေတုန်း ရှိသေးတယ်၊ အဲဒီတောင်ကြီးပေါ်ကို ကြည့်လိုက်၊ နေရောင်ထိုးနေတာ မြင်လား"

ဟာ၊ ဟုတ်ပါရဲ့ဗျာ၊ တောင်ကြီးတစ်တောင်လုံးက နေရိပ်နေတာဗျ။ ကျွန်းကြီးတစ်ကျွန်းလုံး နေပူနေပေမယ့် နေမထိတောင်ကြီးက နေရိပ်နေတာဗျ။ နေရောင်ကို တစ်ခုခုနဲ့ ကွယ်ထားသလိုပဲ။ တော်တော်ကို ထူးဆန်းတာဗျ။

"တစ်နှစ်လုံး နေမထိတော့ နေရောင်ကြောက်တဲ့ နာနာဘာဝတွေ၊ နတ်မိစ္ဆာတွေ၊ သွေးစုတ်ကောင်တွေ အဲဒီတောင်မှာ စုပြုံနေကြတာကွဲ့"

"ဟာ ဟုတ်လား ဆရာကြီး၊ ကျုပ်တို့ သွားလို့ အန္တရာယ်ကင်းပါ့မလား"

"မပူပါနဲ့ မောင်တာတေ၊ အဲဒီမကောင်းဆိုးဝါးတွေ အားလုံး မဖဲဝါကို မော့မကြည့်ရဲကြပါဘူးကွာ၊ ဒါပေမဲ့ သူတို့ကို နှိမ်နင်းနိုင်တဲ့ ကျုပ်ကိုတော့ ပညာစခန်း မတက်နိုင်အောင် ဖျက်ဆီးကြမှာပေါ့ကွာ၊ ဒါပေမဲ့ မကြောက်ပါနဲ့ မောင်တာတေ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆေးဝါးအစုံအလင် ပါပါတယ်”

ညမှောင်စပျိုးတာနဲ့ ဆလုံတွေက မီးဖိုကြီး ဖိုတော့တာဗျို့။ ပြီးတာနဲ့ သူတို့လှေပေါ် ပြန်တက်သွားကြတယ်။ ကျုပ်နဲ့ ဘိုးလူပေလည်း ပါလာတဲ့ အစားအသောက်တွေ ထုတ်ပြီး စားကြတော့တာဗျို့။

ကျုပ်က အညာက ပါလာတဲ့ နဂါးဆေးပေါ့လိပ်ထုပ်ထဲက တစ်လိပ်ကို မီးညှိပြီး ဖွာလိုက်တယ်။ ဘိုးလူပေကတော့ သူ့လွယ်အိတ်ထဲက ဆေးတံကိုထုတ်ပြီး ဗာဂျီးနီးယားဆေးဘူးကို ထုတ်တယ်။ ဆေးတံမှာ ဆေးတစ်ဆုံသိပ်ပြီး ဖွာနေတယ်။

မနက်ဖြန်လပြည့်ဆိုတော့ လက တော်တော်သာနေပြီဗျ။ ပင်လယ်ကြီးပေါ်ကို လရောင်လင်းနေတာကိုက တော်တော်ကိုလှတဲ့ မြင်ကွင်းပါဗျာ။ တာတေလို အညာသားတစ်ယောက်အတွက်ကတော့ လမင်းကြီး ထိန်ထိန်သာနေတဲ့ ပင်လယ်ညတစ်ညကို လွှတ်သဘောကျနေတာပေါ့ဗျာ။

“ကဲ မောင်တာတေရေ၊ ကျုပ် စည်းချလိုက်ဦးမယ်”

ဘိုးလူပေက မန္တန်ရွတ်ပြီး စည်းချတယ်။ စည်းချပြီးတော့မှ ပြောတယ်ဗျ။

“မောင်တာတေ ဘာမှမကြောက်နဲ့၊ နှစ်နှစ်ခြိုက်ခြိုက်သာ အိပ်ကွဲ့”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကြီးပေါ်မှာ သဘာဝအတိုင်း ပေါက်နေတဲ့ အုန်းပင်တွေ၊ ခြုံနွယ်တွေ လူတစ်ဖက်လောက် လူနှစ်ဖက်လောက်ရှိတဲ့ သစ်ပင်ကြီးတွေ၊ မိုးရာသီမှာ လေမုန်တိုင်းကျလို့ လဲကျနေတဲ့ သစ်ပင်ကြီးတွေကို လရောင်အောက်မှာ မြင်နေရတာပေါ့ဗျာ။

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း"

ကျောက်ဆောင်တွေကို ပြေးပြီးရိုက်တဲ့ လှိုင်းရိုက်သံကြီးတွေက တဝုန်းဝုန်းနဲ့ပေါ့ဗျာ။

ဘိုးလူပေနဲ့ ကျုပ်နဲ့ စခန်းချတဲ့နေရာက တောစပ်မှာလေဗျာ။ ဒီ လွတ်တဲ့နေရာမှာ စခန်းချရတာပေါ့ဗျ။ ခဏနေတော့ ဒီတက်ပြီဗျို့။

"ဂူး…ဝုန်း"

"ဂူး…ဝုန်း"

ပင်လယ်အော်သံကြီးကိုပါ ကြားလာရတာဗျ။

'ဂူး' ဆိုတာက ပင်လယ်အော်သံကြီးလေဗျာ။ 'ဝုန်း' ဆိုတာက ကမ်းခြေကို လှိုင်းရိုက်တဲ့ အသံဗျ။

ပင်လယ်အော်သံကြီးကို နားထောင်ရင်း ကျုပ် မျက်စိတွေ လေးလာရောဗျာ။ ကျုပ် အိပ်ပျော်သွားလိုက်တာ တစ်ရေးမှ ကို မနိုးဘူးဗျ။

"မောင်တာတေ၊ မောင်တာတေ၊ ထတော့ကွဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးလူပေ နှီးမှပဲ ကျုပ် နိုးတော့တာဗျို့။ ညက ကျုပ် မအိပ်ခင် လရောင်လင်းနေတဲ့ ပင်လယ်ကြီးမှာ အခုတော့ နေရောင်တွေ လင်းနေပြီဗျ။

ကျုပ်လည်း ပါလာတဲ့ ရေလေးနဲ့ ပလုတ်ကျင်းပြီး မျက်နှာသစ်လိုက်တယ်။ ပြီးတော့ ဘိုးလူပေ အသင့်ပြင်ပေးထားတဲ့ မနက်စာကို စားလိုက်တယ်။ ပြီးတာနဲ့ နဂါးဆေးပေါ့လိပ်ကလေး နှစ်ဖွာ သုံးဖွာ ဖွာလိုက်ပြီး နေမထိတောင်ကိုတက်ဖို့ ပြင်ရတော့တာပေါ့ဗျာ။ ငှက်ပျောသီး အုန်းသီးတွေ မျှထည့်ထားတဲ့ ပတ္တူအိတ်ကြီးနှစ်လုံးကို ဆလုံကြီးနှစ်ယောက်က စလွယ်သိုင်းလွယ်လိုက်ကြတယ်။ ဘိုးလူပေနဲ့ ကျုပ်နဲ့ကတော့ ဆေးလွယ်အိတ်တစ်ယောက်တစ်လုံး လွယ်လို့ပေါ့ဗျာ။ ဆလုံကြီးနှစ်ယောက်က ရှေ့ကသွား၊ ကျုပ်တို့က နောက်ကလိုက်ပေါ့ဗျာ။

အရိပ်မဲမဲကြီး ထိုးနေသလို ဖြစ်နေတဲ့ နေမထိတောင်ကြီးဆီကို ကျုပ်တို့တွေ တရွေ့ရွေ့ လှမ်းလို့ပေါ့ဗျာ။

ရောက်ပြီဗျ၊ တောင်ကြီးရဲ့ အခြေကိုတော့ ရောက်လာပြီ။ အို…မတ်လိုက်တဲ့ တောင်ကြီးဗျာ။ အပေါ်ကိုတက်ဖို့ လမ်းလိုက်ရှာကြည့်တယ်။ တွေ့ကို မတွေ့တာဗျ။

ဆလုံကြီးနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြောကြတယ်။ သူတို့ပြောတဲ့ စကားတွေကို ကျုပ်တော့



www.burmeseclassic.com

www.burmeseclassic.com


နားကိုမလည်တာဗျ။ ကျုပ် မှန်းကြည့်တာက ဆလုံကြီးနှစ်ယောက် တစ်ခုခုကို ရှာနေပုံပဲ။

"သူတို့နှစ်ယောက် နွယ်ရှင်ကြီးတွေ ဆင်းတဲ့နေရာကို ရှာနေကြတာ မောင်တာ့တာရဲ့"

ဘိုးလူပေက ကျုပ်ကို ပြောပြတယ်။ ခဏနေတော့ ဆလုံကြီးနှစ်ယောက်က ရှေ့ဆက်သွားကြပြန်ရောဗျ။ ကျွန်းပေါ်က တောကလည်း ထူပါ့ဗျာ။ ဒီကျွန်းကြီးကို လူတွေ သိပ်မလာကြတော့ သစ်ကောင်းဝါးကောင်းတွေမှ ပေါချက်ဗျာ။ ပျဉ်းကတိုးပင်ကြီးတွေမှ ဖြောင့်စင်းနေတာဗျာ။ သစ်ခွဲလိုက်လို့ကတော့ လွတ်ကောင်းပေါ့ဗျာ။

ဆလုံကြီးတွေက သူတို့ထုံးစံအတိုင်းပေါ့ဗျာ။ အပေါ်ပိုင်းဗလာကျင်းပြီး အောက်ပိုင်းအဆင်မပေါ်တော့တဲ့ ပုဆိုးမည်းမည်းတွေကို ဒူးခေါင်းလောက် ဝတ်လို့ဗျ။

"ဂူး"

ရှေ့ခပ်လှမ်းလှမ်းက သွားနေတဲ့ ဆလုံကြီးက 'ဂူး'လို့ အော်ပြီး အချက်ပေးလိုက်တယ်။

"တွေ့ပြီ၊ တွေ့ပြီ၊ နွယ်ရှင်ကြီးတွေဆင်းတဲ့နေရာကို တွေ့သွားပြီ၊ ဒါကြောင့် အချက်ပေးတာ"

ဘိုးလူပေက ကျုပ်ကို ပြောတယ်။ ကျုပ်တို့ ရောက်သွား


www.burmeseclassic.com

www.burmeseclassic.com



တော့ ဆလုံကြီးက အပေါ်ကို မော့ကြည့်နေတယ်။ ဟုတ်တယ်ဗျို့၊ တောင်ကမ်းပါးယံမှာ ရေမြောင်းလို ချိုင့်ကြီးတွေဗျ။

"မောင်တာတေ. အဲဒီချိုင့်ကြီးတွေက နွယ်ရှင်ကြီးတွေ ဆင်းတဲ့ လမ်းကြောင်းတွေလေ"

"ဟာ ဟုတ်လား ဆရာကြီး၊ ဒါဆိုရင် အဲဒီနွယ်ရှင်ကြီးတွေက အသက်ရှိလို့လား ဆရာကြီး"

"သဘာဝပါကွယ်၊ အသက်ရှိတာတော့ မဟုတ်ပါဘူး"

"ဝေါ၊ ဝေါ၊ ဝေါ"

ဟာ၊ ဘာသံကြီးတွေတုံးဗျ။ ကျုပ် လန့်တောင်သွားတယ်။ ဆလုံကြီးနှစ်ယောက်က ဘေးကို ဆုတ်ပြေးကြတယ်။ ဘိုးလူပေရော ကျုပ်ရော သူတို့ ပြေးသလို ဝေးဝေးပြေးကြရတာပေါ့ဗျာ။

"ဘာဖြစ်တာတုံး ဆရာကြီး"

"တောင်ပေါ်က နွယ်ရှင်ကြီးတွေ ဆင်းလာတာကွဲ့ မောင်တာတေရဲ့၊ အသာကြည့်နေ၊ ကြည့်နေ၊ အဲဒီဆလုံတွေ လုပ်သလိုသာ လိုက်လုပ်ပေတော့"

"ဝေါ၊ ဝေါ၊ ဝေါ"

ဟာ ဆင်းလာပြီဗျို့။ နန်းမြွေကြီးတွေ ဆင်းလာသလားမှတ်ရတယ်။ မည်းမည်းရှည်ရှည်ကြီးတွေဗျာ။ ကျုပ်ဖြင့် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ မပြောပါနဲ့တော့။

"ဆရာကြီး မြွေကြီးတွေများလားဗျာ"

"ဟာ၊ မဟုတ်ပါဘူး မောင်တာတောရဲ့၊ ဒါ နွယ်ရှင်ကြီးတွေပါ၊ ကျုပ်အဘ ဆရာမွှားကြီး ပညာစခန်းတက်တုန်းက ကျုပ်စီးဖူးပါတယ်။ နွယ်ပေါ်ကို ဝမ်းလျားမှောက်စီးနော် မောင်တာတော၊ လက်ကို မြဲမြဲကိုင်ထား၊ ဘာမှမကြောက်နဲ့၊ စိတ်ကို ပေါ့ပေါ့ပါးပါးထားလိုက်"

"ဝေါ" "ဝေါ" "ဝေါ" "ဘုန်း" "ဘုန်း"

'ဝေါ ဝေါ' ဆိုတာက တောင်ပေါ်က နွယ်ရှင်ကြီးတွေ ဆင်းလာတဲ့ အသံဗျ။ 'ဘုန်း ဘုန်း' ဆိုတာက ယောကျ်ားကြီးတစ်ယောက်ရဲ့ ထွာဆိုင်နှစ်ဆိုင်စာလောက်ရှိတဲ့ နွယ်ရှင်ကြီးတွေ မြေကြီးပေါ်ကိုကျတဲ့ အသံဗျ။ မြေကြီးပေါ်ကို ကျပြီးတော့ ရှေ့ကို နှစ်လံ သုံးလံလောက် ပြေးသွားသေးတာဗျ။ ပြီးတော့မှ ရပ်သွားတာ။

ဟာ ပြေးပြီဗျို့။ ပြေးပြီ။ ဆလုံကြီးတွေ ပြေးပြီး နွယ်ရှင်ကြီးတွေကို ဖက်တက်နေကြတယ်။ ကျုပ် ရှေကြည့်တယ်။ အားလုံး ခြောက်ခုဗျ။ နွယ်ရှင်ပင်ကြီးတွေအားလုံး ခြောက်နွယ်ဗျ။ ဘိုးလူပေနဲ့ ကျုပ်လည်း ဆလုံကြီးတွေ လုပ်သလို လူထွာဆိုင်နှစ်ဆိုင်လောက်ရှိတဲ့ နွယ်ကြီးတစ်ပင်စီမှာ ဝမ်းလျားမှောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားလိုက်ကြတာပေါ့ဗျာ။

ခဏနေတော့ တုံ့ကနဲဖြစ်သွားပြီး နွယ်ရှင်ကြီးတွေ အပေါ်ကို ပြန်တက်သွားတယ်ဗျ။ သဘာဝတရားကြီးက အံ့ဩစရာပါဗျာ။ ကျုပ်တစ်သက်မှာတော့ ဒါဟာ ပထမဆုံးနွယ်ရှင်စီးဖူးတာပဲဗျ။ နေမထိတောင်ကြီးကလည်း မတ်လိုက်တာဗျာ။ ဒီအတိုင်းသာ တက်လို့ကတော့ အသက်အန္တရာယ်တောင် ရှိနိုင်တယ်ဗျ။

ရောက်ပြီဗျို့။ ရောက်ပြီ။ တောင်ပေါ်ကို ရောက်ပြီ။ တောင်ပေါ်ရောက်တာနဲ့ ဆလုံကြီးနှစ်ယောက်က သူတို့လွယ်လာတဲ့ ပတ္တူအိတ်ကြီးတွေထဲက အုန်းသီး၊ ငှက်ပျောသီးတွေ ထုတ်ပေးကြတယ်။ ပြီးတော့ နေရာတစ်နေရာကို လက်ညှိုးထိုးပြတယ်။

ဟာ ကျောက်ဖျာကြီးဗျို့။ တော်တော်ကို ကျယ်တာဗျ။ ဘိုးလူပေနဲ့ ကျုပ်နဲ့ ငှက်ပျောသီးနဲ့ အုန်းသီးတွေ ထည့်ထားတဲ့ အိတ်ကြီးကိုသယ်ပြီး ကျောက်ဖျာချပ်ကြီးပေါ်မှာ ပွဲတွေ ပြင်ကြတယ်။

အံ့ဩစရာပါပဲဗျာ။ ကျောက်ဖျာကြီးရဲ့ နှုတ်ခမ်းစပ်မှာ သဘာဝအတိုင်း ဖြစ်နေတဲ့ ကျောက်တုံးကြီးတွေဗျ။ ကျောက်တုံးကြီးတွေရဲ့ မျက်နှာပြင်က ချိုင့်ကြီးတွေ လူတွေ သေသေချာချာ ထွင်းထားတဲ့ ကျောက်ဆစ်လက်ရာလိုပါပဲဗျာ။ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com


ကြည့်တော့မှ သဘာဝအတိုင်း ဖြစ်နေတဲ့ ကျောက်ဇလုံကြီးတွေဗျ။

ကျောက်ဖျာကြီးက ကျုပ်စိတ်ထင် ပြောရရင် အလျားပေ ငါးဆယ်၊ အနံပေ ငါးဆယ်လောက်ကို ရှိမယ်ဗျ။ ကျောက်ဖျာပေါ်မှာ ခြုံနွယ်ပိတ်ပေါင်းမပြောနဲ့၊ မြက်တစ်ပင် အမှိုက်တစ်စတောင် မရှိဘူးဗျ။ တစ်ယောက်ယောက်ကများ ဒီကျောက်ဖျာကြီးပေါ်ကို တံမြက်စည်းလှည်းထားသလားလို့တောင် ထင်ရတယ်။

ဆလုံကြီးတွေက တောစပ်မှာ ထင်းခြောက်တွေ သွားကောက်ပြီး ကျောက်ဖျာပေါ်မှာ လာပြီးပုံကြတယ်။ တစ်ခေါက်လည်း မဟုတ်၊ နှစ်ခေါက်လည်း မဟုတ်ဘူးဗျ။ တဖြည်းဖြည်းနဲ့ ထင်းပုံကြီးက လူတစ်ရပ်လောက် မြင့်လာပြီ။ ဒီဆလုံကြီးနှစ်ယောက်ဟာ ဘာအတွက် ထင်းချောင်းတွေ ဒီလောက်ပုံနေမှန်း ကျုပ်တွေးလို့မရဘူးဗျ။ ဘိုးလူပေကလည်း သဘာဝကျောက်တုံးကြီးတွေထဲက ကျောက်ဇလုံကြီးတွေထဲမှာ ပွဲပြင်နေတယ်။ ဘိုးလူပေ ပွဲပြင်နေတာကလည်း အဆန်းသားဗျ။ ငှက်ပျောကဆယ်ဖီးဆင့်တယ်။ ပြီးတော့မှ အပေါ်မှာ အုန်းသီးတင်တယ်။

"မောင်တာတေ၊ ဒါ ပထမပွဲကွဲ့၊ ငှက်ပျောဆယ်ဖီးနဲ့ ပြင်ရတယ်"

ပထမပွဲနဲ့ ခပ်လှမ်းလှမ်းက ကျောက်ဇလုံတစ်ခုမှာတော့ ငှက်ပျောသုံးဖီးနဲ့ အုန်းတစ်လုံးပွဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကျွန်းပိုင်ရှင်မ မဖဲဝါအတွက်ပွဲကွဲ့၊ မောင်တာတေ ဟိုမှာ လှမ်းမြင်နေရတဲ့ တောင်ချွန်းကြီးကို ကြည့်လိုက်စမ်း၊ အဲဒီတောင်ချွန်းကြီးက အထဲမှာ ဂူကြီးကွဲ့၊ အဲဒီဂူကြီးထဲမှာ ကျွန်းပိုင်ရှင်မ မဖဲဝါ နေတယ်။ ဘိုးလူပေ ပြတဲ့နေရာကို ကျုပ် လှမ်းကြည့်လိုက်တယ်။ ဂူပေါက်တစ်ခုကို မသဲမကွဲ မြင်ရတယ်။ ဒီကျွန်းကြီးကို အရပ်အခေါ်ကတော့ ဆလုံကျွန်းပေါ့ဗျာ။ ပညာသည်တွေ၊ အထက်ပုဂ္ဂိုလ်တွေ သိတာကတော့ မဖဲဝါကျွန်းတဲ့ဗျ။ ဆလုံကြီးတွေ ထင်းလာပုံတဲ့အချိန်မှာ ဘိုးလူပေက လက်ကာပြလိုက်တယ်။

"ရပြီ၊ ရပြီ၊ ဒီလောက်ဆိုရင် လုံလောက်ပြီ၊ ကဲ မင်းတို့လှေကို ပြန်တော့ လှေကပဲ ကျုပ်တို့ကိုစောင့်"

ဆလုံကြီးနှစ်ယောက် ဘိုးလူပေကို ထိုင်ပြီးကန်တော့သွားကြတယ်။

"ကဲ မောင်တာတေ၊ ရောက်တုန်း ကြုံတုန်း ဗဟုသုတလိုချင်ရင်တော့ မျက်ကွင်းဆေး ကွင်းပေတော့၊ ပြီးတော့ ကျုပ်ပေးထားတဲ့ ဒိဗ္ဗသောတအင်းနဲ့ စီရင်ထားတဲ့ သောတရေစင်ကိုလည်း နားနှစ်ဖက်မှာ လိမ်းထားလိုက်ကွဲ့"

တာတေပဲဗျာ၊ ဒါမျိုးကို ဘယ်လက်လွှတ်မှာတုံးဗျာ။ ချက်ချင်း မျက်ကွင်းဆေးကွင်း၊ သောတရေစင်နားမှာ ဆွတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

ဟာ ကျုပ်မြင်ပြီဗျို့။ မြင်ပြီ။ ကြားလည်း ကြားရပြီ။ အောင်မယ်လေးဗျာ၊ အမြဲတမ်း မှောင်ရိပ်သမ်းနေတဲ့ နေမထိတောင်ကြီးမှာ နာနာဘာဝပေါင်း ထောင်နဲ့သောင်းနဲ့ချီပြီး ရှိနေတာပါလားဗျာ။ တောင်ပေါ်တွေမှာရော သစ်ပင်ကြီးတွေပေါ်မှာရော ပုံစံကလည်း မျိုးစုံဗျာ။ တချို့လည်း ခေါင်းပြတ်ကြီးတွေဗျ။ တချို့လည်း သွေးသံရဲရဲနဲ့ဗျ။ တချို့ကြတော့လည်း နည်းတဲ့အရွယ်အစားမဟုတ်ပါဘူးဗျာ။ လျှာနီနီကြီးတွေ တွဲလောင်းကျလို့ဗျို့။ အားလုံးက ဘိုးလူပေကို ဝိုင်းကြည့်နေကြတာ။ ကျုပ်ဖြင့် ကြက်သီးတွေတောင် တဖျန်းဖျန်း ထရောဗျ။

ဘိုးလူပေကတော့ အမွှေးတိုင်၊ ဖယောင်းတိုင်တွေပါ ထွန်းလိုက်တယ်။ ပထမ်ပုဂ္ဂိုလ်ကြီးတွေကို ပင့်ဖိတ်ပြီး ပထမ်ဆယ်ဖီးပွဲကို လှူတယ်။ ကျွန်းပိုင်ရှင်မ မဖဲဝါကိုလည်း ပင့်ဖိတ်ပြီး ပွဲပေးတယ်။ ပညာစခန်းတက်တဲ့နေရာမှာ အောင်အောင်မြင်မြင်ဖြစ်အောင် အနှောင့်အယှက်မရှိအောင် စောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံတယ်။ ပြီးတာနဲ့ ဘိုးလူပေက ကျောက်ဖျာကြီးပေါ်မှာ စည်းဝိုင်းချတယ်။

“ကဲ မောင်တာတေ၊ ကျုပ်တော့ အလုပ်စလုပ်တော့မယ်၊ ဒီကနေ့ ဗွီနီးတည့်ချိန်မှာ ဟောဒီတောင်ပေါ်မှာ ဆယ်မိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက် နေပူလိမ့်မယ်၊ အဲဒီအချိန်မှာ ကျုပ်ပညာစခန်းတစ်ခု တက်လိမ့်မယ်၊ ညရောက်လို့ ဒီတောင်ထိပ်ကို လရောင်လင်းပြီဆိုရင် နောက်ထပ်ပညာစခန်းတစ်ခု တက်ရမယ်။ ဒီအတောအတွင်း ဘယ်လိုအနှောင့်အယှက် အဖျက်အဆီးပဲလာလာ၊ မောင်တာတေ လုံးဝမကြောက်နဲ့၊ ကြောက်ပြီး ဒီစည်းဝိုင်းအပြင်ကို ထွက်ပြေးရင်တော့ စည်းပေါက်ပြီး ကျုပ်တို့ဆရာတပည့်နှစ်ယောက် မရှုမလှ ခံကြရလိမ့်မယ်ကွဲ့"

"ဟာ ဒီအတွက်တော့ စိတ်ချပါ ဆရာကြီး၊ ကျုပ်က ထွက်ပြေးတတ်တဲ့လူ မဟုတ်ပါဘူး"

"မောင်တာတေကို ကျုပ် ယုံကြည်စိတ်ချလို့ ခေါ်လာတာပေါ့ကွယ်၊ ကဲ ကျုပ် အလုပ်စပြီ"

ဘိုးလူပေက ပုတီးကြီးထုတ်ပြီး စိပ်တော့တာပေါ့ဗျာ။ ပြီးတော့ ဂါထာတွေ၊ မန္တန်တွေလည်း ရွတ်တယ်ဗျ။ နေမထိတောင်ပေါ်က နာနာဘာဝတွေ ဘာမှတော့ မလုပ်ဘူးဗျ။ ကြည့်ရုံပဲ ကြည့်နေကြတယ်။ ကျုပ်လည်း အရှေ့၊ အနောက်၊ တောင်၊ မြောက် လှည့်ပတ်ကြည့်နေရတာပေါ့ဗျာ။ နာနာဘာဝကောင်ကြီးတွေ ဘာမှမလုပ်ကြဘူးဗျ။ ဒီကောင်တွေ တစ်ကောင်နဲ့တစ်ကောင် ပြောဆိုနေတဲ့အသံတွေလည်း ကျုပ်ကြားနေရတယ်။ ဒါပေမဲ့ ပီပီသသ ကြားရတာတော့ မဟုတ်ဘူးဗျ။ ဘိုးလူပေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပုတီးမပြတ်စိပ်နေတယ်။ မနက် ဆယ့်တစ်နာရီထိုးတော့ ဘိုးလူပေ အလုပ်ခဏနားတယ်။

"ကဲ မောင်တာတေ၊ ကျုပ်ရော မင်းရော ဥပုသ်စောင့်ထားကြတာမို့လား၊ မွန်းမတည့်ခင် အစားအသောက် စားထားကြစို့ကွဲ့"

ဘိုးလူပေ အမိန့်ရှိတာနဲ့ ကျုပ်က ပါလာတဲ့ အစားအသောက်တွေ ထုတ်တယ်။ ကောက်ညှင်းပေါင်းနဲ့ ငပုတ်ခြောက်မီးဖုတ်ဗျ။ ကပ္ပိယကြီး ထည့်ပေးလိုက်တာ မနည်းပါဘူးဗျာ။

ဘိုးလူပေ စားပြီးတော့ ကျုပ် ဆက်စားတယ်။ စားသောက်ပြီးတာနဲ့ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေး ဖွာတယ်။ ဘိုးလူပေက ဆေးတံတစ်ဆုံသောက်တယ်။

"ကဲ မောင်တာတေ၊ အချိန်နီးပြီကွဲ့၊ ကျုပ် ပညာစခန်းတက်တော့မယ်၊ ဘာအဖျက်အဆီးပဲလာလာ မကြောက်နဲ့နော်"

"စိတ်ချပါ ဆရာကြီး"

ဘိုးလူပေ ထွန်းထားတဲ့ ဖယောင်းတိုင်တွေက လင်းတုန်းဗျ။ ဆရာတော်ကြီး ပေးလိုက်တဲ့ ဝါဆိုဖယောင်းတိုင်ကြီးတွေလေဗျာ။

ဘိုးလူပေ မန္တန်တွေ ရွတ်ပြီဗျို့။ ဒီတစ်ခါရွတ်တဲ့ မန္တန်တွေက စော်စောက ရွတ်တာမျိုး မဟုတ်ဘူးဗျ။ ရွတ်ဖတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒွန်ကရိုဏ်းချင်းလည်း မတူဘူး။ စောစောက ရွတ်သလို မဟုတ်ဘဲ မာန်အပြည့် အားအပြည့်နဲ့ ရွတ်နေတာဗျို့။ ဟာ နာနာဘာဝတွေ တရွေ့ရွေ့နဲ့ ဆင်းလာကြပြီဗျို့။ ဘိုးလူပေကတော့ မျက်စိမှိတ်ပြီး ရွတ်နေတာဗျ။

အို…သစ်ပင်တွေပေါ်ကရော၊ တောင်ကုန်းတွေပေါ်ကရော ဆင်းလာလိုက်ကြတာဗျာ။ မည်းမည်းကို လှုပ်နေတော့တာဗျို့။ နာနာဘာဝအကောင်ပေါင်း ဘယ်နှထောင်လောက်ရှိမှန်း ကျုပ်လည်း မသိနိုင်ဘူးပေါ့ဗျာ။ တချို့ကလည်း တင်းပုတ်ကြီးတွေနဲ့ဗျ။ နေ့ခင်းကြောင်တောင်ဆိုပေမယ့် ဟောဒီနေမထိတောင်မှာက အမှောင်ရိပ်ကြီးကျနေတာဗျ။

တဖြည်းဖြည်း နီးလာကြပြီ။ ပုံစံတွေကို ကျုပ်မြင်နေရပြီ။ ကြောက်စရာကြီးတွေပါဗျာ။ ကျုပ်တစ်ကိုယ်လုံး ကြက်သီးတွေ တဖျန်းဖျန်း ထကုန်ပြီဗျို့။ ဟော ကြည့်နေရင်းနဲ့ ကျောက်ဖျာကြီးအစပ်ကို ကပ်လာကြပြီ။ ဟော အားလုံးရပ်သွားကြပြီဗျို့။ ကျောက်ဖျာကြီးနဲ့ ဆယ်ပေလောက်အရောက်မှာ ရပ်သွားကြပြီ။

ဘိုးလူပေကလည်း မန္တန်ကို အသံကျယ်ကျယ်နဲ့ ရွတ်နေတာဗျို့။ ဘိုးလူပေရဲ့ မန္တန်ရွတ်သံက နေမထိတောင်ကြီးတစ်ခုလုံးမှာ ဟိန်းနေပြီဗျို့။

နာနာဘာဝကောင် ထောင်ပေါင်းများစွာက ပါးစပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ၊ လက်ကြီးတွေက ကုတ်တော့ဖွဲ့တော့မယ့်ပုံစံနဲ့ မျက်လုံး နီနီကြီးတွေပြူးပြီး ကျုပ်တို့ကို ကြည့်နေတာဗျ။

"ဟေး နေထိတော့မယ်"

ဟာ အသံကြီးတစ်ခုဗျ။ တောင်ချွန်းကြီးဘက်က ထွက် လာတာ။ ဘိုးလူပေပြောတဲ့ မဖဲဝါနေတဲ့ ဂူကြီးထဲက ဖြစ်မယ်ဗျ။

နာနာဘာဝတွေ ကောင်းကင်ကို တစ်ပြိုင်တည်း မော့ ကြည့်တယ်ဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အား၊ အား၊ အား"

ဟာ ပြေးကြပြီဗျို့၊ ပြေးကြပြီ။ တောနက်ကြီးထဲကို ဝင်ပြေးကြတာဗျ။ ကျုပ်လည်း ဒီတော့မှ စိတ်အေးသွားတော့တာ ပေါ့ဗျာ။

ဟာ လင်းပြီဗျို့၊ လင်းပြီ။ နေရောင်လင်းပြီဗျာ။ ထူးဆန်း လိုက်တာဗျာ။ အမှောင်ရိပ်ကြီးကျနေတဲ့ နေမထိတောင်ကြီးပေါ်မှာ နေရောင်ကြီးက ကျဲကျဲတောက်နေတော့တာဗျာ။

ဘိုးလူပေရဲ့ မန္တန်ရွတ်သံကလည်း ပိုပိုပြီးကျယ်လာသလို ပဲဗျ။ ကျုပ်ဘေးဘီကို လိုက်ကြည့်တယ်။ နာနာဘာဝကြီးတွေ တစ်ကောင်မှကို မမြင်ရတာဗျ။ ဒီကောင်တွေ တစ်နှစ်မှ တစ်ခါ လင်းတဲ့ ဒီနေရောင်ကို အထိမခံနိုင်လို့ ပြေးကြတာ ဖြစ်မယ်ဗျ။

ဟာ ဘိုးလူပေ၊ ဘိုးလူပေ၊ စက်ရောင်တွေ ထွက်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဗျို့။ မွန်းတည့်နေက ဘိုးလူပေအပေါ်ကို တည့်တည့်ကြီး ထိုးထား တာဗျ။ အဲဒီနေရောင်အောက်မှာကို ဘိုးလူပေရဲ့ကိုယ်က စက် ရောင်တွေ ဖြာထွက်လာတာဗျ။

ဟာ အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ လိမ္မော်။ အို..စက်တွေ ဆိုတာ တောက်နေတော့တာဗျ။ ဘိုးလူပေကတော့ တစ်ချက်မှကို မနားဘဲ မန္တန်တွေ ရွတ်နေတာဗျို့။ ဟော နေရောင်ကြီး ပျောက် သွားပြီ။ တစ်တောင်လုံး မှိုင်းကနဲ ပြန်ဖြစ်သွားတယ်။

"ဝူး၊ ဝူး၊ အီး၊ အီး၊ အား၊ အား"

ဟာ တောထဲမှာ ပုန်းနေတဲ့ နာနာဘာဝတွေ ပြန်ထွက် လာကြပြီဗျို့။ ဒါပေမဲ့ ကျုပ်တို့ဘက်ကို မလာကြတော့ဘူးဗျ။

ခဏနေတော့ ဘိုးလူပေလည်း မန္တန်ရွတ်တာ ရပ်လိုက် ပြီဗျ။

"ကဲ မောင်တာတေရေ၊ ကျုပ်တော့ နေမထိတောင်ရဲ့ မွန်းတည့်နေအောက်မှာ ပညာစခန်းရဲ့ ပထမအဆင့်အောင်သွားပြီ ကွဲ့၊ ဒီည လမွန်းတည့်ချိန်မှာ ဒုတိယအဆင့် တက်ရတော့မယ်။ ကဲ မောင်တာတေလည်း တစ်ရေးတမော အိပ်ချေကွဲ့"

ဘိုးလူပေရော ကျုပ်ရော ကျောက်ဖျာပေါ်မှာ လှဲပြီး အနားယူလိုက်ကြတယ်။ ညနေလောက်ရောက်တော့ ဘိုးလူပေက ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တာတေ၊ ဒီည ဟောဒီတောင်ကြီးပေါ်ကို လရောင်ကျပြီဆိုတာနဲ့ ဟောဟိုက ထင်းချောင်းတွေကို စီကြရမယ်ကွဲ့၊ ပြီးရင် အဲဒီထင်းပုံကြီးထဲမှာ ကျုပ်က ဝင်ပြီး မန္တန်ရွတ်မယ်၊ ပထမဆုံး မီးခိုးလုံးကြီးတွေ ထွက်လာတာတွေ့ရင် ဟောဒီအင်းအနီကို ပစ်ကွဲ့၊ ထင်းပုံကြီးက မီးတွေ ဟုန်းကနဲ ထတောက်လိမ့်မယ်။ ဒီအချိန်မှာ အဖျက်အဆီးတွေ လာလိမ့်မယ်။ မကြောက်နဲ့နော်၊ မောင်တာတေ ထွက်လည်းမပြေးနဲ့၊ စည်းပေါက်သွားတာနဲ့ ကျုပ်ကို မီးသင်္ဂြိုဟ်ပြီးသား ဖြစ်သွားလိမ့်မယ်"

"စိတ်ချပါ ဆရာကြီး"

"အေး၊ မီးတောက်တွေကြားက မီးတောက်နီနီကြီး ထိုးတက်လာတာတွေ့ရင် ဟောဒီအစိမ်းရောင်အင်းကို ပစ်ကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အဲဒီအနီရောင်မီးတောက်ကြီး ပျောက်သွားပြီး ခဏကြာရင် မီးတောက်မီးလျှံတွေကြားက စက်တွေ ရောင်စုံထွက်လာလိမ့်မယ်။ အဲဒီအချိန်မှာ ဟောဒီ 'နတ်စက်ရောင်အင်း'ကို ပစ်ပေတော့ကွဲ့"

"စိတ်ချပါ ဆရာကြီး"

ပြောသာပြောရတယ်ဗျ။ ဘိုးလူပေ ပြောတာကို နားထောင်ရင်း ကျုပ်ဖြင့် စိုးရိမ်လိုက်တာဗျာ။ ဒါပေမဲ့ အချိန်ရောက်



www.burmeseclassic.com

www.burmeseclassic.com


တော့လည်း ညရောက်လာတာပေါ့ဗျာ။ ဘိုးလူပေနဲ့ ကျုပ်နဲ့ လရောင်အောက်မှာ ထင်းချောင်းတွေကို ဂူပေါက်တစ်ခုလိုဖြစ်အောင် စီကြရတာဗျ။ ဘိုးလူပေ ဝင်ဖို့ အပေါက်တစ်ပေါက် ချန်ထားရတယ်။ ဒီအပေါက်ကို ဘိုးလူပေ ဝင်သွားပြီးမှ ကျုပ်က ထင်းချောင်းတွေစီပြီး ပိတ်ရမှာ။

ညဆယ့်တစ်နာရီမှာ ဘိုးလူပေက အဝတ်အစားလဲတယ်။ အပေါ်ဖြူ၊ အောက်အဖြူ၊ ခေါင်းပေါင်းပုဝါအဖြူ ပေါင်းတယ်။ ပြီးတာနဲ့ ဂူတစ်ခုလို စီထားတဲ့ ထင်းပုံထဲကို ပုတီးကြီး စလွယ်သိုင်းပြီး ဝင်သွားရောဗျို့။ ကျုပ်က ဘိုးလူပေ ဝင်သွားတဲ့ အပေါက်ကို ထင်းချောင်းတွေနဲ့ ပိတ်လိုက်တယ်။

ထင်းချောင်းဂူထဲက ဘိုးလူပေရဲ့ မန္တန်ရွတ်တဲ့အသံ စပြီး ထွက်လာပြီ။ လရောင်ကလည်း တောင်ထိပ်က ကျောက်ဖျာကြီးပေါ်မှာ ထိန်နေအောင် လင်းလို့ပေါ့ဗျာ။ ကျုပ်ကလည်း ကျုပ်ရဲ့ ဆေးလွယ်အိတ်ရော၊ ဘိုးလူပေရဲ့ ဆေးလွယ်အိတ်ရော တစ်ဖက်စီ စလွယ်သိုင်းလွယ်ထားတာဗျ။ လက်ထဲမှာလည်း ဘိုးလူပေ ပေးထားတဲ့ အင်းသုံးချပ်ကို အစဉ်အတိုင်းထပ်ပြီး ကိုင်ထားတယ်။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ အသံကြီးတွေဗျ။ ဘာသံကြီးတွေမှန်းတော့ မသိဘူး။ တော်တော်တော့ ကြောက်စရာကောင်းတာဗျ။ ဟော ဒေါ


www.burmeseclassic.com

www.burmeseclassic.com


ထဲက ထွက်လာပြီဗျို့။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

အောင်မယ်လေးဗျာ၊ နည်းတဲ့အကောင်ကြီးတွေမှ မဟုတ်တာ။ အရပ်ကြီးတွေ ထန်းဖူးလောက်မြင့်တယ်ဗျို့။ ကိုယ်လုံးကြီးတွေကလည်း ပုတ်လုံးကြီးလောက်ရှိတယ်။ တစ်ကိုယ်လုံး အမွေးမည်းမည်းကြီးတွေ ဖုံးလို့ဗျို့။ ပခုံးကြီးတွေပေါ်မှာ ရောမကျောက်တင်းပုတ်ကြီးတွေ ထမ်းထားတယ်။

အားလုံး လေးကောင်ဗျ။ ကျုပ်စိတ်ထင်တော့ ဘီလူးကြီးတွေလို့ ထင်တာပဲဗျာ။ ကျုပ်တို့ဘက်ကို တန်းတန်းမတ်မတ်ကို လာနေတာဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ၊ နီးလာပြီဗျို့။ နီးလာပြီ။ ဟာ၊ ကျောက်ဖျာကြီးအစပ်အထိ ရောက်လာကြပြီဗျို့။ ဟော ဘီလူးကြီးတစ်ကောင်က ငှက်ပျောဆယ်ဖီးနဲ့ ဘိုးလူပေကိုယ်တိုင် ထိုးထားတဲ့ ကန်တော့ပွဲကို စိုက်ကြည့်နေတယ်။ ပြီးတော့ သူ့လက်ထဲမှာ စုံကိုင်ထားတဲ့ ကျောက်တင်းပုတ်ကြီးကို အပေါ်မြှောက်ပြီး ပထမံပွဲကို ထုတော့မလို လုပ်နေတယ်ဗျ။ ဟာ၊ ပထမံပွဲက မီးခိုးလိုအငွေ့တွေ ထွက်လာပြီး ဘီလူးကြီးဘက်ကို လွင့်သွားတယ်။ ဟော ဘီလူး နောက်ဆုတ်သွားပြီဗျို့။ ဟော တစ်ကောင်က ကျုပ်ကို စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်ထဲက တင်းပုတ်ကြီးနဲ့ ရွယ်ထားတယ်။ ကျုပ်ဆိုတာ ကြက်သီးတွေ တဖျန်းဖျန်းထပြီး ခေါင်းက ဆံပင်တွေတောင် ထောင်ထနေရောဗျာ။ ဘီလူးကြီးလေးကောင်က ကျုပ်တို့ကို ဝိုင်းထားကြတာဗျ။

ဘိုးလူပေကတော့ မန္တန်ကို အသံအကျယ်ကြီးနဲ့ ရွတ်နေတာဗျို့။ ဟော၊ လမွန်းတည့်ပြီ။

"ဟီး၊ ဟီး၊ ဟီး၊ ဟား၊ ဟား၊ ဟား၊ အီး"

ဟင်၊ ဒါ မဖဲဝါကြီး အသံပဲဗျ။ ကျုပ်သိတာပေါ့ဗျာ။ ဟော မဖဲဝါကြီး လာပြီဗျို့။ သူ့ဂူပေါက်ကြီးထဲကနေ မီးလုံးကြီး တစ်လုံး ထွက်လာပြီး နောက်မှာ မဖဲဝါ ပါလာတာဗျ။ လေထဲက နေ လွင့်လာတာ။ ဆံပင်ဖားလျားကြီးနဲ့ပဲဗျ။

"ဘုန်း"

ဟာ…ရောက်တာနဲ့ ပထမံပွဲကို တင်းပုတ်နဲ့ ထုမလို့ရွယ် တဲ့ ဘီလူးကြီးကို 'ဘုန်း'ကနဲ ရိုက်လိုက်တာဗျို့။ မဖဲဝါရဲ့ လက် ဝါးစာမိသွားတဲ့ ဘီလူးကြီး နောက်ကိုဆုတ်ပြီး ပြေးသွားရောဗျို့။

"အုန်း"

ရိုက်ပြန်ပြီဗျာ။ ပေကပ်ကပ်လုပ်နေတဲ့ ဘီလူးကြီးရဲ့ ကျောကုန်းကို ရိုက်လိုက်တာဗျ။

"အုန်း"



www.burmeseclassic.com

www.burmeseclassic.com


ဟော ကျုပ်ကို တင်းပုတ်နဲ့ ရှယ်နေတဲ့အကောင်ကို ရိုက်တာဗျ။ ဟာ ပြေးပြီဗျို့၊ ပြေးပြီ၊ ဘီလူးလေးကောင်လုံး တောင်ပေါ်က ဆင်းပြေးသွားကြပြီဗျာ။

"ဟီး၊ ဟီး၊ ဟီး၊ ဟား၊ ဟား၊ ဟား၊ အီး အီး"

မဖဲဝါကြီးလည်း လေထဲပျံတက်ပြီး သူ့ဂူပေါက်ထဲကို ဝင်သွားရောဗျ။

ဟာ မီးခိုးလုံးကြီး ထွက်လာပြီဗျို့။ ဘိုးလူပေရဲ့ ထင်းပုံကြီးထဲက မီးခိုးလုံးကြီး ထွက်လာပြီ။ ဘိုးလူပေ မှာထားတဲ့အတိုင်း အနီရောင်အင်းကို ကျုပ် လှမ်းပစ်လိုက်တယ်။

"ဝုန်း"

ဟာ ထင်းပုံကြီး မီးထတောက်ပြီဗျို့။ ကျုပ်တောင် နောက်ကို ဆုတ်နေလိုက်ရတယ်။ ဘိုးလူပေရဲ့ မန္တန်ရွတ်သံက ပိုပြီးတော့ ကျယ်လာတယ်။ ဒီတော့မှ ကျုပ်လည်း စိတ်အေးသွားတော့တာပေါ့ဗျာ။

ဟော မီးတောက်ကြီးတွေကြားက မီးတောက်နီနီကြီး ထွက်လာပြီဗျို့။ အို…အရောင်ကြီးက နီရဲနေတာဗျ။ ထင်းပုံကြီးရဲ့ အပေါ်ကို နှစ်လန် သုံးလန်လောက် ထိုးတက်နေတာဗျ။ ကျုပ် ဒုတိယအင်းကို ပစ်ပြီဗျို့။

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com


ဟာ စက်တွေဗျို့ စက်တွေ။ မီးတောက်နီကြီး 'ဝုန်း'ဆိုတဲ့ အသံကြီးမြည်ပြီး ပျောက်သွားတာနဲ့ မီးတောက်ကြီးတွေကြားက စက်ရောင်စုံတွေ ဖြာထွက်လာတယ်ဗျ။ အရောင်မှ စုံနေတာပါပဲ ဗျာ။ ဘိုးလူပေ မှာတဲ့အတိုင်း ကျုပ်လက်ထဲမှာ တစ်ချပ်တည်း ကျန်နေတဲ့ နတ်စက်ရောင်အင်းနဲ့ ကျုပ် ပစ်လိုက်တယ်။

"ဝုန်း"

ဟာ မီးတောက်ကြီးပါ 'ဝုန်း'ကနဲ မြည်ပြီး ငြိမ်းသွားပြီဗျို့။ စက်ရောင်တွေလည်း တဖြည်းဖြည်း ပျောက်သွားပြီ။ ဟော ဘိုးလူပေရဲ့ မန္တန်ရွတ်သံလည်း တဖြည်းဖြည်း တိုးတိုးလာပြီး နောက်ဆုံး ပျောက်သွားတယ်။

ဟော ထွက်လာပြီဗျို့။ ဘိုးလူပေ ထွက်လာပြီ။ ကျုပ် ဖြင့် ဝမ်းသာလိုက်တာဗျာ။

"ဆရာကြီး ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ပါဘူး မောင်တာတေ၊ ကျုပ် အောင်သွားပါပြီ ကွယ်၊ မောင်တာတေကိုရော ဟောဒီကျွန်းကြီးရဲ့ ကျွန်းပိုင်ရှင်မ မဖဲဝါကိုရော ကျုပ် ကျေးဇူးအများကြီးတင်ပါတယ်ကွယ်"

ဘိုးလူပေက ကျောက်ဖျာကြီးရဲ့အလယ်မှာ ခြေစုံရပ်ပြီး ပထမံပုဂ္ဂိုလ်တွေကို ရှိခိုးတယ်။ ပြီးတော့ သူ့ရဲ့ဖခင် ဆရာပွားကြီး ကို ရှိခိုးတယ်။ ကျွန်းပိုင်ရှင်မ မဖဲဝါကို မေတ္တာပို့တယ်။ ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဖြူတွေကို ချွတ်လဲတယ်။ ဘိုးလူပေ ဝတ်ထားတဲ့ အဝတ်ဖြူမှာ ပြာတစ်မှုန်တောင် ကပ်မနေဘူးဗျ။ မှိုင်းတစ်စလည်း မပေဘူး။

ဘိုးလူပေ အဝတ်အစားလဲပြီးတော့ ကျုပ်တို့နှစ်ယောက် နွယ်ရှင်ကြီးတွေ ရှိတဲ့ဆီကို သွားကြတယ်။

"လပြည့်ည တစ်ညလုံးတော့ နွယ်ရှင်တွေ တောင်အောက်ကို ဆင်းဦးမှာ မောင်တာတေရဲ့"

ဘိုးလူပေနဲ့ ကျုပ်နဲ့ ခပ်သုတ်သုတ်သွားပြီး တောင်အောက်ကို ဆင်းနေတဲ့ နွယ်ရှင်ပင်ကြီးတွေပေါ်မှာ ဝမ်းလျားမှောက်ဖက်ထားပြီး ဆင်းခဲ့ကြရတယ်။ ကျုပ်တို့ကို စောင့်နေတဲ့ ဆလုံကြီးတွေလည်း ကျုပ်တို့ လှေပေါ်ရောက်တာနဲ့ လှေစထွက်တော့တာပဲဗျ။ ဘိတ်မှာ တစ်ရက်နေပြီး ရန်ကုန်ကို ပြန်တယ်။ ရန်ကုန်ကမှ ကျုပ်က ရွာကို ပြန်ခဲ့တယ်။ ဘိုးလူပေကတော့ ကိစ္စတစ်ခု ပေါ်လာတာနဲ့ ရန်ကုန်မှာပဲ နေခဲ့တော့တယ်ဗျ။ အိမ်ပြန်ရောက်တော့မှပဲ ကျုပ်ကို မျှော်နေတဲ့ အမေတို့ အဘတို့လည်း စိတ်အေးသွားကြတော့တာပေါ့ဗျာ။ မဖဲဝါနေတဲ့ကျွန်းကို ကျုပ်ရောက်ခဲ့တဲ့ အကြောင်းကိုတော့ ဘယ်သူ့ကိုမှ ကျုပ်ပြောမပြခဲ့ဘူးပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# ကျောက်မျက်လုံးရ

နတ်တော်လလေဗျာ။ အေးချက်တော့ လွန်ရော။ စောင်ခြုံလို့လည်း မနွေး။ ကွေးလို့လည်း မလုံ။ အိပ်လို့လည်း မပျော်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



နောက်ညတွေဆိုရင်တော့ မီးလှုံရတော့မယ်ထင်တယ်။ ကျုပ်တောင် အိပ်မပျော်မှတော့ အဘတို့ အမေတို့ဆိုရင် ပိုဆိုးတာပေါ့ဗျာ။

"အုန်း၊ အုန်း၊ အုန်း၊ ဝုန်း"

ဘာသံတွေတုံး။ အချိန်က သန်းခေါင်ကျော်ဗျ။ သွပ်မိုးပေါ်ကို တစ်ခုခုကျတဲ့အသံဗျ။

"ဟဲ့ တာတေ၊ နင် နိုးနေလား"

အမေက ကျုပ်ကို လှမ်းမေးတယ်။ ကျုပ်ကလည်း ဘာသံလဲလို့ နားစွင့်နေရာကနေ အမေ့ကို ဖြေလိုက်ရတယ်။

"နိုးတာ မဟုတ်ဘူး အမေရေ၊ အိပ်လို့မရတာ၊ အေးချက်ဗျာ"

"ဟဲ့ တာတေ၊ နင့်ကို အေးတာပြောမလို့ မဟုတ်ဘူး၊ 'အုန်း အုန်း' နဲ့ ဘာသံကြီးတုံး ကြားလား"

"ကျုပ်ကြားတယ် အမေ၊ အဲဒါပဲ နားစွင့်နေတာ၊ ဘာသံတုံးတော့ မသိဘူးဗျ၊ သွပ်မိုးသံလို့ ထင်တာပဲ"

"အိမ်ခေါင်ပေါ်ကို အုန်းသီးကြွေတာထင်တယ်"

အမေက သူထင်တာပြောတာဗျို့။

"အခုကြားတာ တောင်ပိုင်းကမို့လား၊ တောင်ပိုင်းက အောင်ဆင့်တို့ဝိုင်းက အုန်းပင်ကြီးတွေ သီးလို့ရှိမှာ၊ အဲဒါ ခေါင်မိုးပေါ်ကို ကြွေတာဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေပြောသလို မဟုတ်ဘူးဗျ။ ကျုပ် သေသေချာချာ ကြားလိုက်တာပဲ။ အုန်းသီးကြွေရင် အုန်းဆိုတဲ့အသံက တစ်ချက်ပဲ မြည်မှာပေါ့ဗျ။ အခုဟာက 'အုန်း၊ အုန်း၊ အုန်း၊ ဝုန်း' ဆိုပြီး မြည်တာ။

"အုန်း၊ အုန်း၊ အုန်း၊ အုန်း၊ အုန်း၊ အုန်း"

ဟာ မြည်ပြန်ပြီဗျို့။ ဒါ အိမ်ခေါင်မိုးတွေပေါ်မှာ လူ တစ်ယောက် လျှောက်ပြေးတဲ့အသံဗျ။

"ဟော၊ ဟော ကြားလား တာတေ၊ ဒါ အုန်းသီးကြွေ တာ မဟုတ်ဘူး၊ ခေါင်မိုးတွေပေါ် လျှောက်ပြေးနေတာဟဲ့၊ ကြောင်တွေ ပြေးတာ ထင်ပါရဲ့"

"အင်း..ဟုတ်မယ် အမေ၊ ဒါပေမဲ့ ကြောင်ဆိုရင်လည်း အကောင်ကြီးကြီးဖြစ်မယ်ဗျ"

"ဟဲ့...တာတေရဲ့၊ အောင်ဖေတို့အိမ်က ကြောင်ကြီး တွေများ ခွေးလောက်တောင်ရှိတာ၊ အားလုံး သင်းထားတာ၊ ပြီးတော့ ကွမ်းသီးနဲ့ ထန်းလျက်ကလေးရောထောင်း၊ အလုံး ကလေးတွေလုံးပြီး ပါးစပ်ထဲ ထည့်ကျွေးပေးတာ သံကျတယ် ဆိုလားပဲ။ နည်းတဲ့အကောင်ကြီးတွေ မဟုတ်ဘူးဟဲ့"

အမေပြောတာလည်း ဟုတ်သားဗျ။ ကိုအောင်ဖေတို့အိမ် က ကြောင်ကြီးတွေက တော်တော်ကိုကြီးတာ။ ကြောင်သင်းခြေ

www.burmeseclassic.com



တွေလေဗျာ။ ကျုပ်တော့ ငရဲကြောက်လို့ ကျုပ်တို့ကြောင်ကို မသင်းဝံ့ပါဘူးဗျာ။

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း"

"ဟဲ့ ဟဲ့ တာတေ၊ ဒါ ကြောင်မဟုတ်လောက်ဘူး၊ ကြောင်ထက် အပုံကြီး ကြီးတယ်"

"ဟဲ့ ငွေစိန်၊ ကြောင်မဟုတ်ရင် ဆင်တွေဘာတွေလားမှ မသိတာ"

"တော်စမ်း ကိုညာဏ်၊ ပေါက်ကရပြောဖို့ပဲ သိတယ်၊ ရှင် မကြားဘူးလား၊ အသံတွေ"

"ကြားပါတယ် ငွေစိန်ရဲ့၊ ငါလည်း နားထောင်နေတာပါဟဲ့"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟော ရွာထဲက ကင်းတွေ သံချောင်းခေါက်ပြီဗျို့။ သံချောင်းကို တစ်ချက်ချင်း မှန်မှန်ခေါက်တာဗျ။ ဒါက ရွာကို သတိပေးတာ။ နိုးနိုးကြားကြား နေကြဖို့၊ သတိနဲ့နေဖို့ပေါ့ဗျာ။ ယောကျ်ားမှန်သမျှ တစ်အိမ် တစ်ယောက် ထွက်ဆိုရင် သံချောင်းကို အတွဲလိုက် ခေါက်တာဗျ။ ခုဟာက သတိပေးရုံ ပေးတာပါ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟော ကျုပ်တို့ဝိုင်းရှေ့လမ်းက ဖြတ်ပြေးသွားတဲ့ အသံဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်ဒေါင်၊ ဒေါင်ဒေါင်၊ ဒေါင်ဒေါင်၊ ဒေါင်ဒေါင်"

ဟော ကင်းကလည်း သံချောင်းကို အတွဲလိုက်ခေါက်ပြီ ဗျို့။

"ဘိုးညဏ်၊ ဘိုးညဏ်"

"အေး၊ နိုးတယ်ဟေ့၊ စံမောင်ရေ နိုးတယ်၊ နိုးတယ်"

"အရိုးငွေစိန်၊ အရိုးငွေစိန်"

"ဟေ၊ နိုးတယ်ဟေ့၊ လုံးတင်ရေ၊ အရိုးတို့ နိုးတယ်"

တောင်ဘက် မြောက်ဘက်က ဝိုင်းတွေက အဘနဲ့ အမေကို လှမ်းနှိုးတာဗျို့။ တစ်ယောက်နဲ့ တစ်ယောက် အသံပေး ကြတာပေါ့ဗျာ။

"ဖူး၊ ဖူး၊ ဖူး၊ ဖူး၊ ဖူး"

ဟာ ကျုပ်တို့နွားကြီးတွေ နှာမှုတ်ကြပြီဗျို့။ မှုတ်လိုက်တာမှ တဖူးဖူးကို ဖြစ်နေတာဗျ။

"အီ၊ အီ၊ အီ၊ အီ၊ အီ"

ဟာ တောင်ဘက်ဝိုင်းက ခွေးနှစ်ကောင် ကြောက်ပြီး အော်နေတဲ့ အသံဗျို့။ တကယ်ကို အံ့သြစရာပါဗျာ။ ရွာထဲကို နာနာဘာဝတို့ မကောင်းဆိုးဝါးတို့ ဝင်ပြီဆိုရင် လူထက်ပိုပြီး ကြောက်တာက ခွေးတွေပဲဗျ။ ဒီကောင်တွေ ကြောက်တာမှ နေစရာမရှိအောင်ကို ကြောက်တာဗျို့။ အခုလည်း ခွေးတွေ ထအော်



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိ ဟိုတိုး ဒီတိုး လုပ်နေကြပြီဗျ။

"အင်း၊ နွားတွေ၊ ခွေးတွေ ဒီလောက်လန့်နေရင်တော့ သိပ်မကောင်းဘူး ကိုညာဏ်ချော ရွာထဲကို မကောင်းဆိုးဝါး ဝင်ပြီထင်တယ်"

"ဂီး၊ ဂီး၊ ဂီး၊ ကွတ်၊ ကွတ်၊ ကွတ်၊ ကတော်၊ ကတော်"

"ဟဲ့ ကြက်သံတွေလည်း ကြားနေရပါလား၊ သရဲက ကြက်တွေ ဝင်ဆွဲပြီထင်တယ်"

"ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင်"

ဟာ သံချောင်းတွေ အဆက်မပြတ် ခေါက်ပြီဗျို့။ ဟော လူသံတွေ ကြားတယ်။ လူတွေ ထွက်လာကြပြီထင်တယ်ဗျ။ ကျုပ်လည်း ထွက်ခဲ့တယ်။

"ကိုကြီးတာတေ"

ကျုပ် လှည့်ကြည့်လိုက်တော့ ကြည်ထွေး ဆိုတဲ့ကောင် ဗျ။ ကျုပ်သူငယ်ချင်း ကြည်အေးရဲ့ညီ။

"ဟော...ကြည်ထွေး"

"ကျုပ် ကိုကြီးတာတေကို တွေ့လို့ လိုက်လာတာဗျ၊ ပြောစရာရှိလို့"

"အေး၊ ပြောလေ ကြည်ထွေး၊ ဘာများတုံး"

"ကျုပ် ဒီည ကင်းတွဲတဲ့အထဲမှာ ပါတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ဟုတ်လား၊ မင်းက ဘယ်ကင်းတဲမှာတုံး"

"တောင်ပိုင်းက လမ်းဆုံကင်းတဲမှာဗျ"

"ဟာ ဒါဆိုရင် သံချောင်းစခေါက်တာ မင်းတို့ပေါ့"

"ဟုတ်တယ် ကိုကြီးတာတေ၊ ကျုပ်တို့ကင်းက စခေါက်တာ၊ ကျုပ်တို့ခေါက်သံကြားမှ အရှေ့ပိုင်းက ခေါက်တာ၊ ပြီးတော့မှ ကျန်တဲ့ကင်းတဲတွေက ခေါက်ကြတာဗျ"

"အေး၊ မင်းတို့ ဘာမြင်လိုက်လို့တုံးကွ၊ ကြည်ထွေးရ"

"ပထမတော့ မမြင်ဘူးဗျ၊ ခွေးတွေအီတဲ့အသံတွေ၊ နွားတွေ နှာမှုတ်တဲ့အသံတွေပဲ ကြားရတာ။ နောက်တော့ အိမ်ခေါင်မိုးတွေပေါ်မှာ ပြေးတော့တာဗျ။ ကျုပ်လည်း အသံကြားတဲ့နောက်ကို ပြေးလိုက်ပြီးကြည့်တာ ကိုကြီးတာတေရ"

"ဟေ ဟုတ်လားကွ၊ ဘာမြင်ရတုံး ကြည်ထွေးရ"

"ပထမတော့ မမြင်ရဘူးဗျ၊ အသံကြီးက ဘိုးညီမောင်တို့ ခေါင်မိုးပေါ်ကို ရောက်သွားတော့မှ မြင်ရတာဗျို့"

"ဟာ ဘာကိုမြင်တုံး"

"လူပုံစံပဲဗျာ၊ အဝတ်အစားတော့ မပါဘူး၊ တစ်ကိုယ်လုံးမှာ အမွေးမည်းမည်းကြီးတွေ အုပ်နေတယ်"

"အရွယ်က လူအရွယ်ပဲလား"

"မကဘူးဗျ၊ လူထက် နှစ်ဆလောက် ကြီးလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း အိမ်ခေါင်မိုးတွေပေါ်မှာ ပြေးနေတဲ့ မည်းမည်း အကောင်ကြီးလည်းတွေ့ရော ကင်းတဲကို ပြန်ပြေးပြီး ကင်းတဲမှာ ကျန်ခဲ့တဲ့ ဂျပုနဲ့ အောင်မြကို သံချောင်းခေါက်ခိုင်းလိုက်တာဗျ။ နောက်တော့ ဒီအကောင်ကြီးက အိမ်ခေါင်ပေါ်မှာ မပြေးဘဲ လမ်းတွေပေါ်မှာ လျှောက်ပြေးရောဗျို့"

"မင်းတို့ မြင်ရလားကွ"

"ရိပ်ကနဲ ရိပ်ကနဲပဲ မြင်ရတာဗျ။ ကျုပ်တို့ကင်းတဲက ဂျပုတို့ အောင်မြတို့လည်း မြင်လိုက်ကြတယ်။ ဒီမှာတင် ကျုပ်တို့ လည်း သံချောင်းကို ခပ်စိပ်စိပ် ခေါက်ရတော့တာပေါ့ဗျာ။ အိမ် တွေက လူတွေ တုတ်ဆွဲ၊ ဓားဆွဲနဲ့ ဓာတ်မီးတွေ တဝင်းဝင်းထိုးပြီး ထွက်လာတော့မှ အဲဒီမည်းမည်းကြီး ပျောက်သွားတာဗျ"

"နို့ နေပါဦးကွ ကြည်ထွေးရ၊ ငါ ကြက်သံတွေလည်း ကြားလိုက်ပါတယ်၊ ဘာဖြစ်တာတုံး"

"အဲဒါ တောင်ပိုင်းက ကိုအောင်သစ်တို့ဝိုင်းထဲက အိပ် တန်းတက်နေတဲ့ ကြက်သုံးကောင်ကို ဝင်ပြီးဆွဲသွားတာတဲ့ဗျ"

"ဟေ သုံးကောင်လုံး ဆွဲသွားတာလားကွ ကြည်ထွေး ရ"

"ဟုတ်ပါ့ဗျာ၊ သုံးကောင်လုံးကို ဆွဲသွားရုံတင် မဟုတ် ဘူးဗျို့၊ လမ်းနဲ့လျှောက်စားသွားပုံရတယ်ဗျ။ လမ်းပေါ်မှာ ကြက်မွှေး



www.burmeseclassic.com

www.burmeseclassic.com



တွေ သွေးစက်တွေ ကျကျန်ခဲ့တာ ကိုကြီးတာတေရ"

ကျုပ်တို့ရွာထဲက လူတွေတော့ ခတ်မီးတဝင်းဝင်းနဲ့ ရွာထဲပတ်နေကြရောဗျို့။ ကျုပ်လည်း ကြည်ထွေးပြောတာ ပြည့်စုံနေပြီဆိုတော့ ဆက်ပြီးမသွားတော့ဘဲ အိမ်ပဲ ပြန်လာခဲ့ရောဗျာ။

"ဟဲ့ တာတေ၊ ဘာတွေဖြစ်တာတဲ့တုံး"

အမေနဲ့ အဘက ငုတ်တုတ်ကလေးတွေထိုင်ပြီး ကျုပ်ကို စောင့်နေကြတာဗျ။ အမေ လိပ်ထားတဲ့ ပြောင်းဖူးဖက်ဆေးလိပ်ကြီးတွေ တစ်ယောက် တစ်လိပ် ဖွာလို့ပေါ့ဗျာ။

"ကြည်ထွေးတို့ ရွာတောင်ပိုင်းကွင်းက စပြီးခေါက်တာ အမေရ၊ အိမ်ခေါင်မိုးတွေပေါ်မှာ လျှောက်ပြေးနေတာဆိုပဲ"

"ဟေ၊ ဘာကောင်က ပြေးတာတုံး"

"ဘာကောင်မှန်းတော့ မသိဘူးတဲ့ အမေရ၊ ကြည်ထွေးပြောတာတော့ လူရဲ့နှစ်ဆလောက် ရှိတယ်ပြောတာပဲ၊ လူပုံစံပဲတဲ့။ တစ်ကိုယ်လုံး အမွေးမည်းကြီးတွေ အုပ်နေတာ ဆိုပဲဗျ။ ပထမတော့ အိမ်ခေါင်မိုးတွေပေါ်မှာ လျှောက်ပြေးနေတာတဲ့ဗျ"

"ဟေ၊ နေပါဦး လူလေးရဲ့၊ အိမ်တွေက တစ်လုံးနဲ့ တစ်လုံး ကပ်နေတာမှ မဟုတ်တာ၊ ဘယ်လိုလုပ်ပြီး ခေါင်းမိုးတွေပေါ် ပြေးတုံး"

အဘက ဝင်ပြီးမေးတာဗျ။



www.burmeseclassic.com

www.burmeseclassic.com


"ခုန်ကူးတာရှိမှာပေါ့ အဘရ၊ လူမှ မဟုတ်တာ၊ နှာနှာဘာဝပဲဟာ"

"အေး အေး၊ ဒါလည်း ဟုတ်တာပဲ"

အဘက ပြောပြီးတော့ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးတရဲရဲနဲ့ ဖွာနေပြန်ရောဗျ။

"နောက်တော့ ရွာလမ်းတွေမှာ ပြေးရင်းနဲ့ ကိုအောင်သစ်တို့အိမ်က ကြက်သုံးကောင် ဝင်ဆွဲသွားဆိုပဲ"

"ဟော ကြက်သုံးကောင်တောင် ဆွဲသွားတာလား"

အမေက အံ့သြပြီး ဝင်ပြောတယ်ဗျ။ အဘကတော့ ခေါင်းတညိတ်ညိတ်နဲ့ လုပ်နေတယ်။ ကျုပ်တို့သားအဖတွေ ပြန်အိပ်တော့ပဲ မနက်သုံးနာရီ ထိုးနေပြီဗျ။

နောက်နေ့ရောက်တော့ တစ်ရွာလုံး ဒီအကြောင်းပဲ ပြောနေတော့တာပေါ့ဗျာ။ ဟိုဝိုင်းထဲ စုစု စုစု၊ ဒီဝိုင်းထဲ စုစု စုစုနဲ့ ညကအကြောင်းပဲ ပြောနေကြတာဗျ။

သူကြီး ဦးဘိုးထင်ရဲ့ အမိန့်နဲ့ ဆယ်အိမ်ခေါင်းတွေက ရွာထဲမှာ ကင်းပြန်တွဲကြတယ်ဗျ။ ကင်းကို နှစ်မျိုးချတာဗျ။ လှည့်ကင်းနဲ့ ထိုင်ကင်းပေါ့ဗျာ။ ရွာလမ်းတိုင်းမှာ လှည့်ကင်းတွေ ချထားတာဗျ။ ထိုင်ကင်းမှာ နှစ်ယောက်ပဲ ထားတော့တာ။ လှည့်ကင်းနှစ်ယောက်မှာ တစ်ယောက်က ဓာတ်မီးနဲ့ လက်နက်ကအိခု



www.burmeseclassic.com

www.burmeseclassic.com


ကိုင်ပေါ့ဗျာ။ နောက်တစ်ယောက်က သံချောင်းခေါက်ဖို့ ကိုင်ရတာဗျ။

ညရှစ်နာရီကျော်ကတည်းက စအေးတော့တာဗျို့။ ညမိုးချုပ်စ အအေးထက် တစ်ဆလောက် ပိုတက်လာတာဗျ။ ဝိုင်းထဲမှာလည်း ယောက်ျားတွေစုပြီး မီးလှုံပြီး အကြမ်းသောက်ကြ၊ လက်ဖက်စားကြနဲ့ မအိပ်ကြဘူးဗျ။ အားလုံး အသင့်ပြင်ထားကြတာ။

ကျုပ်နဲ့ အဘနဲ့လည်း မအိပ်ကြဘူးဗျ။ ဘာများဖြစ်လာဦးမလဲဆိုပြီး စောင့်နေကြတာ။ အမေကတော့ ဓာက်နည်းနည်းထိုးလို့ဆိုပြီး အိပ်ရာထဲ ဝင်လှဲနေပြီဗျ။ ကျုပ်တို့သားအဖလည်း စောင်ကြီးတွေခြုံပြီး ထိုင်နေကြရတာ။ အကြမ်းပူပူလေး သောက်လိုက်။ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာ၊ အဘက ပြောင်းဖူးဖက်ဆေးလိပ်ကြီးဖွာပေါ့ဗျာ။

သန်းခေါင်တော့ ရောက်ပြီဗျ။ ခုထိတော့ ငြိမ်နေတုန်းပဲ။ ရွာထဲက လူတွေလည်း မအိပ်ဘဲ စောင့်နေကြတာဗျို့။ ဟိုဝိုင်း ဒီဝိုင်းက စကားသံတွေ ခပ်သဲ့သဲ့ ကြားနေရတုန်းဗျ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟာ ခေါက်ပြီဗျို့။ သံချောင်းခေါက်ပြီ။ တောင်ပိုင်းက စတာပဲဗျ။

"မီးဟေ့၊ မီး၊ မီး ရေပုံးနဲ့ ရေခပ်ခဲ့ကြဟေ့"


www.burmeseclassic.com

www.burmeseclassic.com


"ဟာ မီးဆိုပါလား တာတော၊ ပြေးစမ်း၊ ပြေးစမ်း မြန်မြန်"

ကျုပ်လည်း ရေပုံးနဲ့ ဖရခပ်ပြီး တောင်ပိုင်းကို စွတ်ပြေးရ တော့တာပေါ့ဗျာ။ ကျုပ်လိုပဲဗျို့၊ ဝိုင်းတိုင်းကလူတွေ ရေပုံးတွေနဲ့ ပြေးထွက်လာကြတာပေါ့ဗျာ။

"ဘယ်မှာတုံးဟ၊ မီးလောင်တာ၊ ဘယ်သူ့ဝိုင်းတုံး"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

တစ်ရွာလုံးကို ညံနေတော့တာပေါ့ဗျာ။ ကျုပ်တို့အညာ သားတွေ အကြောက်ဆုံးက မီးပဲလေဗျာ။ မိန်းမသံတွေရော ကလေးငိုသံတွေရော ကျွက်ကျွက်ကိုညံနေတော့တာပေါ့ဗျာ။

"နံ့ပြည်စုတ်တို့ဝိုင်းမှာတဲ့ဟေ့"

နံ့ပြည်စုတ်ဆိုတဲ့ကောင်က ကျုပ်ထက် ငါးနှစ်လောက် ငယ်တယ်။ အကောင်သေးသေးလေးဗျ။ ထွားလည်းမလာဘူး။ ဒါကြောင့် ဒီကောင့်ကို တစ်ရွာလုံးက နံ့ပြည်စုတ်ပဲ ခေါ်ကြတာ။

ဟုတ်တယ်ဗျို့။ ကျုပ် တောင်ပိုင်းရောက်တော့ နံ့ပြည်စုတ် တို့ ဝိုင်းထဲမှာ မီးတွေတောက်နေတာဗျို့။ ဟာ...အဆန်းပါလားဗျ။ မီးက မြေကြီးမှာ လောင်နေတာဗျ။ နည်းတဲ့မီးတောက်ကြီး မဟုတ် ဘူး။ လူတစ်ရပ်ကျော်ကျော်လောက်ကို တက်နေတာ။ အဝိုင်းက တော့ ဆယ့်ငါးပေပတ်လည်လောက်ရှိမယ်။ မြေကြီးပေါ်မှာ လောင်


www.burmeseclassic.com

www.burmeseclassic.com



နေတာဗျ။ အဆောက်အဦတွေကို လောင်တာမဟုတ်ဘူး။

"ဖွမ်း၊ ဖွမ်း၊ ဖွမ်း၊ ဖွမ်း"

ဟာ…ရေပုံးတွေနဲ့ ဝိုင်းပက်ကြတာ၊ မီးက နည်းနည်းမှ ကို တုန့်မသွားဘူးဗျ။

"ဟာ…ဒါ ဘာမီးတုံးကွ၊ ရေနဲ့လောင်းတာလည်း မငြိမ်း ပါလား၊ ပြီးတော့ မီးလောင်စရာ ဘာရှိလို့တုံး။ မြေအပြောင်မှာ ဒီအတိုင်းကြီးကို ထတောက်ပါရောလား"

ကျုပ်လည်း ကြောင်ပြီး ကြည့်နေမိတာပေါ့ဗျာ။ ကျုပ် လည်း ရွာထဲကလူတွေ ပြောသလိုပဲ အံ့သြနေတာဗျ။

ဟာ…ကျုပ် တွေးမိပြီဗျို့။ ဒါ ရိုးရိုးမီး မဟုတ်ဘူး။ ပုဏ္ဏကမီးဗျ။ အလိုလိုထတောက်တာ။ ကျုပ်လည်ပင်းမှာ အိတ်နဲ့ အမြဲဆွဲထားတဲ့ သစ်စုန်းဆေးတော်ကို ကပျာကယာ ထုတ်ယူပြီး ကျုပ် ဆွဲလာတဲ့ ရေပုံးထဲမှာ လက်သည်းနဲ့ နည်းနည်းခြစ်ထည့် လိုက်တယ်။ ပြီးတော့ ရေတွေကို လက်နဲ့ မွှေလိုက်တယ်။

"ဖယ်ကြ၊ ဖယ်ကြ၊ ကျုပ် ပက်မယ်"

"ဟာ တာတေပါလား၊ လုပ်စမ်းပါဦးကွ တာတေရဲ့ ဒါ ဘာဖြစ်တာတုံးဟ"

ကျုပ်ရှေ့ကလူတွေက ဘေးကို ဖယ်ပေးကြတယ်။ ကျုပ် က ရေပုံးကြီးဆွဲပြီး မီးတောက်ကြီးထဲကို လှမ်းပက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟော ငြိမ်းသွားပြီဗျို့။ ကျုပ် ဘာမှမပြောတော့ဘဲ ကျုပ်ဆရာတော်ကျောင်းကို တန်းပြေးရတော့တာပေါ့ဗျာ။ ဆရာတော့်ဆီရောက်တော့ အကျိုးအကြောင်းကို ခပ်သုတ်သုတ်လျှောက်ပြီး သစ်စုန်းတောင်ဝှေးကို တောင်းလိုက်တယ်။

“ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်”

ဟာ မြောက်ပိုင်းက ခေါက်ပြန်ပြီဗျို့။ လူတွေ မြောက်ပိုင်းကို စွတ်ပြေးကြပြန်ပြီဗျို့။

“မြောက်ပိုင်းက တင်ဝင်းတို့ဝိုင်းထဲမှာ လောင်ပြန်ပြီဟေ့”

ကျုပ်လည်း ရှေ့ကပြေးတဲ့လူတွေကို အမီလိုက်ပြေးရတော့တာပေါ့ဗျာ။

“လေးလေးချက်ကြီး နေဦး၊ ကျုပ် ဆေးမွှေပေးမယ်၊ ရေပုံးပေး၊ ရေပုံးပေး”

ကျုပ်က လေးလေးချက်ကြီးရဲ့ ရေပုံးထဲကို ဆရာတော်ရဲ့ သစ်စုန်းတောင်ဝှေးနဲ့ မွှေပေးလိုက်တယ်။

“ရပြီ လေးလေး၊ ရပြီ။ အဲဒီရေနဲ့ သွားပက်တော့”

တင်ဝင်းတို့ဝိုင်းမှာလည်း နံ့ပြည်စုတ်တို့ဝိုင်းလိုပဲ မြေပြောင်ကနေ မီးတွေ ထတောက်တာဗျ။

“ဟေ့ ဖယ်ကြစမ်း၊ ဖယ်ကြစမ်း၊ မင်းတို့ရေနဲ့ပက်လို့



www.burmeseclassic.com

www.burmeseclassic.com



လာပဟ့ ပြေးကြစို့"

ကျုပ်တို့ရွာသားတွေလည်း ရေပုံးတွေကိုယ်စီဆွဲပြီး ရွာနောက်ပိုင်းကို ပြေးကြပြန်ရော့ဗျို့။ ကျုပ်လည်း ပြေးရတာပေါ့ဗျာ။

"ဘယ်မှာတုံး၊ ဘယ်မှာလောင်တာတုံးဟေ့"

"ဘိုးတင်မောင်တို့ပိုင်းဟေ့၊ ဘိုးတင်မောင်တို့ပိုင်းဟ"

"ဟုတ်ပါ့ဗျာ၊ ကျုပ်ရောက်တော့ တစ်ယောက်က ကျုပ်ဆေးမွှေပေးထားတဲ့ရေနဲ့ ပက်လိုက်တာ မီးတောက်ကြီး ငြိမ်းသွားရောဗျ။

"တော်ပါသေးရဲ့ကွာ၊ တာတေ ကယ်ပေလို့၊ မဟုတ်ရင် တစ်ရွာလုံး ပြုတ်လောက်တယ်"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

"ဟာ ရွာရှေ့ပိုင်းက ခေါက်ပြန်ပြီဟေ့"

ဒီတစ်ခါတော့ ကျုပ်ရှေ့ဆုံးက ရောက်သွားတာဗျို့။ အနီးမယ်လုံးတို့ပိုင်းမှာ ထတောက်တာဗျ။ ကျုပ်နောက်က ရေပုံးကြီးတွေနဲ့ ပြေးဝင်လာတဲ့လူတွေရဲ့ ရေပုံးတွေကို ကျုပ်က ဆရာတော့်ဆေးတောင်ဝှေးနဲ့ လိုက်မွှေပေးလိုက်ရတာပေါ့ဗျာ"

"ဗွမ်း၊ ဗွမ်း၊ ဗွမ်း"

"ဝုန်း"

ငြိမ်းသွားပြီဗျို့။ မီးတောက်ကြီး ဝုန်းကနဲမြည်ပြီး ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။

"တာတေရေ၊ ငါတို့တစ်ရွာလုံး ဒီည အိပ်ရမှာ မဟုတ်တော့ဘူး ထင်တယ်ဟေ့"

"ဟုတ်တယ် ကိုကြီးဖိုးထောင်ရေ၊ ချမ်းရတဲ့ကြားထဲမှာ လူတွေလည်း ရေအရွှဲသားနဲ့ ခိုက်ခိုက်တုန်နေကြပြီဗျာ"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

"ဟာ တောင်ပိုင်းက ခေါက်ပြန်ပြီဟေ့၊ ပြေးကြ၊ ပြေးကြ၊ ဘယ်သူ့ပိုင်းတုံးဟာ"

တောင်ပိုင်းပြီးတော့ အလယ်ပိုင်း၊ အလယ်ပိုင်းပြီးတော့ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ မြောက်ပိုင်း အို…တစ်ညလုံး ပတ်လောင်နေတော့တာဗျာ။

ကျုပ်တို့မပြောနဲ့၊ ဒီအဖြစ်မျိုးကို ကျုပ်တို့ရွာက အသက်အကြီးဆုံး ကိုးဆယ့်ခြောက်နှစ်ရှိနေတဲ့ ဘိုးဒွေးလှတို့ အဘိုးကြီးတောင် ဒါမျိုး တစ်ခါမှ ကြားလည်း မကြားဖူး၊ ကြုံလည်း မကြုံဖူးဘူးလို့ ပြောတာဗျ။ မြေပြောင်ပြောင်မှာ ဝုန်းကနဲ ထတောက်တဲ့မီးက မနက်လေးနာရီလောက်ရောက်တော့မှ ငြိမ်သွားတာဗျို့။ ဒါပေမဲ့ ကျုပ်တို့ရွာသားတွေကတော့ ရေပုံးတွေကိုယ်စီနဲ့ မိုးစင်စင်လင်းတဲ့အထိ ခိုက်ခိုက်တုန်ပြီး ကင်းစောင့်နေကြရတော့တာပေါ့ဗျာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျူပ်လည်း မိုးလင်းတော့မှ အိမ်ပြန်ရောက်ခဲ့တော့တာ။ အဘနဲ့ အမေလည်း တစ်ညလုံး မအိပ်ကြပါဘူးဗျာ။ တစ်ရွာလုံး ဒီလောက် ဆူပွက်နေမှတော့ ဘယ်သူက အိပ်ပျော်မှာတုံးဗျာ။ ပြီး ဖြစ်တဲ့ကိစ္စက မီးရေးလေဗျာ။ တစ်ရွာလုံး ပြာဖြစ်သွားနိုင်တဲ့ ကိစ္စဗျ။

ကျူပ်လည်း တစ်ညလုံး ပြေးလွှားထားရတော့ အိပ်ရာထဲ ဝင်လိုက်တာနဲ့ အိပ်ပျော်သွားလိုက်တာ အမေ လာနှိုးမှကို နိုးတော့ တာဗျို့။

"ဟဲ့ တာတေ၊ ထထက်ပြီး ထမင်းလေးဘာလေး စားဦး လေ"

"ဟင် ဘယ်အချိန်ရှိပြီလဲ အမေ"

"ညနေ သုံးနာရီတောင် ထိုးပြီဟဲ့"

"ဗျာ၊ ဒီလောက်တောင် ရှိပြီလား"

ကျူပ် အိပ်ရာက ကပျာကယာထပြီး ထမင်းခပ်သုတ် သုတ် စားလိုက်တယ်။ အချိန်တောင် နည်းနေပြီဗျ။ ခဏနေတော့ ကျောက်ခဲနဲ့ သံမဏိ ရောက်လာတယ်။

ကျူပ်က သံမဏိကို ကြက်ဝယ်ခိုင်းတယ်။ ကျောက်ခဲကို မီးလောင်ကုန်းက နတ်ဝင်သည် ဒေါ်ထွန်းကို ခေါ်ခိုင်းတယ်။ တကယ်တော့ ဒေါ်ထွန်းက ငွေတွင်းကုန်းကဗျ။ သူ့သား အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျပြီး မီးလောင်ကုန်းကို ပြောင်းနေတော့ သူပါ မီးလောင်ကုန်းကို လိုက်လာတာ။ ကျုပ်တို့အတွက်ကတော့ ပိုနီးသွားတာပေါ့ဗျာ။

"ကိုကြီးတာတေ၊ ဒေါ်ထွန်းအတွက်တော့ မပူနဲ့ဗျ။ ဒေါ်ထွန်း ကျုပ်တို့ရွာကို ရောက်နေတယ်။ ညကတည်းက သူရှိတယ်။ ကျုပ်တို့ဖြစ်တာတွေကို ဒေါ်ထွန်း အားလုံးသိတယ်။ ခုလည်း ဒေါ်ထွန်းက ကျုပ်ကို…

'ဒီညတော့ တာတေ တစ်ခုခုလုပ်လိမ့်မယ်ထင်တယ်တဲ့၊ ကိစ္စရှိရင် ငါ့လာပြော၊ ကြားလား ကျောက်ခဲ။ ငါ နင့်အစ်ီးလေး လုံးကြည်တို့အိမ်မှာ ရှိတယ်'

လို့ ပြောလိုက်တယ်ဗျ။ အဲဒါလည်း ပြောရင်း ကိုကြီးတာတေ တစ်ခုခုလုပ်ရင် ကူပြီးလုပ်ပေးရအောင် လာတာဗျ"

"ဩော်…အေး၊ ဒါဆိုရင် မင်းပါ သံမဏိနဲ့ လိုက်သွားကွာ၊ ပြီးရင် ငှက်ပျောဖက်ပါ ခုတ်ခဲ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဒီကိစ္စတွေကို ဒီကောင်နှစ်ကောင် လုပ်နေကျပဲဗျာ။ အားလုံးကို သိနေပါပြီ။ ကျုပ်က ဝိုင်းထဲမှာ မီးမွှေးပြီး ထမင်းအိုး တည်ထားလိုက်တယ်။ ပြီးတော့ ငရုတ်သီးထောင်းထားတယ်။ ကျောက်ခဲတို့နှစ်ယောက် ကြက်ဝယ်ပြီး ပြန်လာတော့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းအိုးက ဆူတောင်နေပြီ။

ဟင်းအိုးကျက်တော့ ညနေ ခြောက်နာရီလောက် ရှိပြီ။ ဆောင်းတွင်းဆိုတော့ မှောင်တော့ စောတာပေါ့ဗျာ။ ကျောက်ခဲနဲ့ သံမဏိကိုပါ အမေက အိမ်မှာ ထမင်းကျွေးတယ်။ ကျုပ် အိပ်နေကတည်းက အမေက ကြက်သားတစ်အိုး ချက်ထားတာဗျ။ အိမ်မှာ ဟင်းရှိတော့ ကျောက်ခဲတို့ကိုပါ ထမင်းကျွေးတာပေါ့ဗျာ။ ကျောက်ခဲနဲ့ သံမဏိကလည်း ကျုပ်တို့အိမ်မှာ စားနေကျပါ။

ညရှစ်နာရီဆိုတာ ကျုပ်တို့ရွာလေးမှာတော့ မိုးတော်တော်ချုပ်နေပြီဗျ။ ဒေါ်ထွန်းကို ခေါ်ပြီး ကျုပ်ရယ်၊ ကျောက်ခဲရယ်၊ သံမဏိရယ်၊ ထနောင်းကုန်းသချိုင်းကို လာခဲ့တယ်။ ကျောင်းအစ်မကြီးရဲ့ အုတ်ဂူကြီးပေါ်မှာ ငှက်ပျောဖက်ခင်းပြီး ကျောက်ခဲထမ်းလာတဲ့ ထမင်းတောင်းထဲက ထမင်းတွေ ဟင်းတွေကို သေသေချာချာ ပြင်လိုက်တယ်။ ကြက်သားဟင်းရဲ့ မဆလာနံ့က သချိုင်းကုန်းတစ်ခုလုံးကို မွှေးသွားတာဗျ။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်၊ မြောက်ရှုပံအတွင်း၊ ရောက်ရာအရပ်၊ ရှိရာအရပ်က ကြားသိစေဗျာ။ ထနောင်းကုန်းက တာတေက စားပွဲသောက်ပွဲပေးပြီး ပင့်ဖိတ်ပါတယ်၊ မြန်မကြာ လှမ်းကာကြွခဲ့ပါ့ သချိုင်းရှင်မ မဖဲဝါဗျာ။ ကြွပါ၊ ကြွပါ၊ ကြွပါ"

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



"ဂူး၊ ဂူး၊ ဂူး၊ အီ၊ အီ၊ အီ"

ဟာ ဒီတစ်ခါ တော်တော်မြန်တာပဲဗျ။ ကျုပ် ပင့်လို့ စကားဆုံးတာနဲ့ မဖဲဝါရဲ့ ခွေးကြီး အူသံကို ကြားရတော့တာပဲဗျ။ ဒေါ်ထွန်းကတော့ ထုံးစံအတိုင်းပေါ့ဗျာ။ ကျောင်းအစ်မကြီးရဲ့ ဂူရှေ့က မြက်ခင်းပေါ်မှာ ကြုံ့ကြုံ့လေးထိုင်ပြီး မဖဲဝါအလာကို အဆင်သင့် စောင့်နေတယ်။ နတ်ဝင်သည်တို့ရဲ့ ပညာနဲ့ သူ့ လိပ်ပြာကို သူသိပ်နေမှာပေါ့ဗျာ။ ဆံပင်ကတော့ ဖြည်ချထားရတာဗျ။

ဟာ လာပြီဗျို့။ မဖဲဝါ လာပြီ။ ဂူတွေအပေါ်ကနေ ရိပ်ကနဲ ရိပ်ကနဲ ရွေ့လာတာဗျ။ ဟော ဒေါ်ထွန်းဆီကို ဖြူဖြူ အရိပ်ကြီး ပြေးကပ်လိုက်ပြီဗျို့။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟော ဒေါ်ထွန်း လက်ကြီးတွေ ကွေးကောက်ပြီး ထလာပြီဗျို့။ ဟာ ဂူကြီးပေါ်ကို ဒေါ်ထွန်း လွှားကနဲ ခုန်တက်သွားပြီဗျ။ ဟော ထမင်းပွဲကို ငုံ့ကြည့်ပြီး ရယ်နေတယ်ဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဒူးကြီးတစ်ဖက်ထောင်၊ တစ်ဖက်လှဲပြီး စားပြီဗျို့။ ကြက်သားတုံးအကြီးကြီးတွေကို အားရပါးရ စားပြီဗျ။ ထမင်းတွေလည်း စားတယ်။ စားရင်းနဲ့ ဆံပင်ဖားလျားကြီးကြားက မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးနဲ့ ကျုပ်ကို လှမ်းကြည့်တယ်။

"ဒီလိုပါ မဖဲဝါ၊ ကျုပ်တို့ရွာမှာ ပုဏ္ဏကတိုက်သလိုဖြစ်ပြီး မီးတွေ ထထတောက်နေတယ်ဗျ။ ဟိုညကတော့ အိမ်ခေါင်မိုးတွေပေါ်မှာ လျှောက်ပြေးနေတယ်။ အဲဒါ ဘာဖြစ်တာတုံးဆိုတာ သိချင်လို့ပါ မဖဲဝါ။ ပြီးတော့ ဘယ်လိုလုပ်ရမယ်ဆိုတာလဲ ပြောပါဗျာ"

"တာတော၊ နင်တို့ရွာတောင်ပိုင်းက တောထဲဝင်ဝင်ပြီး ဘီထောင်တဲ့ကောင် နှစ်ကောင်"

"ဩော်၊ ကိုရွှေဝါးနဲ့ ကိုငွေဝါးတို့ကို ပြောတာထင်တယ်"

"အေး ဟုတ်တယ်၊ ဒီကောင်နှစ်ကောင် တောထဲကို ဘီထောင်သွားရင်း ကျောက်မျက်လုံးဂူကို ရောက်သွားတယ်။ အဲဒီဂူထဲမှာ ဘီလူးကနေ ကျောက်ဖြစ်သွားတဲ့ ကျောက်တုံးကြီး တစ်တုံး ရှိတယ်။ အဲဒီကျောက်တုံးမှာ ကျောက်ဖြစ်သွားတဲ့ ဘီလူး မျက်လုံးကြီးကို မြင်နေရတယ်။ ဒီဘီလူးက ကျောက်မဖြစ်ခင် ကတည်းက နဖူးမှာ မျက်လုံးတစ်လုံးပဲ ရှိတာ။ ထူးဆန်းတာက အဲဒီကျောက်မျက်လုံးကြီးက မျက်တောင်ခတ်တယ်။ အဲဒါကို သွားတွေ့တဲ့ ရွှေဝါးနဲ့ ငွေဝါးက ကျောက်မျက်လုံးကြီးကို ရအောင် ထုတ်ယူလာတယ်။ အခု နင်တို့ရွာမှာ လာပြီးသောင်းကျန်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်က အဲဒီကျောက်မျက်လုံးကို စောင့်ရတဲ့ 'တာပန' လို့ ခေါ်တဲ့ ဘီလူး။ ရွှေဝါးတို့ ငွေဝါးတို့ ကျောက်မျက်လုံးထုတ်ယူတဲ့ အချိန်မှာ ဒီဘီလူးက နတ်မင်းကြီးတွေ ခိုင်းထားတာရှိလို့ တစ်နေရာကို သွားနေရတယ်။ အဲဒီမျက်လုံးက ကျောက်ဖြစ်နေတဲ့ ဘီလူးမျက်လုံးအစစ် တာတေ၊ အင်မတန် အစွမ်းထက်တယ်။ လူတွေလက်ထဲမှာ ဒါကို ထားမှာမဟုတ်ဘူး။ ရွှေးစေ့လောက်ကလေးပဲ ဖဲ့ယူပြီး ဆောင်ထားရင်တောင် တုတ်၊ ဓား၊ လှံ၊ သေနတ်၊ မီးပေါက် ဘယ်လိုလက်နက်မျိုးမဆို ပီးတယ်။ မီးမလောင်ဘူး၊ ရေမှာ မမြုပ်ဘူး။ ဒါကို 'တာပန'ဘီလူးက ရအောင်ပြန်ယူလိမ့်မယ်။ ဒီတာဝန်က သူ့ကို နတ်မင်းကြီးတွေ ပေးထားတဲ့ တာဝန်ပဲ တာတေ၊ သူ ဒီကျောက်မျက်လုံးကို မရရအောင် ပြန်ယူမှာပဲ"

"ဒါဆိုရင် ဘယ်လိုလုပ်ရမတုံးဗျ"

"ဟဲ့ အဲဒီမျက်လုံးကို ကျောက်မျက်လုံးဂူမှာ ပြန်ထားလိုက်ပေါ့"

"ဟာ ဒါကို သွားထားတုန်း 'တာပန'ဘီလူးက သတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မတုံးဗျ"

"နင်တို့ သွားမပို့ခင် ငါ့ကို အကြောင်းပြုလိုက်။ နတ်မင်းကြီးတွေကို ငါလျှောက်ပြီး 'တာပန'ဘီလူးကို ဖယ်ခိုင်းထားမယ်၊ နင်တို့ကလည်း 'တာပန'စားဖို့ ဆိတ်အရှင်တစ်ကောင်ကို ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ချည်ပြီး ထားခဲ့ရမယ်”

ဟာ မဖဲဝါ ကြွသွားပြီဗျို့။ ဒေါ်ထွန်းလက်ကြီးအပေါ် မြှောက်ပြီး ဂူပေါ်မှာ ခွေကနဲ ထိုးကျသွားတယ်။ ကျုပ်က ဒေါ်ထွန်းကို သစ်စုန်းဆေးတော် ခပ်ထားတဲ့ရေနဲ့ တောက်ပေးလိုက်တယ်။ ဒေါ်ထွန်း သတိပြန်ရတော့ ကျုပ်တို့ ရွာထဲကို ပြန်ဝင်ခဲ့ကြတယ်။

ဒေါ်ထွန်းကို အရိုးလုံးတင်အိမ် ပြန်ပို့ပြီး ကျုပ်တို့ သူကြီးအိမ်ကို လာခဲ့ကြတယ်။ သူကြီးကို အဖြစ်အပျက်တွေအားလုံး ပြောပြလိုက်တော့ သူကြီးက ဆယ်အိမ်ခေါင်း ကိုဆယ်ကို ချက်ချင်းလွှတ်ပြီး ကိုရွှေဝါးနဲ့ ကိုငွေဝါးတို့ ညီအစ်ကိုကို ခေါ်ခိုင်းလိုက်တယ်။ ခဏနေတော့ ကိုငွေဝါး ပါလာတယ်။

“ဟေ့ကောင် ငွေဝါး၊ မင်းအစ်ကို ရွှေဝါးက ဘာလို့ လိုက်မလာတာတုံး၊ ငါ့ကို ပမာမခန့် လုပ်တာလားဟေ့”

သူကြီးဆိုတာလည်း အကြောင်းကြုံလာရင် နည်းနည်းတော့ အာဏာပြပေးရတယ်ဗျ။ ဒီလိုမှ မလုပ်ရင်လည်း လူတွေက မခန့်ကြဘူးဗျ။

“ဟာ မဟုတ်ရပါဘူး သူကြီးရယ်၊ သူကြီးကို ပမာမခန့် လုပ်တာ မဟုတ်ပါဘူးဗျာ၊ ကျုပ်အစ်ကို ရွှေဝါးက ရန်ကုန်ကို သွားနေလို့ပါဗျာ”

“ဟာကွ၊ ရွှေဝါးက ရန်ကုန်သွားတယ် ဟုတ်လား၊

—အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘာသွားလုပ်တာတုံး၊ ဘိထောင်လို့ရတဲ့ အသားတွေ ရန်ကုန် တက်ရောင်းတာလား”

သူကြီးက ငေါ့တော့တော့ မေးတာဗျ။

“ဟာ မဟုတ်ပါဘူး သူကြီးရဲ့၊ ကျောက်သွားရောင်းတာ ပါ”

“ဟေ၊ ကျောက်ဟုတ်လား၊ ဘာကျောက်တုံး၊ ပတ္တမြား လား”

သူကြီးက တမင်မေးနေတာဗျ။ ကျုပ်ပြောပြထားလို့ အားလုံးသိနေပြီးသားဗျ။

“ဟာ ပတ္တမြား မဟုတ်ပါဘူးဗျ၊ ရိုးရိုးကျောက်ပါ”

“ဩော် မျက်လုံးပုံလေးလားကွ၊ ငွေဝါးရ”

“ဟာ ဟုတ်တယ်၊ ဟုတ်တယ် သူကြီး၊ နို့ နေပါဦးဗျ၊ သူကြီးက ဒီကျောက်ကလေးအကြောင်းကို ဘယ်လိုသိနေတာတုံး”

“ဟေ့ကောင် ငွေဝါး၊ ငါ သူကြီးကွ၊ ဒီရွာမှာ အပ်ကျ တာကအစ ငါသိတယ် သိလား”

“ဩော်…ဟုတ်၊ ဟုတ်ကဲ့ပါ သူကြီး”

“မင်းအစ်ကို ရွှေဝါး အဲဒီကျောက်မျက်လုံးလေးကို ရန်ကုန် သွားရောင်းတယ်ဆိုတာ တကယ်လား”

“ဟုတ်ပါတယ် သူကြီး၊ ကျုပ် တကယ်ပြောတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ငါပြောမယ် ငွေဝါး၊ မင်းတို့ညီအစ်ကို ဂူကြီးတစ်ခုထဲက ကျောက်မျက်လုံးလေးကို ယူလာလို့ ဒီရွာတစ်ရွာလုံးဖြောင်းဆန်နေတာရော သိသလားကွ"

"ဗျာ၊ အဲ အဲဒါ ကျောက်မျက်လုံးနဲ့ ဆိုင်လို့လားဗျ သူကြီးရ"

"အေး ဆိုင်တယ်ဟေ့၊ သိပ်ဆိုင်တယ်ကွ၊ အဲဒီကျောက်မျက်လုံးကိုစောင့်တဲ့ ဘီလူး လိုက်လာပြီး ရွာထဲမှာ သောင်းကျန်းနေတာကွ သိသလား၊ မင်းအစ်ကို ရွှေဝါးက ဒီကျောက်မျက်လုံးကို ဘယ်သူ့ဆီမှာ ရောင်းမှာတုံး"

"ဒါတော့ ကျုပ်မသိဘူး သူကြီး၊ ရန်ကုန်က ကျုပ်တို့ဦးလေးက ကျောက်မျက်လုံး ယူပြီးလိုက်ခဲ့၊ သူရောင်းပေးမယ်ဆိုလို့ လိုက်သွားတာဗျ၊ ဒါပေမဲ့ သူတို့တွေ စမ်းကြည့်ဦးမှာပါ၊ တကယ်စွမ်းမှ ရောင်းလို့ရမှာပါဗျာ"

"ဒါဆိုရင် ရွှေဝါးက ဘယ်တုန်းက ရန်ကုန်ကို သွားတာတုံး၊ ဒီမနက်ပဲသွားတာ သူကြီး၊ ဒါပေမဲ့ ရန်ကုန်ကို ချက်ချင်းသွားမှာမဟုတ်သေးဘူး၊ မြို့မှာ တစ်ရက် နှစ်ရက် နေဦးမှာ"

"ဒါဆိုရင် မနက်ဖြန်မနက်စောစောထပြီး မင်းကိုယ်တိုင် ရွှေဝါးကို မြို့မှာ လိုက်ခေါ်ပေတော့။ အဲဒီကျောက်မျက်လုံး မပါဘဲ မင်းတို့နှစ်ယောက် ထနောင်းကုန်းကို ပြန်မလာခဲ့နဲ့။ အဲဒါ မပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာရင်တော့ ဒီတစ်ရွာလုံးကလူတွေ မင်းတို့နှစ်ယောက်ကို ဝိုင်းပြီးသတ်ကြလိမ့်မယ်၊ ဒီညလည်း ရွာထဲမှာ ဘာဖြစ်ဦးမယ် မသိဘူး"

"ဟုတ်၊ ဟုတ်ကဲ့ပါ သူကြီး၊ ကျုပ် မနက်စောစောထပြီး မြို့ကို လိုက်သွားမယ်။ ပြီးရင် ကျုပ်အစ်ကို ရွှေဝါးကိုခေါ်ပြီး ချက်ချင်းပြန်ခဲ့ပါ့မယ်"

ညသန်းခေါင်ကျော်တော့ ကင်းစောင့်တဲ့လူတွေရော၊ ရွာသားတွေရော တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြတော့တာပေါ့ဗျာ။ မျက်နှာတွေဆိုတာလည်း ဆီးရွက်လောက်ကို ရှိတော့တာဗျ။ မျက်နှာငယ်လေးတွေနဲ့ဗျို့။

"ဒုန်း၊ ဒေါင်း၊ ဒေါင်း၊ ဒေါင်း၊ ဒုန်း"

"ဒုန်း၊ ဒေါင်း၊ ဒေါင်း၊ ဒေါင်း၊ ဒုန်း၊ ဒုန်း"

"ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒေါင်း"

ဟာ ရွာထဲက အိမ်ခေါင်မိုးတွေပေါ်ကို ခဲလုံးတွေ ကျနေတာဗျို့။ အိုး ကောင်းကင်ကနေပြီး ခဲလုံးမိုးတွေ ရွာနေသလား မှတ်ရတယ်ဗျာ။

"ခဲတွေ ကျလာပြီဟေ့၊ သတိထားကြဟ"

ဆန်းတော့ ဆန်းသားဗျ။ ခဲလုံးတွေက အိမ်ခေါင်မိုးတွေပေါ်ကိုပဲ ကျတာဗျ။ ရွာလမ်းမပေါ်ကိုတော့ ခဲတစ်လုံးမှ မကျဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးလည်း တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ ပြောင်းဆန်နေတော့တာပေါ့ဗျာ။ ကျုပ်ကို မဖဲဝါပြောလိုက်တဲ့အကြောင်းကိုသာ ဒီရွာသားတွေကို ပြောဖြစ်လိုက်ရရင်တော့ ကိုရွှေဝါးတို့ ကိုငွေဝါးတို့အိမ်ကို ဝိုင်းပြီးများ ဖျက်ပစ်ကြမလားတောင် မသိဘူးဗျ။ ကျုပ်လည်း ဘယ်ပြောလို့ဖြစ်မှာတုံးဗျာ။ သူကြီးတစ်ယောက်ကိုပဲ ပြောပြရတာ။

တစ်ညလုံး တဒုန်းဒုန်း ကျနေတဲ့ ခဲတွေ မနက်သုံးနာရီလောက်မှ ရပ်သွားတာဗျို့။ အိပ်ရေးတွေပျက်ပြီး ယာထဲလည်း မဆင်းနိုင်ကြဘူးဗျ။ မနက်မိုးလင်းကာနီးမှ အိပ်ကြရတာမို့လား။ ကျုပ်တို့လည်း ဒီအတိုင်းပါပဲဗျာ။

တော်သေးတယ်လို့ပဲ ပြောရတော့မှာပဲဗျာ။ ညနေလောက်ရောက်တော့ ကိုငွေဝါး လိုက်ခေါ်တဲ့ သူ့အစ်ကို ကိုရွှေဝါး ပြန်ရောက်လာတယ်။ ကျုပ်ကို သူကြီးက ခေါ်ခိုင်းလို့ ကျုပ် လိုက်သွားတယ်။

သူကြီးက ကနုတ်ပန်းတွေဖော်ထားတဲ့ ကုလားထိုင်ကြီးမှာ ခန့်ခန့်ကြီးထိုင်ပြီး ကိုရွှေဝါးတို့ ကိုငွေဝါးတို့ ညီအစ်ကိုက သူကြီးရှေ့မှာ ယို့ယို့လေးတွေ ထိုင်နေကြတာဗျို့။

သူကြီးက ကျုပ်ကို လက်ကိုင်ပုဝါနဲ့ ထုပ်ထားတဲ့ အထုပ်ကလေးတစ်ထုပ် ပေးတယ်ဗျ။ ကျုပ်ကလည်း ရိုရိုသေသေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး ဖြည်ကြည့်လိုက်တော့ အံ့သြစရာပါဗျာ။ လူ့မျက်လုံးအရွယ် လောက်ရှိတဲ့ ကျောက်မျက်လုံးလေးဗျ။ တကယ်မျက်လုံးအတိုင်း ပါပဲဗျာ။ မျက်လုံးအဖြူသားနဲ့ အလယ်မျက်လုံးအနက်နဲ့ အထဲ မှာလည်း သူငယ်အိမ်နဲ့ဗျ။

ကျုပ် သူငယ်အိမ်ထဲကို သေသေချာချာ ကြည့်လိုက် တော့ အောင်မယ်လေး အထဲမှာ ဒူးတစ်ဖက်ထောင်ပြီး ထိုင်နေတဲ့ ဘီလူးဗျ။ လက်ထဲက တင်းပုတ်ကို ပခုံးပေါ်မှာ ထမ်းထားတယ်။ ကျောက်ဖြစ်သွားတဲ့ ဘီလူးရဲ့ဝိညာဉ်က ဒီထဲမှာ ကိန်းနေတာကိုး။ ဒါကြောင့် ဒီကျောက်မျက်လုံးက မျက်တောင်ခတ်တာကိုး။

"ကိုရွှေဝါး၊ ဒီမျက်လုံးကို ခင်ဗျားတို့ တွေ့တုန်းက မျက်တောင်ခတ်တယ်ဆို"

"အေး ဟုတ်တယ် တာတေ၊ မင်းကို ဘယ်သူပြောတာ တုံး"

"ကျုပ်ကို မဖဲဝါ ပြောတာဗျ"

ကျုပ်က မဖဲဝါ ပြောတာတွေကို သူတို့ညီအစ်ကိုကို ပြောပြလိုက်တယ်။ ဒီတော့မှ ညီအစ်ကိုနှစ်ယောက်စလုံး လန့်သွား ကြရောဗျို့။ သူကြီးကလည်း သူတို့ညီအစ်ကိုကို လှမ်းကျိန်းတော့ တာပေါ့ဗျာ။

"သူကြီးရယ် ကျုပ်တို့ ဒါတွေ ဘာမှမသိလို့ ယူခဲ့မိတာ



www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ။ ထူးဆန်းနေတော့ ကျုပ်တို့လည်း စိတ်ဝင်စားပြီး ယူခဲ့ကြတာပါ။ နောက်မှ ရန်ကုန်က ကျုပ်ဦးလေးက ဒီလိုပစ္စည်းဆန်းဆိုရင် ယူလာပြီး ပြကြည့်ပေါ့၊ ကြိုက်တဲ့လူတွေ့ရင် ဈေးကောင်းရတတ်တယ်ဆိုလို့ ကျုပ်လည်း သွားပြကြည့်မလို့ပါဗျာ။ ရွာထဲမှာ ဖြစ်နေတဲ့ကိစ္စတွေဟာ ဒီပစ္စည်းကြောင့်ဖြစ်တာမှန်း ကျုပ် လုံးဝ မတွေးမိဘူးဗျာ။ အခုလည်း ဒီကျောက်မျက်လုံးကို သူကြီးဆီမှာ အပ်ပါတယ်။ သူကြီး ကြိုက်သလိုသာ စီစဉ်ပါဗျာ"

ကိုရွှေဝါး ပြောတာကို ကြားတော့ သူကြီးက မျက်နှာကွက်ကနဲ ပျက်သွားတယ်ဗျို့။

"ဟဲ့ကောင် ရွှေဝါး၊ ဘယ့်နှယ် ငါက စီစဉ်ရမှာတုံး၊ မင်းတို့ညီအစ်ကို ယူလာတာ၊ မင်းတို့ ပြန်ပို့မှ ဖြစ်မှာပေါ့ကွ၊ မနက်ဖြန် ဆိတ်တစ်ကောင်ဝယ်ပြီး ကျောက်မျက်လုံးဂူကို ပြန်သွားပြီး ကျောက်မျက်လုံးကို ပြန်ပို့လိုက်၊ တာတေ လိုက်လုပ်ပေးလိမ့်မယ်"

"ဟုတ်၊ ဟုတ်ကဲ့ပါ သူကြီး"

အဲဒီညလည်း တစ်ညလုံး မအိပ်ကြရပါဘူးဗျာ။ လေပြင်းတွေတိုက်၊ အိမ်ခေါင်ပေါ်ကို ခဲတွေကျ၊ ခွေးတွေက ကြောက်လန့်ပြီး နွားတွေက တဖူးဖူး နှာမှုတ်၊ လူတွေလည်း နေစရာမရှိအောင် ကြောက်ကုန်ကြပြီပေါ့ဗျာ။ တိုက်လိုက်တဲ့ လေတွေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မနက်လင်းကာနီးမှ ငြိမ်သွားတာဗျ။ ကျုပ်စိတ်ထင်တော့ တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းလောက် ရှိမယ်ထင်တယ်။ ဒီပုံစံအတိုင်း နောက် သုံးလေးရက် ဆက်ဖြစ်နေရင်တော့ ကျုပ်တို့ရွာကလူတွေ တခြားကို ပြောင်းပြေးကြမလားတောင် မသိဘူးဗျ။

ကိုရွှေဝါးတို့ ညီအစ်ကိုနဲ့ ကျုပ် မနက်အစောကြီး ရွာက ထွက်လာခဲ့တယ်။ ရွာပြင်ရောက်တာနဲ့ ကိုရွှေဝါးက လက်ကိုင် ပုဝါနဲ့ ထုပ်ထားတဲ့ ကျောက်မျက်လုံးလေးကို ကျုပ်လက်ထဲ ထည့်လိုက်တယ်။

သူတို့ရောက်ခဲ့တဲ့ ကျောက်မျက်လုံးဂူ ဆိုတာကို သူတို့ပဲ သိမှာပေါ့ဗျာ။ ရှေ့ဆုံးက ကိုရွှေဝါး၊ ကျုပ်က အလယ်က၊ နောက် ဆုံးမှာက ဆိတ်တစ်ကောင် ကြိုးနဲ့ဆွဲပြီး လိုက်လာတာက ကိုငွေ ဝါးဗျ။

ဒီလူနှစ်ယောက်လည်း မိဘမှာ လက်ငုတ်လက်ရင်းလေး ရှိပေမယ့် ယာလုပ်တာက နည်းနည်း၊ တောထဲဝင်ပြီး ဘိထောင် တာက များများဖြစ်နေတာဗျ။ ဘိထောင်တယ်ဆိုတာက တောထဲ မှာ သားကောင်ကို ထောင်ချောက်ထောင်ပြီး ဖမ်းတာကို ပြောတာ ဗျ။

ကျုပ်ကတော့ ညကတည်းက မဖဲဝါကို အကြောင်းပြု ထားပြီးသားဗျ။ ဒီနေ့ ကျုပ် ကျောက်မျက်လုံးဂူကို သွားမယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပေါ့ဗျာ။

ကျုပ်တို့သုံးယောက် ရိုးမပေါ်ကို တက်လာပြီး နှစ်နာရီ လောက်ကြာတော့ တောင်ကမ်းပါးကိုပတ်ပြီး လျှောက်ရတဲ့ လူ လျှောက်လမ်းလေးကို တွေ့တယ်ဗျ။

"ဒီလမ်းပဲ တာတော၊ ဒီလမ်းအတိုင်းသွားရင် အဲဒီဂူပေါက် ကို တွေ့လိမ့်မယ်။ မင်းပဲ သွားထားလိုက်တော့ကွာ၊ ငါတို့ မလိုက်ဝံ့တော့ဘူး"

ကိုရွှေဝါးက ပြောတာဗျ။

"ဟာ၊ ဘယ်ဖြစ်မှာတုံးဗျ၊ ခင်ဗျားတို့ ယူခဲ့တဲ့နေရာကို ကျုပ်မှ မသိတာ၊ ပြီးတော့ ကျုပ်က သွားထားပါပြီတဲ့၊ ခင်ဗျားတို့ ညီအစ်ကို ဒီနေရာမှာ နေခဲ့ရဲလား"

ကျုပ်မေးလိုက်တော့မှ ညီအစ်ကိုနှစ်ယောက် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး…

"ဟာ၊ အဲဒီလိုလည်း မနေရဲဘူးကွ၊ ဟာ မထူးပါဘူး ကွာ၊ မင်းနဲ့ပဲ လိုက်ခဲ့ပါ့မယ်"

"ကဲ ဒါဆိုရင် ကိုရွှေဝါး ရှေ့က သွားပေတော့"

လူသွားလမ်းကလေးက တော်တော်ရှည်သားဗျ။ တော် တော်လေး သွားမိတော့မှ ကျောက်ဂူကို တွေ့ရတာဗျို့။ ဂူက အဝကလည်း ကျယ်တယ်၊ အထဲမှာလည်း တော်တော်ကျယ်သားဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ဂူထဲကို ဝင်လာတယ်။

"ဟိုမှာ တာတေ၊ အဲဒီကျောက်တုံးကြီးမှာ ဒီကျောက်မျက်လုံးကို တွေ့တာ"

ဂူထဲမှာက အလင်းရောင်ဖျော့ဖျော့လေး လင်းနေတယ်။ ကျောက်တုံးကြီးက လူကြီးတစ်ယောက် ထိုင်နေသလိုလိုပဲဗျ။ ဒါပေမဲ့ ပီပီပြင်ပြင်တော့ မရှိလှဘူး။ လူခေါင်းလို့ထင်ရတဲ့ နေရာမှာ တွင်းကလေး ဖြစ်နေတာဗျ။

မဖဲဝါ ပြောသလိုဆိုရင် ဒီကျောက်တုံးကြီးက ဘီလူးကြီး ကျောက်ဖြစ်သွားတဲ့ ကျောက်တုံးကြီးပဲဗျ။ ဒီတွင်းကလေးက ကိုရွှေဝါး ဓားနဲ့ ကော်ထုတ်ခဲ့တဲ့ ကျောက်မျက်လုံးအရာကလေးပဲ။ ဒါဆိုရင် ဒီနေရာဟာ ဘီလူးကြီးရဲ့ နဖူးနေရာပဲဖြစ်မယ်။

ဘာဖြစ်လို့တုံးဆိုတော့ မဖဲဝါ ပြောတာက အဲဒီဘီလူးကြီးက နဖူးမှာ မျက်လုံးတစ်လုံးပဲ ပါတာဆိုပဲဗျ။

ကျုပ်က လက်ကိုင်ပုဝါနဲ့ ထုပ်ထားတဲ့ ကျောက်မျက်လုံးကလေးကို ထုတ်ယူပြီး ကျောက်တုံးကြီးပေါ်ကို တွယ်တက်ခဲ့တယ်။ နည်းနည်းလောက် တက်လိုက်တော့ တွင်းနေရာလေးကို လက်လှမ်းလို့ မှီသွားပြီဗျ။ ကျောက်မျက်လုံးကို တွင်းကလေးထဲ သေသေချာချာ ပြန်ထည့်လိုက်တယ်။

အံဝင်ခွင်ကျကို ဝင်သွားတာဗျ။ ကျုပ် သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ဟာ မျက်တောင်ခတ်နေတယ်ဗျို့။ ကျုပ်လည်း ကျောက်တုံးကြီးပေါ်က မြန်မြန်ပြန်ဆင်းလာတယ်။

ဘာက ဘယ်လိုခတ်နေတာလဲတော့ မသိဘူးဗျ။ ကျောက်မျက်လုံးလေးက မျက်တောင်ခတ်နေတာတော့ အမှန်ပဲ ဗျို့။

မဖဲဝါ ပြောသလိုဆိုရင် ကျုပ်တို့ရွာကို လာပြီးခြောက်လှန့်နေတဲ့ တာပနလို့ခေါ်တဲ့ ဘီလူးက ဒီကျောက်မျက်လုံးကို လူတွေလက်ထဲ မရောက်အောင် စောင့်နေရတဲ့ ဘီလူးဗျ။ မဖဲဝါက နတ်မင်းကြီးတွေကို လျှောက်လိုက်လို့ တာပနကို တစ်နေရာရာ လွှတ်လိုက်တာ ဖြစ်မယ်ဗျ။

BURMESE CLASSIC

အချိန်တော့ သိပ်ကြာလို့မဖြစ်ဘူး။ မတော်လို့ တာပန ပြန်ရောက်လာရင် ကျုပ်တို့ ဒီနေရာမှာတင် ကိစ္စပြတ်သွားမှာဗျို့။

ကိုငွေဝါးလက်ထဲက ဆိတ်ကိုယူပြီး တိုင်လိုဖြစ်နေတဲ့ ကျောက်ပန်းဆွဲကြီးတစ်ခုမှာ ကြိုးချည်ထားလိုက်တယ်။ ပြီးတာနဲ့ ကျုပ်တို့သုံးယောက် သုတ်ခြေတင်တော့တာဗျို့။

ကျုပ်တို့ ကျောက်မျက်လုံးဂူနဲ့ တော်တော်လေး ဝေးလာတဲ့အချိန်မှာ…

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း"

ဟာ တောကြီးတစ်တောလုံး လေပြင်းတိုက်တော့တာပဲဗျို့။



www.burmeseclassic.com

www.burmeseclassic.com



“ဟား၊ ဟား၊ ဟား၊ ဟား၊ ဟီး၊ ဟီး၊ ဟီး”

ကျောက်မျက်လုံးဂူဘက်က ထွက်လာတဲ့ ရယ်သံကြီးဗျို့။ ကျောက်မျက်လုံးစောင့်တဲ့ ဘီလူးတာပန ပြန်ရောက်လာပြီ ထင်တယ်ဗျ။

“ဟား၊ ဟား၊ ဟား၊ ဟား၊ ပဲ ဟဲ ဟဲ”

ဟာ ဆိတ်အော်သံပါ ကြားရတယ်ဗျို့။ ကျုပ်တို့ ထားခဲ့တဲ့ ဆိတ်ကလေးကို ဘီလူး စားနေပြီထင်တယ်ဗျို့။

ဘီလူးရယ်တဲ့ အသံကြီး ကြားရလေ ကျုပ်တို့သုံးယောက်လည်း ခြေလှမ်းတွေ ပိုသွက်လာလေပဲဗျို့။

နေမွန်းတည့်တာနဲ့ ကျုပ်တို့ ရွာပြန်ရောက်ကြတယ်။ ကျုပ်တို့ အိမ်တန်းမပြန်ဘဲ သူကြီးအိမ်ကို သွားပြီး အကျိုးအကြောင်း ပြောပြရသေးတာပေါ့ဗျာ။

ညရောက်တော့ ကျုပ်လည်း စိတ်ထဲမှာ တထင့်ထင့်နဲ့ စောင့်နေရတာဗျ။ ကိုရွှေဝါးတို့ ညီအစ်ကိုလည်း ကျုပ်လိုပဲ ရှိမှာပေါ့ဗျာ။

သန်းခေါင်ကျော်တော့ ကင်းစောင့်နေတဲ့လူတွေရော ရွာသားတွေရော တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြောက်နေကြပြန်တာပေါ့ဗျာ။ ဘယ်နားကများ မီးတွေ ထတောက်မလဲ။ ခဲလုံးတွေများ ကျလာဦးမှာလား၊ ခေါင်မိုးတွေပေါ်ကို လှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးဦးမှာလား။ ဒါမှမဟုတ်ရင်လည်း ကိုယ့်နောက်ကများ အကောင်ကြီးတစ်ကောင် ဘွားကနဲ ပေါ်လာမှာလားဆိုပြီး တွေး နေကြမှာပေါ့ဗျာ။

ညတစ်ချက်တီး။ နှစ်ချက်တီး။ ဘာမှမဖြစ်ဘူးဗျို့။ သုံးချက်တီး၊ လေးချက်တီး အားလုံး စိတ်ချလက်ချနဲ့ အိမ်ပြန်ပြီး အိပ်ကြပြီဗျို့။

အဲဒီညကစပြီး နောက်ညတွေလည်း ဘာမှမဖြစ်တော့ ဘူး။ ကျုပ်လည်း သစ်စုန်းတောင်ဝှေးကို ဆရာတော်ဆီ ပြန်အပ် လိုက်တယ်။ ရွာကလူတွေလည်း ခါတိုင်းလိုပဲ ယာထဲဆင်းတဲ့လူ ကဆင်း၊ ထင်းခွေတဲ့သူကခွေ၊ ရေစည်တိုက်တဲ့သူကတိုက်နဲ့ ထနောင်းကုန်းလည်း ပုံမှန်ပြန်ပြီး လှုပ်ရှားလာတော့တာပေါ့ဗျာ။

□□□

တာတေ

သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေ၊ အောက်လမ်း၊ အထက်လမ်း၊ လျှို့ဝှက်ပညာရပ်များ၊
အတိုက်အခိုက်များ၊ တန်ပြန်ခြင်းများကို ရင်တထိတ်ထိတ်နှင့် ဖတ်ရှုရမည့်...
တာတေ
စီစဉ်သည်
မဂ္ဂဇင်း
အမှတ်(၁)
ထွက်နေပြီ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



# ရေတံခွန်ချောင်း

ဒီနှစ်တော့ မိုးကောင်းသားဗျ။

မိုးကောင်းတော့ နှမ်းအောင်တာပေါ့ဗျာ။ ဒါပေမဲ့ မိုး

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အကောင်းလွန်သွားရင်လည်း နှမ်းပျက်ရောဗျို့။ ခုအချိန်အထိတော့ မဆိုးဘူး ပြောရမှာပဲ။ လိုသလောက်မိုးပဲ ရွာလို့ဗျ။

အောက်ပြည်အောက်ရွာမှာတော့ ဒီအချိန်ဆိုရင် မိုးတွေ တအုံးအုံးချနေလောက်ပြီဗျ။ ဝါဆို ဝါခေါင် ရေတွေကြီးလို့ဆိုတာ အောက်ပြည်အောက်ရွာအတွက် ရေးဖွဲ့တဲ့ ကဗျာပေါ့ဗျာ။ ကျုပ်တို့ အညာမှာတော့ မိုးက ခပ်ဖွဲ့ဖွဲ့ပါပဲ။

ဒါပေမဲ့ တာတေက ဝါဆို ဝါခေါင် ရေကြီးချိန်မှာ သပြေသီးမှည့်တွေ ကောက်ခဲ့ဖူးသားဗျ။ ချင်းတွင်းမြစ်ရဲ့ လက်တက်ချောင်းခွဲတစ်ခုပေါ့ဗျာ။ ရေတံခွန်ချောင်းတဲ့ဗျ။ ကျုပ်တို့ ထနောင်းကုန်းနဲ့တော့ အတော်လေး လှမ်းသားဗျ။

ချောင်းကမ်းနံဘေးမှာ ရွာတည်တဲ့နေရာလေဗျာ။ ရေတံခွန်ချောင်းက ဘယ်ကစပြီး စီးလာတယ်တော့ မပြောတတ်ဘူးဗျ။ ချင်းတွင်းမြစ်နဲ့ မပေါင်းခင်အထိဆိုရင် ချောင်းကမ်းပါး တစ်လျှောက် တည်ထားတဲ့ ရွာပေါင်း ဘယ်လောက်တောင်ရှိတယ် ဆိုတာလည်း ကျုပ်မသိဘူးဗျ။

ကျုပ်သိသလောက် ပြောရရင်တော့ ချောင်းရဲ့ ဟိုဘက်ကမ်းမှာ ဝဲပြန်ရွာ၊ ရေကမြင်းရွာ၊ အင်တောရွာ၊ ဆင်အောင်းရွာ၊ ဆင်မောင်းရွာ ဆိုတာတွေ ရှိတယ်ဗျ။ ချောင်းဒီဘက်ကမ်းမှာတော့ စုံပေါက်ရွာ၊ လက်တက်ခွဲရွာ၊ ချောင်းရေကျော်ရွာ၊ ဆင်မသားရွာ



www.burmeseclassic.com

www.burmeseclassic.com



ရွာ၊ ချင်းစုရွာတွေ ရှိတယ်ဗျ။

ကျုပ်ရောက်ဖူးတာက ‘လက်တက်ခွဲရွာ’လေဗျာ။ ဘိုးလူပေ ခေါ်လို့ ကျုပ်လိုက်သွားတာ။ ရေတံခွန်ချောင်းကနေ ထပ်ပြီး ခွဲထားတဲ့ ချောင်းလက်တက်ကလေးမှာ တည်ထားတဲ့ ရွာကလေး မို့လို့ လက်တက်ခွဲလို့ ခေါ်တာဗျ။ အိမ်ခြေနှစ်ရာကျော်လောက် တော့ ရှိတယ်။ တစ်ရွာလုံး လယ်လုပ်ကြတယ်။ စပါးအဓိက စိုက်ကြတာပေါ့ဗျာ။ သီးထပ် သီးညှပ်တွေလည်း အနည်းအကျဉ်း တော့ စိုက်ကြတယ်။ မတ်ပဲတို့၊ ပဲတီစိမ်းတို့၊ ပဲကြီးတို့ပေါ့ဗျာ။ တချို့ဘက်မှာတော့ ဆီးပင်တွေ စိုက်ကြတယ်ဗျ။ လူတစ်ရပ် လောက်မြင့်တဲ့ ဆီးပင်တွေ ရာချီအောင် စိုက်တာပေါ့ဗျာ။

ဘိုးလူပေနဲ့ ကျုပ်လိုက်သွားတုန်းက မိုးတွင်းပဲဗျ။ အဲဒီ ဘက်မှာက မိုးကောင်းတယ်။ လယ်ကွင်းတွေထဲမှာ ရေမှဖွေးလို့ဗျ။ စပါးတွေ စိုက်နေကြတာ။ ကောက်စိုက်သမတွေဆိုတာ သီချင်း တွေ တကြော်ကြော်ဆိုလို့ဗျ။

ကျုပ်က ထနောင်းကုန်းက ကိုဆိတ်ဖွားနဲ့ အင်းကြီးတွေ ထဲလည်း လိုက်ဖူးတယ်။ အောက်ပြည်သွားပြီး ငါးသလောက် ငါးပိကောင် ဝယ်တာလည်း လိုက်ဖူးတယ်။ ကျုပ်က အညာသား ဆိုပေမယ့် လှေလည်း ကောင်းကောင်းလှော်တတ်သဗျ။

ကျုပ်နဲ့ ဘိုးလူပေ ပြန်တော့ လက်တက်ခွဲကလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို ထနောင်းကုန်းအထိ လိုက်ပို့ကြတာဗျ။ အဲဒီဘက်က လူတွေလည်း တော်တော်တော့ ခင်တတ်သားဗျ။

ကျုပ်က လှည်းကောက်ရင်း ဟိုတွေး ဒီတွေး တွေးနေတာဗျို့။ မြေဆီထည့်တဲ့ ပလောင်စတစ်အိတ်အထူကြီးတွေကို အောက ထပ်ထပ်ပြီးတော့ ကြိုးနဲ့စည်းထားတာဗျ။ အဲဒီအိတ်အလိပ်ကြီးကို လှည်းပေါ်တင်လိုက်တယ်။ နွားမောင်းဖို့ နတံယူလိုက်တယ်။ ကျုပ်တို့အညာမှာ နွားမောင်းတဲ့ နတံဆိုတာ နှင်တံကို ပြောတာဗျ။ နှစ်တောင်လောက်ရှိတဲ့ ဝါးတုတ်ပေါ့။ ထိပ်မှာ သံချောင်းသေးသေး တိုတိုလေး မြှုပ်ထားတယ်။ နွားတွေ ဖြောင့်ဖြောင့်မသွားတဲ့အခါတို့ လှည်းမရုန်းတဲ့အခါတို့ဆိုရင် တင်ပါးကို နတံက သံချွန်လေးနဲ့ ထိုးပေးရတာပေါ့ဗျာ။

"တာတေရေ၊ အဆင်သင့် ဖြစ်ပလားဟေ့"

"အေး၊ အဆင်သင့်ပဲဟေ့၊ မင်းကို စောင့်နေတာ"

ကျုပ်နဲ့ တိုးလှ ဒီနေ့ တောင်ရွာစုဘက် သွားပြီး မြေလိုဏ်ဂူကြီးတွေထဲမှာ လင်းနို့ချေး သွားကျုံးမလို့ဗျ။ လင်းနို့ချေးဆိုတာ ကျုပ်တို့ယာခင်းတွေအတွက် အကောင်းဆုံး သဘာဝ မြေသြဇာပဲလေဗျာ။ ယာတွေထဲမှာ တစ်နှစ်တစ်ခါ လင်းနို့ချေး ပက်ပေးနိုင်ရင် နှမ်းတွေ ပဲတွေ လှတ်ကောင်းတာဗျ။

ကျုပ်ပြောခဲ့ပါရောလားဗျာ။ ကျုပ်တို့တောင်သူအလုပ်က



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရင်သာဗျ၊ လုပ်မယ်ဆိုရင် လုပ်စရာတွေချည်းပဲ။ တောင်ရွာစုက မြေလိုဏ်ဂူကြီးတွေက သဘာဝအတိုင်းကို ဖြစ်နေတာဗျ။ ဂူပေါက်တစ်ခုဆိုရင် လင်းနို့ချေးက တင်းနဲ့ကိုချီပြီးရတာ။ အဲဒီဘက်မှာ မြေလိုဏ်ဂူကြီးတွေဆိုတာ အပေါက်သုံးလေးဆယ်ရှိတာဗျ။ ကျုပ်နဲ့ တိုးလှ တစ်ယောက်ကို လင်းနို့ချေး ရှစ်အိတ်စီလောက် ရကြတာဗျ။ ဒါလောက်ဆိုရင် တော်တော်ကို အဆင်ပြေသွားပြီလေဗျာ။

မြေလိုဏ်ဂူကြီးတွေထဲဝင်ပြီး လင်းနို့ချေး ကျုံးတယ်ဆိုတာလည်း ကျုံးနေကျလူမှ ခံနိုင်တာဗျ။ လင်းနို့ချေးနံ့ဟာ လိုဏ်ခေါင်းထဲမှာ လှောင်ပြီးနေတော့ အသက်ရှူရတာ အားကြီးခက်တာဗျို့။ လင်းနို့ချေးမှာ ယမ်းဓာတ်အပြည့်ပါတာဆိုတော့ လိုဏ်ခေါင်းကြီးထဲမှာ ယမ်းနံ့တွေ မွှန်ထူနေတာ။ တိုးလှတို့ ကျုပ်တို့ကတော့ လင်းနို့ချေး ကျုံးနေကျဆိုတော့ ခံနိုင်ရည်ရှိနေပြီပေါ့ဗျာ။ ကျုပ်တို့နှစ်ယောက် လှည်းမောင်းပြီး ပြန်လာတော့ပဲ နေစောင်းနေပြီ။ ဘိုးညီလေးထန်းတောရောက်တော့ နွားရိုင်းသွင်းချိန်ဗျ။

"ချလွင်၊ ချလွင်၊ ချလွင်၊ ချလွင်၊ ချလွင်"

"ဟာ တာတေ၊ ထန်းတောဟိုဘက်ကို ကြည့်လိုက်စမ်း"

တိုးလှပြောလို့ ကျုပ် လှမ်းကြည့်လိုက်မိတယ်။

"ဟာ လှည်းတန်းကြီးပါလားကွ တိုးလှရ၊ ပေါင်းမိုး



www.burmeseclassic.com

www.burmeseclassic.com



လှည်းတွေချည်းပဲကွ၊ ဘုရားပွဲတွေ ဘာတွေရှိလို့ တစ်ရွာလုံး သွားတဲ့ပုံပဲကွ။ ချုံသံတွေမှ တချွင်ချွင်နဲ့ ညံနေတာပဲဟေ့”

“ဖူး၊ ဖူး၊ ဖူး၊ ဖူး”

ဟာ ကျုပ်တို့နွားကြီးတွေ တဖူးဖူးနဲ့ နှာမှုတ်ပြီး ရပ်သွားပြီဗျို့။ နတံနဲ့ တို့လည်း ပေပြီး အနားခံနေရောဗျို့။ ရှေ့ကို နည်းနည်းမှ မတိုးတော့ဘူးဗျ။ ကျုပ်တို့က ဘိုးညီလေးထန်းတော ကြီးရဲ့ ဒီဘက်မှာဗျ။ လှည်းတွေက ထန်းတောဟိုဘက်မှာ နဘူးချုံ တွေကြားကနေ ထွက်လာတာပဲဗျ။ လှည်းအားလုံး ပေါင်းမိုးတပ် ချည်းပဲဗျ။ နွားကြီးတွေမှ ကောင်းလိုက်တာဗျာ။ နည်းနည်းနောနော ဒေါက်ကြီးတွေ မဟုတ်ဘူး။

“တာတေ ဒါ ဘာဖြစ်တာတုံး၊ ငါတို့နွားတွေ ရှေ့မတိုး တော့ပါလားကွ”

“အေးကွ တိုးလှရ၊ ထူးတော့ ထူးနေပြီကွ၊ ဒါထက် နေပါဦး တိုးလှရ၊ ဘိုးညီလေးထန်းတောရဲ့ ဟိုဘက်မှာ ဘိုးညီ လေးရဲ့ ယာတွေပဲ ရှိတာမို့လား၊ ဟိုနဘူးချုံကြီးတွေက ဒီနေရာမှာ ရှိလို့လား”

“ဟေ၊ ဟုတ်သားပဲကွ တာတေရ၊ မင်းပြောမှပဲ ငါ သတိထားမိတော့တယ်။ ဒီနေရာမှာ ဘာနဘူးချုံမှ မရှိဘူးကွ၊ ထန်းတောဟိုဘက်ကို မျက်စိတဆုံး မြင်နေရတာပဲဟာ၊ ယာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိတာလေ။ လှည်းတွေက နဘူးချုံကြီးတွေထဲက တိုးတိုးထွက်လာနေတာကွ"

"အေး ဟုတ်တယ် တိုးလှ၊ မင်း လှည်းတွေ ရေထားလား၊ ဆယ့်နှစ်စီး ရှိသွားပြီကွ၊ တွေ့လား ထွက်လာနေတုန်းပဲ၊ ပြီးတော့ အရှေ့စူးစူးကို သွားနေတာနော်၊ အဲဒီဘက်မှာ ဒီအချိန် ဘာဘုရားပွဲမှ ရှိတာမှ မဟုတ်တာ"

ကျုပ်တို့နွားကြီးတွေလည်း ရှေ့ကို နည်းနည်းမှ မတိုးတော့ ကျုပ်တို့လည်း နဘူးချုံကြီးတွေကြားက တစ်စီးပြီးတစ်စီး ထွက်လာတဲ့ လှည်းတွေကိုပဲ ကြည့်နေရတော့တာပေါ့ဗျာ။

လှည်းပေါ်မှာလည်း လူတွေအပြည့်ဗျာ။ ကလေးတွေရော မိန်းမတွေရော ပြီးတော့ စားအိုး စားခွက်တွေပါ ပါတာဗျ။ ဆူညံ ဆူညံနဲ့ စကားတွေ ပြောဆိုပြီး သွားကြတာဗျ။ သူတို့ ကြည့်ရတာ ပျော်ပျော်ပါးပါးပဲဗျာ။

ကျုပ်တို့ ကြည့်နေတဲ့ နေရာနဲ့က နည်းနည်းလှမ်းတော့ ဘာတွေပြောမှန်း မသိဘူးဗျ။ တိုးလှနဲ့ ကျုပ်နဲ့ အံ့သြနေကြတာဗျ။ ကျုပ်ရော ဒီကောင်ရော ရေထားတာ လှည်းအစီး ငါးဆယ်ကျော်ပြီ၊ ခုထိ မကုန်သေးဘူး။ လှည်းခုနစ်ဆယ့်ငါးစီးပြည့်တော့ နောက်ထပ်ထွက်မလာတော့ဘူးဗျို့။

"တာတေ ဒါ ဘုရားပွဲသွားတာတော့ မဖြစ်နိုင်ဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



လှည်းတွေ ဒီလောက်များတာ”

“တိုးလှရာ ဘုရားပွဲသွားတာတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဝါဆို ဝါခေါင်ကြီးမှာ ဘယ်ကဘုရားပွဲက ရှိမှာတုံးကွ”

“ဒါဆိုရင် ဒီလူတွေ ဘယ်ရွာကလို့ ထင်တုံး”

“တိုးလှ ဒီအနီးအနားမှာ ငါတို့မသိတဲ့ရွာဆိုတာ ရှိလို့လား၊ အခုလိုမျိုး လှည်းခုနစ်ဆယ့်ငါးစီးနဲ့ ခရီးသွားတာ၊ မင်း မြင်ဖူးလို့လား”

“ဟော့အေး၊ မြင်လည်း မမြင်ဖူးဘူး၊ ပြောတာလည်း မကြားဖူးဘူး”

“အေး၊ ဒါဆိုရင်တော့ ဒါမျိုးကို မြင်တာ ငါနဲ့ မင်းနဲ့ ပထမဆုံးပဲ ဖြစ်မယ်ကွ”

“ဟေ ဘယ်လိုကွ တာတေ၊ မင်းနဲ့ ငါက ပထမဆုံး မြင်တာ ဟုတ်လား”

“ဟုတ်တယ် တိုးလှ၊ ဒါ လူတွေ မဖြစ်နိုင်ဘူး”

“ဘာကွ တာတေ၊ လူတွေ မဟုတ်ဘူး၊ ဟုတ်လား ဒါဆိုရင် ဘာတွေတုံး”

“ငါ့စိတ်ထင်တော့ ကျတ်တွေ ရွာပြောင်းတာထင်တယ်”

“ဟာ ဟုတ်လား၊ ကျတ်ကို ငါတို့ မြင်နိုင်လို့လားကွ”

“ကျတ်ဆိုတာ လူနဲ့ အနီးစပ်ဆုံး တစ္ဆေတွေပဲကွ၊



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသင့်သွားတဲ့အခါ လူတွေက ကျွတ်တွေကို မြင်ရတာတ်တယ်''

''နို့ ကျွတ်တွေကရော လူတွေကို မြင်နိုင်လို့လားကွ''

''ဟာ သူတို့ကတော့ မြင်နိုင်တယ်ကွ၊ ဒါပေမဲ့ ကျွတ်ဆိုတာ လူရပ်ရွာကို ဘယ်တော့မှ လာတယ်လို့ မရှိဘူး၊ လူတွေကို အမြဲရှောင်တယ်။ ငါသိတာကတော့ လူလိုပဲ အိမ်နဲ့ဘာနဲ့၊ မိသားစုနဲ့၊ ရပ်နဲ့ရွာနဲ့ နေကြတဲ့ တစ္ဆေတစ်မျိုးပဲကွ''

''ဥစ္စာစောင့်တွေ သိုက်ပြောင်းတာရော မဖြစ်နိုင်ဘူးလားကွ''

''ဟာ ဥစ္စာစောင့်တော့ မဖြစ်နိုင်ဘူးကွ၊ ငါ့ကို ငါ့ဆရာကြီး ဘိုးလူပေ ပြောဖူးတယ်၊ ဥစ္စာစောင့် သိုက်ပြောင်းတာ ဒီအချိန် မဟုတ်ဘူးကွ၊ ညသန်းခေါင်လောက်မှ ပြောင်းတာဆိုပဲ။ ခုဟာက နွားရိုင်းသွင်းချိန်ဆိုတော့ ဥစ္စာစောင့် မဖြစ်နိုင်ဘူးကွ၊ ဒါ ကျွတ်ရွာပြောင်းတာပဲဖြစ်မယ်။ ကဲ သွားကြစို့ကွာ၊ မိုးချုပ်တော့မယ်''

ကျူပ်က ပြောပြောဆိုဆိုနဲ့ နွားတွေကို နှတံနဲ့ တို့လိုက်တယ်။ ဘိုးလှကလည်း သူ့နွားတွေကို နှတံနဲ့ တို့တာပေါ့ဗျာ။ ဒါပေမဲ့ နွားတွေက မသွားဘူးဗျ။

''ဟာ တာတေ ဘာဖြစ်တုံး မသိဘူး၊ ကျွတ်တွေ ငါ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို တစ်ခုခုလုပ်သွားလား မသိဘူးကွ”

“ဟာ တိုးလှကလည်း မဟုတ်တာ ပြောရှော့မယ်၊ ခဏစောင့်ကြည့်စမ်းပါဦးကွ”

“ချလွင်၊ ချလွင်၊ ချလွင်၊ ချလွင်”

“ဟော ကြားလား ခြူသံ၊ လှည်းတွေ ကျန်သေးလို့ ငါတို့နွားတွေက မသွားတာကွ”

“အေးကွ ဟုတ်တယ်၊ ဟော ဟော ထွက်လာပြီ၊ ဟာ ဒါက ဘာကြီးတွေတုံးကွ၊ ပေါင်းမိုးလှည်း မဟုတ်ပါလား”

“ဒါ ဘီရိုလှည်းခေါ်တယ်ကွ တိုးလှရ၊ တစ်စီး၊ နှစ်စီး၊ သုံးစီး”

“ကုန်သွားပြီ ထင်တယ်ကွ”

“ဒါ ရွာလူကြီးမိသားစုတွေစီးတာ ဖြစ်မယ်ကွ၊ လှည်းမှာ ကနုတ်တွေ ဘာတွေ ဖော်ထားတာကွ။ ဘီရိုးခန်းမှာလည်း ခန်းဆီးတွေ ဘာတွေ သေသေချာချာ တပ်ထားတာဗျား”

ဘီရိုလှည်းသုံးစီးက ရှေ့ကသွားတဲ့ လှည်းတန်းကြီး နောက်ကို လိုက်သွားတာဗျ။ ကျုပ်က နွားတွေကို နတံနဲ့ တို့လိုက်တယ်။ ဟော သွားပြီဗျို့။ သွားပြီ။ ခုမှပဲ ကျုပ်တို့နွားကြီးတွေ သွားတော့တယ်ဗျာ။

“လှည်းတွေ ကုန်သွားတာ သေချာပြီဟေ့ တိုးလှ”

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



"အေးကွ၊ ဒီနွားတွေရဲ့ အာရုံက သိနေတာ အံ့ဩစရာ ပါပဲကွာ"

ကျုပ်တို့လှည်းတွေ ထန်းတောထဲရောက်တော့ ကျုပ်က စောစောက လှည်းတွေ ထွက်လာတဲ့ နဘူးချုံတွေကို လှမ်းကြည့် လိုက်မိတယ်။

"ဟာ"

"တာတေ ဘာဖြစ်တာတုံးဟ"

"ဟော့ကောင် တိုးလှ၊ မင်းကြည့်လိုက်စမ်း၊ နဘူးချုံတွေ ရှိသေးလား"

ကျုပ်ပြောတော့ တိုးလှက ဆတ်ကနဲ လှမ်းကြည့်တယ်။

"ဟာ၊ ဟုတ်သားပဲ တာတေရ၊ စောစောက နဘူးချုံကြီး တွေ ဘယ်ပျောက်သွားတုံး"

"ဟုတ်တယ်ကွ တိုးလှရဲ့၊ ငါ့ကို ဆရာနွံဖတို့ ပြောဖူး တယ်။ ဒီလောကကြီးမှာ မင်းတို့ ငါတို့လိုလူတွေ မမြင်ရတဲ့ အရာတွေ၊ မမြင်အပ်တဲ့ အရာတွေ အများကြီး ရှိတယ်တဲ့ကွ။ တချို့ညောင်ပင်ကြီးတွေမှာ ရုက္ခစိုးကြီးတွေက ဗိမာန်ကြီးတွေနဲ့ နေကြတာဆိုပဲ။ တချို့ရုက္ခစိုးကြီးတွေရဲ့ ဗိမာန်ကြီးတွေက တော် တော်ခမ်းနားတာဆိုပဲ။ မင်းတို့ ငါတို့ မြင်ကြရတာမှ မဟုတ်တာ။ တို့မော့ကြည့်ရင် ညောင်ပင်ကြီးပဲ တွေ့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ ဒီညနေတွေ့ရတာတွေကတော့ ငါ့အဖို့ အထူးအဆန်းချည်းပဲကွ၊ ဒီနေရာမှာ မင်းသာ မပါရင် ငါတော့ လှည်းကို တရကြမ်း မောင်းပြေးမိမှာပဲကွ"

ကျုပ်တို့ ရွာရောက်တယ်ဆို မှောင်သွားတော့တာပေါ့ဗျာ။ ညရောက်လို့ ထမင်းစားသောက်ပြီးတော့ ကျုပ်က ညနေက တွေ့ခဲ့တဲ့ လှည်းတန်းကြီးအကြောင်း ပြောပြတော့ အဘနဲ့ အမေလည်း အံ့သြကြတာပေါ့ဗျာ။ ဒီညတော့ တိုးလှလည်း ဒီအကြောင်းကို သူ့အိမ်မှာ ပြောနေရောပေါ့ဗျာ။ အဘနဲ့ အမေက ပြောင်းဖူးဖက်ဆေးလိပ်ကြီးတွေကိုဖွာရင်း တွေးနေကြတာဗျ။

"အေးပေါ့ လူလေးရာ၊ ဒါမျိုးတွေလည်း ရှိကြမှာပေါ့ကွာ၊ ဘုရားက သုံးဆယ့်တစ်ဘုံလို့ ဟောထားတာပဲလေ။ အဘတို့လူတွေ မျက်စိနဲ့ မြင်ရတာဆိုလို့ တိရစ္ဆာန်ဘုံတစ်ခုပဲ ရှိတာပဲလေ။ ကျန်တဲ့ဘုံတွေကို မြင်နိုင်တာမှ မဟုတ်တာ"

အဲဒီညက အဘရယ်၊ အမေရယ်၊ ကျုပ်ရယ် တော်တော်ညဉ့်နက်တဲ့အထိ စကားတွေ ပြောကြတာဗျ။ အဘကလည်း သူ ကြားဖူးတဲ့ကျတ်တွေအကြောင်း အမေကလည်း သူကြားဖူးတဲ့ ဥစ္စာစောင့်တွေအကြောင်းပေါ့ဗျာ။

နောက်ရက်တွေ ယာထဲမှာ မြေဆီပက်ပြီးတော့ ကျုပ်လည်း အားသွားတယ်။ အားတော့လည်း ဆရာတော့်ကျောင်းသွား၊



www.burmeseclassic.com

www.burmeseclassic.com



ဝေယျာဝစ္စလေးတွေ လုပ်ကိုင်ပေး၊ ရေစည်တိုက်၊ နွားစာပြောင်းရိုးရိတ်ပေါ့ဗျာ။

"တာတေရေ၊ ညွှန့်သည်ဟော့၊ မင်းကို လာရှာတာ"

ညွှန့်သည်ဆိုတော့ ကျုပ် အံ့သြပြီး ဝိုင်းဝကို လှမ်းကြည့်လိုက်မိတယ်။ တောင်ဝိုင်းက ဘခင်ဆိုတဲ့ကောင် လိုက်ပို့တာဗျ။ ကျုပ်က နွားစာကုန်နေလို့ စင်းခုံမှာ ပြောင်းရိုးတွေစင်းပြီး ခုပဲ အိမ်ရှေ့ဘက်ကို ထွက်လာတာဗျ။ ဝိုင်းထဲကို ရယ်ပြီး ဝင်လာတဲ့ လူနှစ်ယောက်ကို ကျုပ်လှမ်းကြည့်လိုက်တော့ ဘယ်သူတွေမှန်း မသိဘူးဗျ။ အသက်လေးဆယ်အရွယ်တွေပဲဗျ။ သူတို့ကတော့ ကျုပ်ကို ရယ်ပြပြီး ဝင်လာတာ။ အနားရောက်လို့ ခမောက်တွေ ချွတ်လိုက်တော့မှ…

"ဟာ ကိုကြီးသာဒင်ပါလား၊ လာဗျာ၊ တွေ့လိုက်ရတာ ကျုပ်ဖြင့် အံ့သြသွားလို့ဗျ"

"တာတေ နေကောင်းရဲ့လားကွ"

"ဟာ ကောင်းပါတယ်ဗျ ကိုကြီးသာဒင်ရ၊ ဒါ လက်တက်ခွဲကနေ လာတာလား"

"အေး၊ ဟုတ်တယ်ကွ တာတေရ"

အိမ်ပေါ်မှာ ထိုင်မိတော့မှ ကျုပ်က အဘတို့ အမေတို့နဲ့ မိတ်ဆက်ပေးရတာပေါ့ဗျာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘိုးလူပေနဲ့ လိုက်သွားတုန်းက ရေတံခွန်ချောင်းကမ်းပါး က လက်တက်ခွဲဆိုတဲ့ ရွာလေးအကြောင်း အဘတို့ကို ကျုပ်က ပြောခဲ့ဖူးတာကိုဗျ။ ဒီတော့ အဘနဲ့ အမေကလည်း ကိုကြီးသာဒင် တို့ကို ဝမ်းသာအားရ ကြိုဆိုပြီး ဧည့်ခံကြတာပေါ့ဗျာ။

"ဆရာကြီး ဘိုးလူပေနဲ့ တွေ့သေးလားကွ"

"တွေ့တယ် ကိုကြီးသာဒင်ရ၊ ဘိတ်ကိုတောင် အတူ သွားလိုက်သေးတယ်၊ ဘိတ်ဘက်က ဆလုံကျွန်းတစ်ကျွန်းပေါ်မှာ ဘိုးလူပေ ပညာစခန်းတက်လို့ ကျုပ် လိုက်သွားတာဗျ"

"ဪ၊ ဪ ဘိုးလူပေရော ကျန်းကျန်းမာမာ ရှိရဲ့ လားကွ"

"ကျန်းမာပါတယ် ကိုကြီးသာဒင်"

"နို့ ကိုကြီးသာဒင်တို့ ထနောင်းကုန်းကိုလာတာ၊ ကျုပ် ဆီကို သက်သက်လာတာလား"

ကျုပ်က မေးလိုက်တော့မှ ကိုကြီးသာဒင်က မျက်နှာ နည်းနည်းပျက်ပြီး ခေါင်းညိတ်ပြတယ်ဗျ။

"ဒီလိုကွ တာတေရ၊ လွန်ခဲ့တဲ့ တစ်လလောက်က ငါ့အစ်မကမွေးတဲ့ ငါ့တူနှစ်ယောက် ပျောက်သွားလို့ကွ"

"ဗျာ၊ ပျောက်သွားတယ်၊ ကိုကြီးသာဒင်ရဲ့ တူတွေက ဘယ်အရွယ်ရှိပြီတုံး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းထက်တော့ နည်းနည်းကြီးမယ်ကွ၊ နာမည်က အောင်မင်းနဲ့ အောင်ဝင်းတဲ့"

"ဘယ်လိုပျောက်သွားတာတုံးဗျ"

"ရေတံခွန်ချောင်းထဲမှာ တစ်ယောက်က လှေပွဲကိုင်ပြီး တစ်ယောက်က လှေဦးကနေ ကွန်ပစ်တာကွ။ တို့ရွာသားတွေ လည်း သူတို့ကို တွေ့လိုက်ကြတာပဲ။ တချို့ကပြောတော့ ချောင်း အထက်ပိုင်းကို လှော်တက်သွားတာ တွေ့လိုက်တယ်လို့ ပြောတာ ပဲ"

"ချောင်းအထက်ပိုင်းဆိုတာက ရေတံခွန်ရှိတဲ့ဘက်လား ဗျ၊ ကိုကြီးသာဒင်"

"အေး၊ အေး ဟုတ်တယ်ကွ၊ တာတေရ"

"လှေတွေ ဘာတွေများ မှောက်သလား၊ ဒီကောင်တွေ ရေတော့ကူးတတ်တယ်မို့လားဗျ"

"ဟာ တာတေရာ၊ ငါတို့ရွာတွေမှာက စာမတတ်ခင် ကတည်းက ရေကူးတတ်နေတဲ့ကောင်တွေကွ၊ ရေကူး၊ ရေငုပ်၊ လှေလှော်၊ လှေခတ်၊ ကွန်ပစ်၊ ဒိုင်းကွင်းထိုး မကျွမ်းကျင်တဲ့သူ ဘယ်ရှိမှာတုံးကွာ"

"ပျောက်နေတာကလည်း တစ်လတောင်ရှိပြီ ဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်ကွ၊ ဒီကောင်တွေရဲ့ ဘထွေးတော်တဲ့ ကိုဖိုးဘဆိုတဲ့ လူတစ်ယောက်လည်း လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ပျောက်သွားဖူးတယ်ကွ။ ခုလိုပဲ လှေတစ်စင်းနဲ့ ငါးသွားမျှားတာ၊ လှေရော လူရော ပျောက်သွားတာ ဆယ်နှစ်ရှိပြီကွ။ သူတို့အဖေရဲ့ ညီပေါ့ကွာ၊ အခု ငါတို့က ဒီကောင်နှစ်ယောက် သူတို့ဘထွေးလို ဖြစ်သွားမှာကို စိုးရိမ်တာကွ"

"ထူးတော့ ထူးဆန်းသားဗျ"

"နေဦးကွ တာတေရ၊ မင်းဆီကို လာရတဲ့အကြောင်းကို ငါပြောဦးမယ်၊ ဒီလိုဟေ့၊ ကောင်လေးနှစ်ယောက် ပျောက်သွားတော့ သူ့အမေ ငါ့အစ်မလည်း မျက်ရည်နဲ့ မျက်ခွက်ပေါ့ကွာ။ စုစုပေါင်းမှ သူတို့မှာ ဒီကောင်နှစ်ယောက်ပဲ သားသမီး ရှိတာလေကွာ။ အခု နှစ်ယောက်စလုံး ပျောက်သွားတော့ ထိုင်မရ ထမရ ဖြစ်တော့တာပေါ့ကွာ။ ဒါနဲ့ ကြားဖူးသမျှ ဗေဒင်တွေမေး၊ နတ်တွေမေးပေါ့ကွာ။ အဲဒါနဲ့ ဟိုတစ်နေ့ကတော့ တဖက်ကမ်း ရေကာမြင်းက နတ်ကတော် ဒေါ်အေးသာကြီး ခေါ်မေးပြန်ရောဟေ့"

"ဪ၊ ဪ"

"အေးကွ တာတေရ၊ ဒေါ်အေးသာက ဦးမင်းကျော် ခေါင်းစွဲဆိုလား ဘာဆိုလားကွာ၊ အဲဒါ နတ်ပင့်တာ ဦးမင်းကျော် မဝင်ဘဲနဲ့ မဖဲဝါ ဆိုတာ ဝင်လာပါရောလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ မဖဲဝါ ဟုတ်လား ကိုကြီးသာဒင်"

"ဟုတ်ပါ့ဗျာ၊ အဲဒီမှာ ပြောတော့တာပဲကွ၊ နင့်သား နှစ်ယောက် မသေဘူး၊ ဒါပေမဲ့ ဒီမှာ မရှိဘူး၊ တခြားတစ်နေရာ မှာ ရောက်နေတယ်။ ထနောင်းကုန်းက တာတေကို မြန်မြန်သွား ခေါ်ကြ။ တာတေ ရောက်လာမှ ဘာလုပ်ရမယ်ဆိုတာ ငါပြော မယ်ဆိုပြီး ပြောသွားလို့ဟေ့။ ငါ့အစ်မလုပ်တဲ့သူက ငါ့ကို နားမှု နားဆာ လုပ်တော့တာပေါ့ကွာ။ ထနောင်းကုန်းက မောင်တာတေ ကို ချက်ချင်းသွားခေါ်ပေးပါ။ ငါ့သားတွေ မသေဘူးပြောတယ်၊ သွားခေါ်ပေးကြပါချည်း ပြောနေလို့ ငါတို့ ထွက်လာတာကွ"

"ဩော်- ဒီလိုလား၊ တခြားနေရာဆိုတော့ ဥစ္စာစောင့် သိုက်တွေဘာတွမျိုးလား"

"အဲဒါတော့ တို့လည်း မသိပါဘူးကွာ၊ မင်းလာမှ ပြော မယ်လို့ မဖဲဝါက ပြောသွားတာပဲကွ။ နို့ နေပါဦး တာတေရဲ့၊ မင်းနဲ့ အဲဒီမဖဲဝါ ဆိုတာနဲ့က အဆက်အသွယ် ရှိလို့လား"

"ရှိတယ် ကိုကြီးသာဒင်၊ ရှိတယ်၊ နို့ နေပါဦးဗျ၊ အခု ကိုကြီးသာဒင်တို့ လှည်းနဲ့လာကြတာလား။ လှည်းက ဘယ် မှာထားခဲ့တုံး"

"ဟာ ငါတို့ လှည်းနဲ့လာတာ မဟုတ်ဘူးကွ၊ မြင်းနဲ့ လာတာ၊ မင်းဖို့လည်း မြင်းတစ်စီး ပါလာတယ်။ မင်း မြင်းစီး



www.burmeseclassic.com

www.burmeseclassic.com


တတ်လား၊ မစီးတတ်လည်း ကိစ္စမရှိပါဘူး။ ငါတို့ဆွဲသွားမှာပေါ့''

''ကျုပ် မြင်းစီးတတ်ပါတယ်ဗျ''

''ဟာ ဒါဆိုရင်တော့ ဟန်ကျတာပေါ့ကွာ''

ကျုပ် ဘယ်လိုလုပ်ငြင်းလို့ရမှာတုံးဗျာ။ ရေတံခွန်ချောင်းဆိုတာ ကျုပ်တို့ရွာနဲ့က တော်တော်ဝေးသေးတာဗျ။ ဒါပေမဲ့ မဖဲဝါက အခေါ်လွှတ်တယ်ဆိုတော့ ကျုပ်လိုက်ရမှာပေါ့ဗျာ။

အဘနဲ့ အမေကို အကျိုးအကြောင်းပြော၊ ခွင့်တောင်းပြီး ကျုပ် ရေတံခွန်ချောင်းကို လိုက်ခဲ့ရတာပေါ့ဗျာ။ ကိုကြီးသာဒင်တို့က သူတို့မြင်းတွေကို ကျုပ်အိမ်လိုက်ပို့တဲ့ ဘခင်တို့ဝိုင်းမှာထားခဲ့တာဗျ။ ဘခင်ရဲ့အဘနဲ့ ကိုကြီးသာဒင်က လူခင်တွေဆိုပဲ။ ကျုပ်အတွက် ယူလာတဲ့မြင်းက မြင်းညိုကြီးဗျ။ ဒေါက်လည်း တော်တော်မြင့်တယ်။ မြင်းနဲ့ဆိုတော့ ခရီးတွင်တာပေါ့ဗျာ။ ရောက်တဲ့ညတော့ ခရီးကလည်း ပန်းလာတော့ ဘာမှမလုပ်နိုင်ပါဘူး။ စောစောပဲ အိပ်ရာဝင်လိုက်ရတာပေါ့ဗျာ။

နောက်နေ့ရောက်တော့ ကျုပ် စီစဉ်ရတာပေါ့ဗျာ။ တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရတော့မှာပေါ့ဗျာ။ လက်တက်ခွဲကို အမဲသား သယ်လာတယ်။ ကျုပ်က အမဲသား တစ်ပိဿာဝယ်ပြီး ချက်ခိုင်းထားလိုက်တယ်။ ပြီးတော့ ထမင်းတစ်အိုးချက်ပေါ့ဗျာ။ တစ်ဖက်ရွာမ်း ရေကမြင်းက နတ်ကတော် ဒေါ်အေးသာကြီးကို


www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါ်ခိုင်းထားလိုက်တယ်။

ညနေစောင်းတော့ ငှက်ပျောဖက်ခင်းပြီး ထမင်းနဲ့ အမဲသားဟင်းကို ထမင်းတောင်း ပြင်ခိုင်းရတာပေါ့ဗျာ။ ကျုပ်မေးကြည့်တော့ လက်တက်ခွဲတို့၊ ဒေါင်းရေကျော်တို့၊ ဆင်မသားမွေးတို့၊ ချင်းစုတို့က လေးရွာပေါင်းပြီး သင်္ချိုင်းတစ်ခု ထားတာဆိုပဲ။ နည်းနည်းလှမ်းတယ်လို့ ပြောတယ်။ မိုးချုပ်တာနဲ့ ခတ်ဘောက်တူလှေထဲကို ကျုပ်ရယ်၊ နတ်ကတော် ဒေါ်အေးသာရယ်၊ ကိုကြီးသာဒင်ရယ် ဆင်းခဲ့ကြတယ်။ ထမင်းတောင်းကိုတော့ လှေခတ်ဖို့ ခေါ်လာတဲ့ ကိုကြီးသာဒင်တို့ စာရင်းငှားက ထမ်းလာတယ်ဗျ။ မိုးက ချုပ်နေပြီဆိုတော့ ကိုကြီးသာဒင်က လှေဦးမှာထိုင်ပြီး မီးအုပ်ကြီးတစ်ခု ထွန်းထားတယ်ဗျ။ မီးအုပ်ဆိုတာက ရေနံဆီမီးခွက်ကြီးထည့်ပြီးထွန်းတဲ့ သွပ်ပြားအုပ်ဆောင်းပေါ့ဗျာ။ ခင်ဗျားမမြင်ဖူးရင် ကြည့်ရအောင် ကျုပ် မီးအုပ်ပုံ ဆွဲပေးလိုက်တယ်။



ကုက္ကိုကုန်းသင်္ချိုင်းတဲ့ဗျ။ လေးရွာပေါင်းသင်္ချိုင်းဆိုတော့ သင်္ချိုင်းက တော်တော်ကြီးတာဗျ။ အုတ်ဂူတွေမှ ဖွေးဖွေးလှုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာဗျ။ သနိုင်းဇရပ်ကလည်း တော်တော်ကြီးသားဗျ။ ကျုပ်က မဖဲ၀ါကို စားပွဲသောက်ပွဲပေးရင် သနိုင်းထဲမှာ ပေးရတာ။ မဖဲ၀ါ က သနိုင်းမှာ ကျွေးမှ သူပိုင်တာလေဗျာ။

"ဒေါ်အေးသာနဲ့ ကျုပ်နဲ့က အခုမှ သိကြတာဆိုတော့ ဂူခပ်ကြီးကြီးတစ်လုံးကိုရွေးပြီး ကျုပ်က ငှက်ပျောဖက်ခင်း ထမင်းပွဲပြင်တယ်။ ပြီးတော့ ဖယောင်းတိုင်တစ်တိုင် ထွန်းလိုက်တယ်။ ဘေးမှာ ရေတစ်ခွက်လည်း ချပေးထားရတာဗျ။

ဒါမျိုးကို တစ်ခါမှ မမြင်ဖူးတဲ့ ကိုကြီးသာဒင်တို့ ဒေါ်အေးသာတို့ကတော့ မျက်လုံးပြူးပြီး ကြည့်နေကြတာပေါ့ဗျာ။ အားလုံးပြင်ပြီးတော့မှ ကျုပ်က မဖဲ၀ါကို ပင့်တာဗျ။

"အရှေ့နေထွက်၊ အနောက်နေ၀င်၊ တောင်တံငါကွန်၊ မြောက်ရှု၀ံအတွင်း ရောက်ရာအရပ် ရှိရာဌာနကနေပြီး ဒီနေရာ ဒီဌာနကို အမြန်ဆုံး လှမ်းကြွခဲ့ပါ သနိုင်းရှင်မကြီး မဖဲ၀ါဗျာ။ ထနောင်းကုန်းက တာတေ စားပွဲ၊ သောက်ပွဲတွေနဲ့ မဖဲ၀ါကို ကြိုပါတယ်ဗျာ။ အမြန်ဆုံး ကြွခဲ့ပါ၊ ကြွခဲ့ပါ"

"ဟူး၊ ဟူး၊ ဟူး၊ အီး၊ အီး၊ ဟူး"

ဟော မဖဲ၀ါခွေးကြီးအသံဗျ။ မဖဲ၀ါ လာပြီထင်တယ်။ ဟာ လာပြီဗျို့၊ လာပြီ။ မဖဲကြီး လာပြီဗျ။ ဂူတွေပေါ်က ရွေ့လာတဲ့ ဖြူဖြူအရိပ်ကြီးကို ကျုပ်မြင်နေရတယ်။ ဟော ဟော ဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကြီးက လက်အုပ်ချီပြီးထိုင်နေတဲ့ နတ်ကတော် ဒေါ်အေးသာကြီးကို ဝင်ကပ်လိုက်ပြီဗျို့။

ဟော ဟော ဒေါ်အေးသာကြီး လက်တွေကွေးကောက်ပြီး အပေါ်ကို မြှောက်တက်လာတယ်။ ဆံဖားလျားကြီးနဲ့ မတ်တတ်ကြီး ထရပ်ပြီး ဂူပေါ်မှာ ပြင်ထားတဲ့ ထမင်းတွေကို ကြည့်နေတယ်။ ဟာ ခုန်ပြီဗျို့။ ဒေါ်အေးသာကြီး ခုန်ပြီ။ လွှားကနဲနေတာပါပဲဗျာ။ ဂူကြီးပေါ်ကို ရောက်သွားပြီဗျို့။ ထမင်းပွဲကြီးနားမှာ ဒူးကြီးတစ်ဖက်ထောင်၊ တစ်ဖက်လှဲ ကားကားကြီးထိုင်ပြီး စားတော့တာပဲဗျာ။ ကိုကြီးသာဒင်တို့အိမ်ကလည်း အမဲသားချက်လွတ်ကောင်းတာဗျ။ အမဲသားဟင်းနံ့က မွှေးကြိုင်နေတာ။ မဖဲဝါကြီးကလည်း စားတော့တာပဲဗျာ။ စားရင်းနဲ့ ကျုပ်ကို ပြောတယ်။

"တာတေ နင် လိုက်လာလို့ ဒီလူတွေ ကံကောင်းသွားတာ၊ အဲဒီကောင်လေးနှစ်ကောင် ဒီဘုံမှာ မရှိတော့ဘူး၊ အသူရကယ်ဘုံကို ရောက်နေတယ်။ နင်လိုက်ခေါ်မှ ရမယ်၊ အန္တရာယ်တော့ တော်တော်များတယ်။ ဒါပေမဲ့ နင်လိုက်မခေါ်ရင် အဲဒီကောင်လေးတွေ ဘယ်တော့မှ ပြန်လာလို့ရမှာ မဟုတ်တော့ဘူး"

"ကျုပ်လိုက်မယ် မဖဲဝါ"

"ဒါဆိုရင် နင် နားထောင်၊ ဒီကောင်နှစ်ယောက် ငါးဖမ်းရင်းနဲ့ ရေတံခွန်နောက်ကို လျှောဝင်သွားတာ၊ အဲဒီရေတံခွန်နောက်

www.burmeseclassic.com



မှာ လိုဏ်ပေါက်ရှိတယ်။ ဒီနားက လူတွေက အဲဒီလိုဏ်ပေါက်ရှိမှန်း ဘယ်သူမှ မသိကြဘူး။ ဒီလိုဏ်ပေါက်ကို လူမျက်စိနဲ့ မမြင်ရဘူး၊ လှေက ကျောက်နံရံကို ဖောက်ဝင်သွားသလို ထင်ရတာ။ တကယ်တော့ လိုဏ်ပေါက်ကြီး ရှိနေတာ။ နင် မျက်ကွင်းဆေးကွင်းသွား၊ နင် မြင်ရလိမ့်မယ်။ အဲဒီလိုဏ်ပေါက်ထဲမှာ ချောင်းတစ်ခု စီးနေတယ်၊ ရေက ဝါးတစ်ပြန်လောက်နက်တယ်။ ဒါပေမဲ့ လေရှိတယ်။ နင်အသက်ရှူလို့လည်းရမယ်၊ မီးထွန်းလို့လည်းရမယ်။ မီးတုတ်ယူသွား။ အဲဒီလိုဏ်ဂူထဲမှာ နင် လှေကို တစ်နေ့နဲ့ တစ်ည လှော်ရလိမ့်မယ်။ ဒါပေမဲ့ မှောင်မဲနေတော့ နေ့မှန်း ညမှန်း နင်သိမှာ မဟုတ်ဘူး။ နင် ဒီကနေ ညဘက်ဝင်သွား၊ လိုဏ်ခေါင်း ဟိုဘက်ကချောင်းကို ညဘက် ရောက်သွားလိမ့်မယ်။ ညရောက်မှဖြစ်မှာ၊ နေ့ဘက်ရောက်ရင် နင်လည်း ဟိုကောင်လေးတွေလို ပြန်လို့ရမှာ မဟုတ်ဘူး။ အသူရကယ်ဘုံသားတွေက နင့်ကို ပြန်လို့မရအောင် လုပ်ထားလိမ့်မယ်။

နင် တစ်ခုတော့ မမေ့စေနဲ့။ လိုဏ်ခေါင်း ဟိုဘက်ကို နင့်လှေထွက်သွားတာနဲ့ အဲဒါ ဘုံမဟုတ်ဘူးဆိုတာ အမြဲသတိထားပေတော့။ နင်ရောက်တဲ့ည တစ်ညပဲ အချိန်ရမှာ၊ ညတွင်းချင်း ကောင်လေးတွေကို လိုက်ရှာ၊ နင် အော်ခေါ်ကြည့်။ ညဘက်ဆိုရင် အသူရကယ်ဘုံသားတွေ တစ်ယောက်မှ မရှိကြဘူး



www.burmeseclassic.com

www.burmeseclassic.com



တောင်ခေါင်းကြီးတွေထဲမှာ ငရဲခံဖို့၊ ခွေးကြီးတွေ အစားခံဖို့ သွားကြရတယ်။ မနက်လင်းတာနဲ့ ပြန်ရောက်လာမှာနော်။ နင် ကောင်လေးတွေကို ခေါ်ပြီး မိုးမလင်းခင် လိုဏ်ခေါင်းထဲကို ရောက်အောင် ပြန်ဝင်ပေတော့။ လိုဏ်ခေါင်းထဲရောက်ရင် အန္တရာယ်ကင်းတယ်''

မဖဲဝါက အမဲသားတွေရော ထမင်းတွေရော အကုန်စား ပြီးသွားတာနဲ့ ပြန်သွားရောဗျ။

''ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး''

မဖဲဝါရဲ့ ခွေးကြီးအူတဲ့အသံက တဖြည်းဖြည်းနဲ့ ဝေး သွားတယ်။ ဒေါ်အေးသာကြီးလည်း ဂူပေါ်မှာ ပုံရက်သားလဲပြီး သတိမေ့နေတယ်။ ကျုပ်က အဆင်သင့်ပါလာတဲ့ သစ်စုန်းဆေး တော်ရေစင်နဲ့ တောက်လိုက်တော့မှ သတိပြန်ရလာတယ်။ မဖဲဝါ ပြောသွားတဲ့အကြောင်းတွေကို ကျုပ်ပဲ ကြားရတာဗျ။ ကိုကြီးသာ ဒင်ကတော့ 'အူး၊ အူး၊ အီး၊ အီး' ဆိုတဲ့ အသံတွေပဲ ကြားရတာဗျ။ လက်တက်ခွဲကို လှေတစ်စင်းနဲ့ ပြန်ရောက်လာတော့ ညဆယ်နာရီ တောင်ရှိပြီဗျ။

ကျုပ်ကို ကျွန်းသားနဲ့ စပ်ထားတဲ့ လှေတစ်စင်းပေး တယ်။ ကျုပ်က လှော်တက်အပိုနှစ်ချောင်း တောင်းတယ်။ အပြန် ကျရင် အောင်မင်းတို့ အောင်ဝင်းတို့ကိုပါ လှော်ခိုင်းရမှာလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်သားခြောက် မီးဖုတ်ပြီး ဆီရွှဲရွှဲဆမ်းထားတာရယ်၊ ကောက်ညှင်းကျည်တောက်တွေရယ် ကျုပ်ကို ပေးလိုက်တယ်။ ရိက္ခာခြောက်ပေါ့ဗျာ။ အပြန်ကျရင် သုံးယောက် စားရမှာလေဗျာ။ များများယူလာရတာပေါ့ဗျာ။ ပြီးတော့ ရေနံအပြည့်ထည့်ထားတဲ့ မီးခွက်ကြီး သုံးခွက်နဲ့ မီးအုပ်ကြီးကြီးတစ်လုံး ယူခဲ့တယ်။ မျက်ကွင်းဆေးကွင်းလိုက်ပြီးတာနဲ့ ကျုပ်က မီးခွက်ကြီးတစ်ခွက် ထွန်းတယ်။ မီးအုပ်ထဲကို မီးခွက်ကြီး ထည့်ပြီး လှေအလယ်မှာ ထားလိုက်တယ်။

ကျုပ် စပြီးလှော်ပြီဗျို့။

ရေကိုဆန်ပြီး တက်ခဲ့တယ်။ ချောင်းအထက်ပိုင်းမှာမှ ရေတံခွန်ရှိတာကိုဗျ။ ရေတံခွန်ရဲ့ တစ်ဖက်ကမ်းက ကပ်လှော်ရတာပေါ့ဗျာ။ ဒါမှ ရေစီးသက်သာမှာပေါ့။ ကျုပ်က ရေတံခွန်ရဲ့ အထက်ကိုရောက်အောင် လှေကို လှော်တက်လိုက်ပြီးမှ ချောင်းတစ်ဖက်ကမ်းကို ဖြတ်ကူးလိုက်တယ်။ ကျုပ် ရေတံခွန်ဘက်ကမ်းကို ရောက်လာတာပေါ့ဗျာ။

လှေကို အရှိန်ထိန်းပြီး ရေတံခွန်ရဲ့နောက်ကို ၀င်လိုက်တယ်။ ဟာ ဟိုမှာ တွေ့ပြီ။ လိုဏ်ခေါင်းအပေါက်ကြီးဗျ။ ရေတံခွန်က သိပ်အမြင့်ကြီး မဟုတ်ပေမဲ့ ကျတဲ့ရေက အပြန့်တော်တော်ကျယ်တာဗျို့ လက်လံနှစ်ဆယ်လောက် ရှိမယ်။ ရေတံခွန်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင်နံရံကြားမှာ လှေနှစ်စီးစာလောက် ရှိတယ်။ အဲဒီနားရောက်တော့ ရေက ဆွဲနေတာဗျ။ ရေတံခွန်နောက်ဘက်ကို ဆွဲနေတာ။ ကျုပ်က အလိုက်အထိုက်ကလေး လှေကိုထိန်းပြီး လိုက်သွားလိုက်တယ်။ လိုဏ်ခေါင်းအပေါက်ကြီးက ရေကို ဆွဲနေတာဗျို့။

ကျုပ် ပါသွားပြီ၊ ပါသွားပြီ။

"ဝေါ၊ ဝေါ၊ ဝေါ၊ ဝေါ"

ဝင်သွားပြီဗျို့။ ကျုပ်လှော်လာတဲ့လှေ လိုဏ်ခေါင်းထဲကို ဝင်သွားပြီ။ အောင်မင်းတို့၊ အောင်ဝင်းတို့ လှေလည်း ဒီလိုပဲ ပါသွားတာ ဖြစ်မယ်ဗျ။ ကျုပ်က ခနဖြုံ မီးခတ်ကလေး ခြစ်ပြီး မီးအုပ်ထွန်းလိုက်တယ်။ ရေနံဆီမီးခွက်က ကြီးတော့ မှောင်နေတဲ့ လိုဏ်ခေါင်းထဲမှာ လင်းသွားတာပေါ့ဗျာ။ လိုဏ်ပေါက်ဝနဲ့ နီးတုန်းကသာ ရေစီးက ပြင်းတာဗျ။ လိုဏ်ပေါက်နဲ့ ဝေးလာတော့ တဖြည်းဖြည်း ရေစီးငြိမ်လာတယ်။ ကျုပ်က မီးအုပ်က မီးရောင်နဲ့ ဘေးဘီကို လိုက်ကြည့်လိုက်တယ်။ လိုဏ်ခေါင်းက အဝသာ ကျဉ်းတာဗျ။ အထဲမှာကျတော့ အကျယ်ကြီးပဲကိုး။ ခေါင်မိုးက ကျုပ်စိတ်ထင် ဝါးနှစ်ပြန်လောက် မြင့်မယ်ဗျ။ လိုဏ်ခေါင်းထဲမှာ စီးနေတဲ့ ချောင်းရဲ့အကျယ်ကတင် ပေငါးဆယ်လောက် ရေပြင်ကြီးဗျ။ တချို့နေရာမှာ ရေထဲက ထိုးထွက်နေတဲ့ ကျောက်ချွန်းကြီးတွေ တွေ့ရတယ်။ ကျုပ်လက်မှာ ပတ်ထားတဲ့ နာရီက မီးစုန်း



www.burmeseclassic.com

www.burmeseclassic.com



လက်တံတွေဆိုတော့ မှောင်ထဲမှာ လင်းနေတော့တာပေါ့ဗျာ။ ကျုပ် နာရီကြည့်လိုက်တော့ ရှစ်နာရီခွဲပြီဗျ။

မီးအုပ်နဲ့ ဘေးဘီကို ထိုးကြည့်လိုက်၊ လှေကို မှန်မှန်လှော်လိုက်ပေါ့ဗျာ။ တချို့နေရာရောက်တော့ ရေထဲက ငါးကြီးတွေ ထပွက်တာ တွေ့ရတယ်။ ငါးကြီးတွေမှ အကြီးကြီးတွေပါဗျာ။ ကျုပ် စဉ်းစားကြည့်တယ်ဗျ။ ဒီငါးကြီးတွေဟာ ကျုပ်တို့ လူ့ဘုံက ငါးတွေလား၊ အသူရကယ်ဘုံက ငါးတွေလားဆိုတာ။ တကယ်တော့ ဒီလိုဏ်ခေါင်းကြီးဟာ လူ့ဘုံနဲ့ အသူရကယ်ဘုံကို ဆက်ထားတဲ့ မြစ်တစ်စင်းပဲဗျ။ ကျုပ်လှော်လာတဲ့လှေက အသူရကယ်ဘုံကို ဦးတည်ပြီး သွားနေတာပေါ့ဗျာ။

ကျုပ်နာရီကို တတိယအကြိမ်ကြည့်တော့ မနက်သုံးနာရီတောင် ထိုးပြီဗျ။ ကျုပ်လည်း တော်တော်ကို အိပ်ချင်နေပြီ။ ဒါပေမဲ့ ကျုပ် မအိပ်ရဲဘူးဗျ။ ကျုပ်အိပ်ပျော်သွားတဲ့အချိန်မှာ ဘာတွေဖြစ်မယ်ဆိုတာ ကျုပ် မတွေးတတ်ဘူးဗျ။

အိပ်ချင်တဲ့စိတ်ကိုပဲ ပျောက်အောင် ဖျောက်ပစ်ရတော့တာပေါ့ဗျာ။ ဆီစိမ်ထားတဲ့ ဆတ်သားခြောက်ကလေးတစ်ဖဲ့ကို ယူပြီး ကျုပ် ဝါးလိုက်တယ်။ ပြီးတော့ ပလတ်စတစ်ပုံးထဲက ရေကို နည်းနည်းငုံ့သောက်လိုက်တယ်။ အိပ်ချင်စိတ်တော့ ပြယ်သွားသားဗျ။

— အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် လှေကို မှန်မှန်ပဲ ဆက်လှော်တယ်။ မနက် ခြောက်နာရီ၊ မနက် ခုနစ်နာရီ။ ဒီအချိန်ဆိုရင် အပြင်လောကကြီးမှာ နေထွက်ပြီး မိုးလင်းနေရောပေါ့ဗျာ။ ဒီလိုဏ်ခေါင်းထဲမှာတော့ မှောင်နေတာဗျ။ ဒါကြောင့် မဖဲဝါက ကျုပ်ကို ပြောလိုက်တာ။ နေ့လား၊ ညလား နင် သိမှာမဟုတ်ဘူး တာတေတဲ့။ ဟုတ်ပ့ါဗျာ။ နာရီပါလာလို့သာ အပြင်မှာ နေ့ဖြစ်နေတာကို သိရတာဗျ။ ကျုပ်က လှော်တက်ကို ခြေထောက်နဲ့ညှပ်ပြီး ပဲ့ကိုင်ထားလိုက်တယ်။ ရေစီးကလည်း နှေးနှေးလေးဆိုတော့ လှေကလည်း ကျုပ် မလှော်ရင် ရွေ့တယ်ဆိုရုံလေးပဲ ရွေ့နေတာဗျ။

ပါလာတဲ့ ကောက်ညှင်းကျည်တောက်ကို ဖွဲ့ပြီး ဆတ်သားခြောက်နဲ့ တဝစားထားလိုက်တယ်။ ဗိုက်ပြည့်သွားတော့မှ လူက အားပြည့်သွားတာဗျို့။ ပြီးတော့ ကျုပ်က မျက်နှာလည်း သစ်လိုက်တယ်။ ဒီတော့မှ လူလည်း လန်းသွားတာပေါ့ဗျာ။

ကျုပ် လှေကို ဆက်လှော်တယ်။ ကျောက်ဆောင်တွေ ကျောက်ချွန်းတွေ တွေ့ရင် ကွေ့လှော်လိုက်၊ ရေပြင်ကြီးမှာ ရှင်းနေရင် အားစိုက်လှော်လိုက်၊ ခြေတွေလက်တွေ ညောင်းလာရင် ခဏနားပြီး အစားလေးစားပြီး ရေလေးသောက်လိုက်နဲ့ မွန်းတည့်ချိန်ရောက်။ မွန်းတည့်ချိန်ကနေ ညနေချိန်ရောက်ပေါ့ဗျာ။ ညနေ ငါးနာရီခွဲတော့ ကျုပ်မျက်နှာကို အေးစက်နေတဲ့ လေအေးလေး



www.burmeseclassic.com

www.burmeseclassic.com



တိုက်သွားတယ်။ ကျုပ်လှော်တဲ့လှေက ရှေ့ကို ရွေ့လာလေ လေအေးတွေ တိုက်လာလေပဲဗျ။

ဂူပေါက်နဲ့ နီးလာပြီဆိုတာ ကျုပ် သိလိုက်ပြီပေါ့ဗျာ။ လှေကို သတိထားလှော်ရင်းနဲ့ ဂူပေါက်ကြီးကို မြင်လိုက်ရရောဗျို့။ တစ်ရက်တစ်ည၊ အလင်းရောင် မမြင်ရတဲ့ ကျုပ်ဆိုတာ အလင်းရောင်ကို မြင်လိုက်ရတော့ ပျော်လိုက်တာဗျာ။ ဂူပေါက်ဝကို ရောက်တော့ ရှေ့မှာ ချောင်းကျယ်ကြီးဗျ။ ချောင်းကမ်းပါးမှာလည်း သစ်ပင်တွေ ပေါက်နေတာပဲဗျ။ ဒါပေမဲ့ သစ်ပင်တွေက ကျုပ်တို့ဆီက သစ်ပင်တွေနဲ့ မတူဘူးဗျ။ အရွက်တွေက အကြီးကြီးတွေ၊ သစ်ပင်ရဲ့ ပင်စည်တွေက ကောက်ကောက်ကြီးတွေဗျ။

မဖဲဝါ ကျုပ်ကို မှာလိုက်တယ်။ ညဘက် ရောက်သွားလိမ့်မယ်တဲ့။ အခု ကျုပ်ရောက်လာတာ နည်းနည်းစောနေသေးတယ်။ အသူရကယ်ဘုံမှာ အလင်းရောင် မပျောက်သေးဘူးဗျ။ ကျုပ် လိုဏ်ခေါင်းမြစ်ထဲမှာပဲ လှေတစ်စင်းနဲ့ ငြိမ်နေလိုက်တယ်။ မဖဲဝါ မှာလိုက်သေးတယ်လေဗျာ။ ဂူထဲရောက်ရင် အန္တရာယ်မရှိတော့ဘူးဆိုတာလေ။ ဒီတော့ ကျုပ်လည်း ဂူထဲမှာပဲ နေနေရတာပေါ့ဗျာ။

ကျုပ် နာရီကြည့်တယ်။ ညခုနစ်နာရီ။ အသူရကယ်ဘုံမှာ လင်းတုန်းဗျ။ ကျုပ်တို့ လူ့ဘုံမှာ ဒီအချိန်ဆိုရင် မှောင်နေပြီပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ဗျ။ သူတို့ဘုံမှာ ကျုပ်တို့လို နေရောင် တောက်တောက်ပပ လင်းတာမျိုး မဟုတ်ဘူးဗျ။ အလင်း ဖျော့ဖျော့ပဲလင်းတာ။ ကျုပ်တို့ဆီက နှင်းကျနေတဲ့ ဆောင်းရာသီ မနက်ခင်းလင်းသလို မှုန်ပျပျပဲလင်းတာ"

"အံ့ရောဗျာ၊ အသူရကယ်ဘုံကြီးက ညရှစ်နာရီကျမှပဲ မှောင်သွားတော့တာဗျ"

"ဟေး…ထွက်ကြ၊ ထွက်ကြ၊ အချိန်ကျပြီဟေ့၊ ဒူ… ဒူ…ဒူ…"

ဟာ…ဘာသံကြီးတုံး။ ကျုပ် သေသေချာချာ နားထောင် ကြည့်မိတယ်။ ချောင်းကြီးရဲ့ ဟိုဘက်ကမ်းက အသံကြီးဗျ။ မောင်းကြီး အကြီးကြီးကို ထုထုပြီး အော်နေတာဗျ။

"ဒူ…ဒူ…ဒူ…ထွက်ကြ၊ ထွက်ကြ၊ အချိန်ကျပြီဟေ့၊ ဒူ…ဒူ…"

အို…မဖဲဝါပြောတဲ့ နေ့စံပြီး၊ ညရောက်ရင် ငရဲခံရတယ် ဆိုတာ ဒါကိုပြောတာထင်တယ်။ မဖဲဝါ ပြောလိုက်သားပဲ။ တောင် ခေါင်းကြီးတွေထဲမှာ ခွေးကြီးတွေ စားတာကို ခံကြရမှာတဲ့ဗျ။

"မှောင်ထဲမှာပဲ ကျုပ် ငြိမ်ပြီးနားထောင်နေလိုက်တယ်။ မီးအုပ်ကမီးကို စောစောကပဲ ငြိမ်းထားတာဆိုတော့ မှောင်ပိန်းနေ တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ကျီ...ကျီ...ကျီ..."

ဟာ၊ ဒါ ပုရစ်ကလေးတွေ အော်တဲ့အသံပါလား။ အသူရကယ်ဘုံမှာလည်း ပုရစ်ရှိတာပဲကိုးလို့ ကျုပ်တွေးလိုက်မိတယ်။ မောင်းထုတဲ့အသံကြီးက တဖြည်းဖြည်း ဝေးသွားပြီဗျ။ ကျုပ်နားထဲမှာ လူတွေ ကျွက်စီ ကျွက်စီနဲ့ ပြောတဲ့ဆိုတဲ့ အသံကိုကြားနေရတယ်ဗျ။ ဘာတွေပြောနေမှန်းတော့ ကျုပ်လည်း နားမလည်ဘူးဗျ။

တဖြည်းဖြည်းနဲ့ လူသံတွေ ဝေးဝေးပြီး ပျောက်သွားတယ်။ ကျုပ် လှေကို လိုဏ်ခေါင်းပေါက်ထဲကနေ ချောင်းရေပြင်ထဲကို လှော်ထွက်လိုက်တယ်။ ချောင်းက ရေငြိမ်ချောင်းဗျ။ ရေမစီးသလောက်ပဲ။ ကျုပ် စောစောက မောင်းထုသံတွေ လူသံတွေ ကြားတဲ့ဘက်ကို လှေလှော်ထွက်လိုက်တယ်။ လိုဏ်ပေါက်ကြီးကို မှတ်မိအောင် ကျုပ်ယူလာတဲ့ မျက်နှာသုတ်ပုဝါတစ်ထည် သစ်ပင်မှာ ချည်ထားခဲ့တယ်။

ချောင်းတစ်ဖက်ကမ်းကိုဖြတ်ပြီး လှော်လိုက်တယ်။ ဆယ်မိနစ်လောက် လှော်လိုက်တော့ သဲသောင်ပြင်ကြီးကို ကျုပ်တွေ့ရတယ်။ သဲပြင်ကြီးမှ ဖွေးနေတာဗျ။ ကျုပ်လှေကို သောင်ပြင်အစပ်မှာ လှော်တက်စိုက်ပြီး ကြိုးချည်ခဲ့တယ်။

ခေါင်းလွယ်အိတ်ကို စလွယ်သိုင်းပြီး ငါးတောင့်ထိုး ဓားကို



www.burmeseclassic.com

www.burmeseclassic.com



မီး ကိုင်လိုက်တယ်။ သောင်ပြင်ပေါ်ရောက်တော့ အသံဗလံတွေ နားစွင့်ကြည့်တယ်။ ဘာသံမှ မကြားဘူးဗျ။

သဲသောင်ပြင်ကြီးအတိုင်း ကျုပ်တက်လာခဲ့တယ်။ လကွယ်ညဗျ။ ကျုပ်တို့ဆီမှာ မှောင်သလို သူတို့ဆီမှာလည်း မှောင်လို့။ သောင်ပြင်ဆုံးတော့ ရွာစည်းရိုးကြီးကို တွေ့လိုက်တယ်။ ဓာတ်မီးနဲ့ ကျုပ် လှျောက်ထိုးကြည့်တယ်။ ရွာတံခါးကို တွေ့တော့ ကျုပ် ရွာထဲဝင်လာခဲ့တယ်။ အို…အိမ်တွေမှ အိမ်ကြီး အိမ်ကောင်းတွေချည်းပဲဗျ။ သစ်သားအိမ် မည်းမည်းကြီးတွေဗျို့။ ရွာကလည်း ရွာကြီးပဲဗျ။

ကျုပ်လည်း အောင်မင်းတို့၊ အောင်ဝင်းတို့ကို ဘယ်သွားရှာရမှန်း မသိအောင် ဖြစ်နေတာပေါ့ဗျာ။ မဖဲဝါကတော့ အော်ခေါ်ခိုင်းတာပဲ။ ဒါပေမဲ့ ကျုပ်ပါးစပ်က အော်ရမှာ မရဲဘူးဖြစ်နေတယ်။ ကျုပ်လည်း ရွာလမ်းအတိုင်း အိမ်တွေကို လှျောက်ကြည့်တယ်။ အိမ်ကြီးတွေထဲမှာ မီးတွေထွန်းလျက်သား ထားခဲ့တာဗျ။ ဒါပေမဲ့ လူဆိုတာ တစ်ယောက်မှ မတွေ့ဘူး။

ဒီအတိုင်း လှျောက်ကြည့်နေလို့ကတော့ မဖြစ်ဘူးဆိုပြီး–

"အောင်မင်းရေ…ဟေ့ အောင်မင်း"

လို့ အသံကုန် အော်လိုက်တယ်။ ဘာသံမှ မကြားရဘူးဗျ။ ကျုပ်လည်း ရွာလမ်းတွေ တစ်လမ်းဝင် တစ်လမ်းထွက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားရင်းနဲ့ . . .

"အောင်ဝင်းရေ၊ ဟော့ အောင်ဝင်း"

"အောင်မင်းရေ၊ အောင်မင်း"

လို့ မနားတမ်း လိုက်ခေါ်နေတာဗျ။

"အောင်ဝင်းရေ၊ အောင်ဝင်း"

"အောင်မင်းရေ၊ အောင်မင်း"

"ဗျို့၊ ဘယ်သူခေါ်တာတုံး"

ဟော ထူးပြီဗျို့။ ထူးပြီ။ ဒါ ဒီကောင်တွေအသံပဲ ဖြစ်မယ်။ ဒါပေမဲ့ သတိတော့ ပေါ့လို့မရဘူးဗျ။ ကျုပ် ဆေးလွယ်အိတ်ထဲက ဘိုးလူပေ ပေးထားတဲ့ အင်းတစ်ချပ်ကိုထုတ်ပြီး အဆင်သင့် ကိုင်ထားပြီး လှမ်းမေးလိုက်တယ်။

"ဟေ့ အောင်မင်း မင်း ဘယ်မှာတုံး"

"ကျုပ်တို့ ဒီဘက်က အိမ်ထဲမှာဗျ"

"အောင်ဝင်းရော ရှိလား အဲဒီမှာ"

"ရှိတယ်၊ ရှိတယ်၊ ခင်ဗျား ဘယ်သူတုံး"

"ငါ တာတေကွ၊ ထနောင်းကုန်းက တာတေ"

ကျုပ်က မေးရင်းစမ်းနဲ့ ဒီကောင့်အသံကြားတဲ့ဘက်ကို ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ခြံဝင်းထဲမှာ အိမ်တစ်လုံးဗျ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးလှူပေနဲ့ ပါလာတဲ့ တာတေလား"

"အေး ဟုတ်တယ်၊ မင်းတို့ကို လာခေါ်တာ၊ မြန်မြန် အိမ်ထဲက ထွက်ခဲ့လေ၊ ဘာလုပ်နေကြတာတုံး"

"တာတေ ညရောက်ရင် ငါတို့ ဒီအိမ်ထဲကနေ ဘယ်ကိုမှ ထွက်လို့မရဘူးကွ၊ ငါတို့မျက်စိထဲမှာ တံခါးပေါက်ဆိုတာ မတွေ့တော့ဘူး၊ အားလုံးက နံရံချည်းပဲ ဖြစ်နေတာကွ"

"ဟော ဟုတ်လား၊ ဒါဆို နေဦး၊ ငါလုပ်ပေးမယ်"

ကျုပ်ကတော့ တံခါးပေါက်ကြီးကို မြင်နေရတာပေါ့ဗျာ။ တံခါးပေါက်က တံခါးပိတ်ထားတာ မဟုတ်ဘူးဗျ။ ဟောင်းလောင်းကြီးပွင့်နေဟာ။ ဒါကိုပဲ ဒီကောင်တွေ ထွက်လို့မရတာဗျ။

ကျုပ်က သစ်စုန်းရေစင်ပုလင်းကို ထုတ်ယူပြီး တံခါးပေါက်ကို ရေစင်နဲ့ တောက်ပေးလိုက်တယ်။

"ဟာ တွေ့ပြီဟေ့ တာတေ၊ ငါတို့ တံခါးပေါက်ကြီးတွေ့ပြီ"

"ဒါဆို ဒီအပေါက်က ခုန်ထွက်လိုက်စမ်းဟေ့"

"ဘုန်း၊ ဘုန်း"

ဟော ဒီကောင်နှစ်ယောက် ခုန်ထွက်လာပြီဗျ။ နှစ်ယောက်စလုံး မြေကြီးပေါ်ကို ဖင်ထိုင်ရက် ပြုတ်ကျကြတာ။ ကျုပ်က ဒီကောင်နှစ်ယောက်ကို ဆွဲထူပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"တာတော၊ မင်း ဟိုလိုဏ်ခေါင်းကြီးထဲက ဝင်ပြီးလိုက်လာတာမို့လား"

"အေး ဟုတ်တယ်ကွ၊ နေပါဦး၊ မင်းတို့နှစ်ယောက်ဘယ်သူက အောင်မင်းတုံး"

"ငါက အောင်မင်း၊ ငါက အကြီး၊ ဒီကောင်က အငယ်အောင်ဝင်း"

ကျုပ်က လက်နှိပ်ဓာတ်မီး မီးရောင်အောက်မှာ ဒီကောင်တွေကို သေသေချာချာကြည့်ပြီး မှတ်ထားလိုက်တယ်။

"နေဦးကွ အောင်မင်းရဲ့၊ ဒီရွာကလူတွေလည်း တစ်ယောက်မှ မမြင်ပါလား"

ကျုပ်က မသိဟန်ဆောင်ပြီး မေးကြည့်တာဗျ။ ဒီကောင်တွေ ပြောတာ ကြားချင်လို့ဗျ။

"မသိဘူးကွ၊ ညဆိုရင် မောင်းကြီးတွေ ထုထုပြီး လူအကြီးကြီးတွေ ရောက်လာတယ်။ ပြီးရင် ဒီလူတွေ တစ်ယောက်မကျန် ထွက်သွားတော့တာပဲကွ။ ဘယ်သွားပြီး ဘာလုပ်ကြမှန်းတော့ ငါတို့လည်း မသိဘူးကွ"

"မင်းတို့ လိုက်မကြည့်ကြဘူးလား"

"ဟာ…တာတေကလည်း လိုက်ကြည့်ဖို့နေနေသာသာအဲဒီမောင်းထုတဲ့လူတွေ ရောက်လာတာနဲ့ ငါတို့အိမ်မှာ ထဲခါး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကြီး ပျောက်သွားပြီး နံရံတွေချည်း ဖြစ်သွားတာကွ၊ ဘယ်မှ ထွက်လို့မရတော့ဘူး"

"ဒီလူတွေ ဘယ်အချိန် ပြန်ရောက်လာတုံး"

"မနက်အရုဏ်တက်တဲ့အချိန်ဆိုရင် ကျွက်စီ ကျွက်စီနဲ့ ပြန်ရောက်လာကြရောကွ၊ ဒီတော့မှ ငါတို့နေတဲ့အိမ်က တံခါးပေါက်ကြီးလည်း ပြန်ပေါ်လာရော။ နေ့ပိုင်းဆိုရင်တော့ ပျော်ပျော်ပါးပါးပဲကွ၊ ရွာထဲမှာ သွားကြ၊ လာကြ၊ ပြောကြ ဆိုကြနဲ့ နေတာပဲ။ ညဆိုရင်သာ ဘယ်သွားကြမှန်း မသိတာ"

ကျုပ်က နာရီကို မီးရောင်အောက်မှာ ကြည့်လိုက်တယ်။ ဟာ သန်းခေါင်တောင် ကျော်နေပါရောလား။ ရွာကြီးက အကြီးကြီးဆိုတော့ ရွာထဲမှာ တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ ဒီကောင်တွေကို လိုက်ခေါ်နေရတာ တော်တော်ကို ကြာသွားတာပဲဗျ။

"ကဲ အောင်မင်းနဲ့ အောင်ဝင်း ငါတို့ သွားကြစို့၊ သောင်စပ်မှာ ငါ့လှေ ထားခဲ့တယ်။ ဒီလူတွေ ပြန်မလာခင် ငါတို့ ဒီက ထွက်မှဖြစ်မယ်"

"ဟာ နေ၊ နေပါဦးကွာ တာတေ၊ ငါတို့ဘထွေး ဖိုးဘကို သွားခေါ်ချင်လို့ကွ"

"ဘာ...မင်းတို့ဘထွေး ဖိုးဘလည်း ဒီရောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်ကွ၊ ဘထွေးဖိုးဘ ပျောက်သွားတာ ဆယ်နှစ် ရှိပြီကွ၊ အခု ဒီမှာ လာတွေ့တယ်။ ဒါပေမဲ့ ဒီကလူ တွေက ဘထွေးကို တစ်နေရာမှာ ထားတာ၊ ငါတို့နဲ့ အတူတူ မထားဘူး။ နေ့ခင်းဘက်တော့ ဘထွေးနဲ့ ငါတို့ အတူတူနေလို့ရ တယ်။ ညဆိုရင်သာ ကိုယ့်နေရာကိုယ် ပြန်ကြရတာကွ"

"ဟင် မင်းတို့ဘထွေးက ဘယ်လောက်ဝေးတုံး၊ မြန်မြန် သွားပြီး မြန်မြန်ပြန်မှရမှာနော်၊ မင်း သွားခေါ်မှာလား"

"ဟာ မဟုတ်ဘူးလေ တာတေ၊ သူလည်း အိမ်တံခါး ပေါက် မရှိဘဲ နံရံပိတ်နေမှာပဲလေကွာ၊ မင်းလိုက်လုပ်ပေးမှ ထွက်လို့ရမှာပေါ့"

"ဩော်…ဟုတ်သားပဲ၊ ဒါဆိုရင်လည်း မင်းရှေ့က သွားပေတော့"

ကျုပ်တို့သုံးယောက် ရွာကြီးထဲမှာ တစ်လမ်းဝင် တစ်လမ်း ထွက်နဲ့ တော်တော်ကြာအောင် သွားရတာဗျို့။ ဦးဖိုးဘကို ထားတာ က ရွာစွန်မှာဗျ။

"ဘထွေး၊ ဘထွေး၊ ဘထွေးဖိုးဘ"

"ဟေ…ဘယ်သူတုံး"

ဦးဖိုးဘက အိပ်ပျော်နေတော့ တော်တော်နိုးယူရတာဗျ။

"ဘထွေး ကျုပ်တို့ပါ အောင်မင်းနဲ့ အောင်ဝင်း"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဟေ၊ မင်းတို့နှစ်ယောက် အပြင်ကို ဘယ်လိုရောက်လာတာတုံး၊ ဟိုလူတွေနဲ့ ပါသွားတာလား"

"ဟာ၊ မဟုတ်ပါဘူး ဘထွေးရ၊ ဟောဒီမှာ တာတေဆိုတဲ့ ကျုပ်တို့သူငယ်ချင်းက လာကယ်လို့ဗျ။ ဘထွေးလည်း မြန်မြန်ထွက်ခဲ့၊ တာတေက ဘထွေး ထွက်လို့ရအောင် လုပ်ပေးလိမ့်မယ်"

ကျုပ်က မြင်နေပြီး သူတို့ မမြင်ရတဲ့ တံခါးပေါက်ကြီးကို သစ်စုန်းရေစင်နဲ့ တောက်လိုက်တယ်။

"ဟာ မြင်ပြီဟေ့ တံခါးပေါက်ကြီး ငါမြင်ရပြီ"

"ဒါဆို ခုန်ထွက်လိုက် ဘထွေး"

"ဘုန်း"

ဘထွေးဖိုးဘ မြေကြီးမှာ ဖင်ထိုင်ရက်ကြီး ကျလာတယ်။ အောင်မင်းနဲ့ အောင်ဝင်းက သူတို့ဘထွေးကို ပြေးပြီးထူကြတယ်။

"ကဲ လူစုံရင် သွားကြစို့"

ကျုပ်က လောဆော်ပြီး ထွက်လာတယ်။ ဘထွေးဖိုးဘဆိုတာ လူက ပုပြတ်ပြတ်ဗျ။ အသက်လေးဆယ်လောက် ရှိပြီ။ သူလည်း သူရောက်နေတဲ့နေရာကို ဘာမှန်းသိပုံ မရဘူးဗျ။ သူကတော့ ဒီရောက်နေတာ ဆယ်နှစ်ရှိပြီဆိုတော့ လမ်းတွေကို မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



မိုတ်လျှောက်တောင် ရနေပြီပေါ့ဗျာ။ ကျုပ်က ခတ်မီးကို သူ့လက်ထဲ ထည့်ပေးလိုက်တော့ ကိုဖိုးဘက ရှေ့ကနေ ဦးဆောင်သွားတယ်ဗျ။ ကျုပ်နောက်ရဲ့ မော့ကြည့်တော့ သုံးနာရီ။ ဟင် ကောင်းကင်ကြီး လင်းလာပါပေါ့လား။

"ဟာ ကိုဖိုးဘ၊ အရုဏ်တက်တော့မှာလားဗျ"

"အေး ဟုတ်တယ်၊ ဒီမှာက ညတာ တိုတယ်ကွ၊ သိပ်အိပ်ရတယ်မရှိဘူး၊ အရုဏ်တက်လာတာ။ ဘယ်လိုနေရာမှန်းကို မသိပါဘူးကွာ၊ ရွာနာမည်လည်း မရှိဘူးတဲ့။ ဘယ်လိုလူတွေမှန်းကို မသိတာပါ။ ညဆိုလည်း ဘယ်သွားကြရမှန်း မသိဘူး"

ဟော လူသံတွေ ကြားရပြီဗျို့၊ ကျက်စီ ကျက်စီနဲ့ ရွာထဲကို ပြန်လာကြတာ။

"ကိုဖိုးဘ လူသံတွေ ကြားပြီ၊ ပြေးတော့၊ ပြေး ပြေး"

ကျုပ်က ပြောပြောဆိုဆို စပြေးတော့ သူတို့သုံးယောက်လည်း ပြေးကြတော့တာပေါ့ဗျာ။

လူသံတွေက တော်တော်ကို နီးလာပြီဗျ။ ရွာထဲကို ဝင်လာကြပြီထင်တယ်။ တော်ပါသေးရဲ့၊ ရှေ့မှာ ရွာတံခါးမြင်နေရပြီ၊ ကျုပ်တို့လေးယောက် သဲသောင်ပြင်ကြီးကို ဖြတ်ပြေးကြတယ်။ ရေစပ်ရောက်တာနဲ့ လှေပေါ် မြန်မြန်တက်ပြီး လှော်တက်သုံးချောင်းနဲ့ စလှော်ကြတော့တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ဟေ့၊ လိုက်ဟေ့၊ ပြေးပြီဟ၊ လိုက်ကြ၊ လိုက်ကြ၊ လှေပေါ်မှာ တစ်ယောက် ပိုနေတယ်၊ ပစ်ကြစမ်း၊ လှေမြုပ်အောင် ပစ်ကြစမ်းဟေ့"

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟာ ကျောက်ခဲတွေနဲ့ ဝိုင်းပစ်ကြတာဗျို့။ ကျုပ်တို့ခေါင်းတွေပေါ်ကနေ ကျောက်ခဲတွေ တဝီဝီနဲ့ ကျောက်သွားတာဗျို့။ တည့်တည့်ဝင်လာတဲ့ ကျောက်ခဲတွေကြတော့လည်း ကျုပ်တို့က လှော်တက်နဲ့ဆီးပြီး ရိုက်ချရတာပေါ့ဗျာ။

တက်သုံးချောင်းနဲ့ လှော်တာဆိုတော့ ကျုပ်တို့ သိပ်မကြာခင်ပဲ တစ်ဖက်ကမ်းကို ရောက်လာတာပေါ့ဗျာ။ လှေလှော်ရင်းနဲ့ ကျုပ်က ကမ်းစပ်က သစ်ပင်တွေကို လိုက်ကြည့်နေရတာဗျ။ ကျုပ် ချည်ထားခဲ့တဲ့ မျက်နှာသုတ်ပုဝါကိုပေါ့ဗျာ။ ကျုပ် လိုဏ်ဂူအပေါက်ကို မှတ်ထားတာလေဗျာ။

"ဟော ဟိုမှာတွေ့ပြီ၊ တွေ့ပြီ"

ကျုပ်က သစ်ပင်မှာ ချည်ထားတဲ့ တဘက်ကို ဖြုတ်ယူလိုက်တယ်။ ကျုပ် မြင်ပြီလေဗျာ။ လိုဏ်ခေါင်းပေါက်ကြီးကို ကျုပ် မြင်ရပြီလေ။ ကျုပ်က ပဲ့ကိုင်တာဆိုတော့ လှေကို လိုဏ်ခေါင်းကြီးထဲ တန်းကွေ့ဝင်လိုက်တယ်။

"လိုက်ဟေ့၊ လိုက်ဟေ့၊ မိအောင်လိုက်ကြဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျုပ်တို့နောက်မှာ လှေတွေနဲ့ လိုက်လာကြတာဗျို့။ ဒါပေမဲ့ ကျုပ်တို့က လိုဏ်ခေါင်းထဲက ချောင်းမှာ လှော်နေကြပြီလေဗျာ။ မဖဲဝါ ပြောလိုက်တယ်လေ။ ဒီဘုံသားတွေက လိုဏ်ခေါင်းပေါက်ကို မမြင်နိုင်ဘူးတဲ့ဗျ။ သူတို့ကြည့်ရင် ကျောက်နံရံကြီးပဲ မြင်မှာတဲ့ဗျ။

ဟုတ်ပါ့ဗျာ။ လှေဆယ်စင်းလောက် ကျုပ်တို့ ဝင်လာတဲ့ လိုဏ်ခေါင်းပေါက်ဝကနေ ဖြတ်လှော်သွားကြတယ်။ ကျုပ်တို့လည်း မှောင်ထဲမှာ တော်တော်လေး လှော်မိတော့မှ မီးအုပ်ကို မီးထွန်းလိုက်တယ်။ နောက်ထပ် မီးခွက်တစ်လုံး ထွန်းရတာပေါ့ဗျာ။ ဒီတော့မှ လိုဏ်ခေါင်းမြစ်ထဲမှာ လင်းသွားတော့တာပေါ့။ မနက် ခုနစ်နာရီထိုးတော့ ကျုပ်က အောင်မင်းတို့အမေ ထည့်ပေးလိုက်တဲ့ ကောက်ညှင်းကျည်တောက်နဲ့ ဆတ်သားဖုတ်ကို ကျွေးတယ်။ ဒီကောင်နှစ်ကောင်ရော ကိုဖိုးဘကြီးရော အိမ်ကမိသားစုတွေရဲ့ အနံ့အသက်ကိုရပြီး မျက်ရည်ပေါက်ပေါက်ကျလာကြတာပေါ့ဗျာ။

အဲဒီနေ့တစ်နေ့။ နောက်ထပ်တစ်ည။ ကြာသွားပြီးလို့ မနက်ရောင်နီသမ်းချိန်ရောက်တော့မှ ကျုပ်တို့တွေ ရေတံခွန်က ရေကျသံ စပြီးကြားရတာဗျာ။

"ဟာ…ရေတံခွန်သံပဲဟေ့၊ ဒါ ရေတံခွန်သံကွ"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်လုံးလုံး ပျောက်သွားတဲ့ ကိုဖိုးဘက ဝမ်းသာအားရနဲ့ အော်လိုက်တာဗျ။ ဒါပေမဲ့ ကိုဖိုးဘရဲ့ အသံကတော့ ငိုသံကြီးနဲ့ပေါ့ဗျာ။

ရေတံခွန်အောက်က ကျုပ်တို့လှေထွက်လာတော့ ရေတံခွန်ချောင်းထဲမှာ လင်းထိန်နေပြီ။ နေရောင်ကျနေတဲ့ ချောင်းရေက တဖျတ်ဖျတ်လက်လို့ပေါ့ဗျာ။ ချောင်းထဲမှာ လှေကလေးတွေတောင် လှော်လို့ ခတ်လို့ သွားနေကြပြီ။ သူတို့အိမ်ရောက်တော့ မိသားစုတွေ တစ်ယောက်နဲ့တစ်ယောက် ဖက်ပြီးငိုလိုက်ကြတာဗျာ။

အိမ်နီးနားချင်းတွေ၊ သတင်းကြားသွားတဲ့ လက်တက်ခွဲရွာသားတွေလည်း ရောက်လာပြီး တအံ့တဩကို ဖြစ်ကြတာပေါ့ဗျာ။ အထူးသဖြင့်တော့ ကိုဖိုးဘရဲ့ သူငယ်ချင်းတွေပေါ့။

အဲဒီညပဲ မဖဲဝါကို ကျေးဇူးတင်လွန်းလို့ဆိုပြီး စားပွဲသောက်ပွဲ ထပ်ပေးပေးပါဆိုလို့ ရေကမြင်းက နတ်ကတော်ကြီးခေါ်ပြီး သချိုင်းကို တစ်ခေါက်သွားရသေးသဗျာ။ ဒီတစ်ညမှာတော့ သချိုင်းထဲမှာ လူစည်သားဗျ။ အသူရကယ်ဘုံက ပြန်လာကြတဲ့ ကိုဖိုးဘ၊ အောင်မင်း၊ အောင်ဝင်းတို့ကလည်း မတ်တတ်တွေရပ်ပြီး မဖဲဝါကို ကျေးဇူးတင်ကြောင်း ပြောကြတယ်။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

မဖဲဝါလည်း စားရင်းသောက်ရင်း ကျေကျေနပ်နပ် ရယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ဗျ။ နောက်နှစ်ရက်ကြာတော့ ကိုဖိုးဘရယ်၊ အောင်မင်းနဲ့ အောင်ဝင်းရယ် မြင်းတစ်စီးစီနဲ့ ကျုပ်ကို အိမ်အရောက် လိုက်ပို့ကြတယ်။

ကျုပ်ကတော့ ဇော်တုန်းက စီးခဲ့တဲ့ မြင်းညိုကြီးကိုပဲ စီးပြီး ပြန်ခဲ့တာပေါ့ဗျာ။

□□□

တာတေ




အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com




# ဓားစကြာ

**တာ**တေလည်း သွေးနဲ့သားနဲ့ ဖွဲ့စည်းထားတဲ့ကောင်ပဲ ဗျာ။ ဒါပေမဲ့ တစ်ခုတော့ ခက်သားဗျ။ ကျုပ်ဆိုတဲ့ကောင်ဟာ

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ရင်သာ မဖြစ်တာဗျ။ ဖြစ်ပြီဆိုရင်တော့ မချိမဆံ့ချည်းပဲဗျို့။ ကျုပ် ဆယ်နှစ်သားလောက်ကလည်း ဝမ်းလျှောလို့ မြို့က ဆေးရုံမှာ သုံးရက်သွားပြီးတက်ခဲ့ရသေးတယ်။

အခုလည်း ကျုပ် မြို့က ဆေးရုံမှာ တက်နေရတာဗျ။ ဒီတစ်ခါတော့ ဝမ်းလျှောတာ မဟုတ်ဘူးဗျို့၊ ဖျားတာ။ တိုက်ဖွိုက်လို့ပြောတယ်။ လူလည်း အရိုးနဲ့ အရေခွံပဲ ကျန်တော့တယ်။ အမေနဲ့ တိုးလှတို့၊ သိန်းဖော်တို့ လိုက်လာပြီး ကျုပ်ကို ပြုစုကြရတာပေါ့ဗျာ။ အခုတော့ ကျုပ် ကောင်းနေပါပြီ။ အဖျားမတက်တာ သုံးရက်တောင် ရှိပြီ။ ဒါပေမဲ့ အရည်ပဲ သောက်ရသေးတာပေါ့ဗျာ။

ကျုပ် ဆေးရုံတက်တဲ့အချိန်မှာ မြို့က ဆေးရုံကြီးမှာ ဆေးရုံအုပ် ဆရာဝန်ကြီးက ဒေါက်တာ ဗညိုဗျ။ လွှတ်တော်ပြီး လွှတ်စိတ်ထားကောင်းတဲ့ ဆရာဝန်ကြီးပါဗျာ။ ခွဲတဲ့စိတ်တဲ့ဘက်မှာလည်း နာမည်ကြီးဗျ။

ပြီးတော့ စွမ်းလည်း တော်တော်စွမ်းတယ်ဗျ။ တစ်ခါ တလေ ဆေးရုံမှာ အမျိုးသမီးတွေ မွေးလူနာ များနေတဲ့အခါ မွေးခန်းက တစ်ခန်းတည်းရှိတော့ ဆရာဝန်ကြီးက မွေးခန်းထဲက ထွက်လာပြီး အော်ဟစ်နေတဲ့ မိန်းမတွေဗိုက်ကို သူ့လက်ဝါးနဲ့ ပွတ်ပြီး ပြောသဗျ။ အဲဒီလို ပြောလိုက်ရင် ဗိုက်နာလို့ အော်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေ တစ်ခါတည်း ဗိုက်နာပျောက်ကုန်ကြရောဗျို့။

"မနာကြနဲ့ဦး၊ မနာကြနဲ့ဦး၊ တစ်ယောက်ပြီးမှ တစ်ယောက် မွေးရမှာ၊ ကိုယ့်အလှည့်ရောက်မှ နာကြ၊ ကဲ အခု ဘယ်သူ့အချိန်ကျပြီလဲ၊ ခေါ်ခဲ့၊ ခေါ်ခဲ့"

ဆိုပြီး မွေးခန်းထဲ ပြန်ဝင်သွားတယ်ဗျ။ မွေးလူနာ တစ်ယောက် မွေးပြီးရင် တစ်ခါ ပြန်ထွက်လာပြီး…

"ကဲ…ဘယ်သူ့အလှည့်တုံး"

လို့ မေးပြီး မွေးဖို့အလှည့်ကျတဲ့သူရဲ့ ဗိုက်ကို သူ့လက်ဝါးနဲ့ ခပ်ဖြည်းဖြည်း ပုတ်လိုက်ပြီး…

"ကဲ ကဲ နင့်အလှည့်ရောက်ပြီ၊ နာတော့ နာတော့"

လို့ ပြောလိုက်တော့မှ စောစောက ဗိုက်နာနေတဲ့ မိန်းမက ထအော်တော့တာဗျို့။

သူ့ဆေးရုံမှာ မကြာခဏ ထူးထူးဆန်းဆန်းတွေလည်း မွေးတတ်သဗျ။ တချို့က မြွေတွေ အထွေးလိုက်ကြီး မွေးတယ်။ မျက်လုံးတစ်လုံးနဲ့ ပါးစပ်ပေါက်တစ်ပေါက်ပါတဲ့ အသားလုံးကြီး မွေးတယ်။ ပါးစပ်ပေါက်ထဲမှာတော့ သွားတွေ ဖွေးနေအောင် ပေါက်နေတာဗျ။

ဆရာဝန်ကြီးက အဲဒီလို မွေးလာတဲ့ အထူးအဆန်းတွေကို ဖန်ပုလင်းကြီးတွေထဲ ထည့်ပြီး ဆေးရည်စိမ်ထားတယ်။

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမဆို လာပြီးကြည့်နိုင်တာပေါ့ဗျာ။

တော်ရုံတန်ရုံ ပညာသည်တွေ ပြုစားတာလောက်များ တော့ ဆရာဝန်ကြီး ဒေါက်တာ ဗညိုက ပွတ်ရုံသပ်ရုံလောက်နဲ့ကို ကုပေးလိုက်တာဗျ။

နာတာရှည်လူမမာတွေကို ဖုတ်ဝင်တာမျိုးဆိုရင် ဒေါက်တာ ဗညိုကို အိမ်ပင့်ပြီး ကုသကြတာဗျ။ ဒေါက်တာ ဗညိုက ကပ်နေတဲ့ သရဲကို…

"မင်းနာမည် ငါသိတယ်၊ မင်းနာမည် အုန်းစိန်၊ အုန်း စိန် အခုသွားတော့"

လို့ အမိန့်ပေးလိုက်ရင် တန်းပြေးတော့တာဗျ။ ဖုတ် ကောင်ဆိုတာ သူ့ရဲ့ လူ့ဘဝကနာမည် သိလို့ကတော့ အဲဒီနာမည် ခေါ်ပြီး အမိန့်ပေးလိုက်ရင် လစ်တော့တာဗျို့။

"မောင်တာတေ၊ အိပ်ပျော်နေတာလားကွဲ့"

ညကိုးနာရီလောက် ရှိပြီ။ ကျုပ် မျက်လုံးဖွင့်ကြည့်လိုက် တော့ ဒေါက်တာဗညိုဗျ။ ကျုပ်က ခေါင်းထောင်ထလိုက်တယ်။

"မထနဲ့ မောင်တာတေ၊ သက်သာသလိုနေ"

ဒေါက်တာဗညိုက ကျုပ်နဖူးကို စမ်းကြည့်ပြီးတော့ လက်ကောက်ဝတ်ကို သွေးစမ်းတယ်။

"ကောင်းပါပြီ မောင်တာတေ၊ အားရှိတော့မှ ဆေးရုံက



www.burmeseclassic.com

www.burmeseclassic.com



ဆင်းပေါ့။ ဒီမှာ ခဏလောက် နားနေလိုက်ဦးပေါ့''

ကျုပ် တော်တော်အံ့သြသွားတာဗျ။ ဒေါက်တာဗညိုက ကျုပ်နာမည်ကို မှတ်မိနေတာရယ်၊ ကျုပ်ကို တရင်းတနှီး ဆက်ဆံတာရယ်ကို ကျုပ် မထွေးတတ်အောင် ဖြစ်နေတာဗျ။ ကျုပ်က လည်း ဒီည တိုးလှတို့၊ သိန်းဇော်တို့ကို ကျုပ်ဘကြီးအိမ်မှာ ပြန်ပြီး အိပ်ခိုင်းထားတာ။ ဒီကောင်နှစ်ကောင်လည်း ညတိုင်း အိပ်ရေးပျက်နေတာဆိုတော့ အိမ်ပြန်အိပ်ခိုင်းလိုက်တာ။

''ကျုပ် မောင်တာတေနဲ့ စကားပြောချင်လို့ လာတာပါ၊ မောင်တာတေရဲ့ သတင်းကို ကျုပ် ဒီမြို့ရောက်ကာစကပဲ ကြားခဲ့တယ်။ ထနောင်းကုန်းက မောင်တာတေဆိုတာ အင်မတန် သတ္တိကောင်းတဲ့လူငယ်လို့ ပြောကြတယ်။ အထက်လမ်းဆရာကြီးတွေကို အချိန်မရွေး အကူအညီပေးတတ်တယ်ဆိုတာလည်း ကျုပ် ကြားဖူးတယ်။ တချို့ကတော့ ဘယ်အထိတောင် ပြောလဲဆိုရင် မောင်တာတေက မဖဲဝါနဲ့တောင် အလွန်ခင်မင်တယ်ဆိုပဲ။ အဲဒါ ဟုတ်လားကွဲ့''

''ဟုတ်ပါတယ် ဆရာကြီး၊ အကြောင်းရှိတဲ့အခါ ကျုပ်ကို မဖဲဝါကြီးက ကူညီပါတယ်''

''မောင်တာတေ မဖဲဝါကို အပြင်မှာ မြင်ဖူးလားကွဲ့''

''ဟုတ်ကဲ့ မြင်ဖူးပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟော··ဟုတ်လား၊ ဘယ်လိုပုံစံမျိုးတုံး မောင်တာတေ ရဲ့"

"အရပ်ဆယ်ပေလောက် မြင့်ပြီး အင်မတန်မှ ကြောက်စရာကောင်းတဲ့အသွင်ပါ ဆရာကြီး။ တစ်ခါတလေတော့လည်း ကျုပ်အရွယ်လောက် ကောင်မလေးလို ဖန်ဆင်းပြတတ်တယ်ဗျ ဆရာကြီးရဲ့"

"ဟော···ဟုတ်လား၊ မောင်တာတေ"

"မောင်တာတေ အောက်လမ်းပညာသည်တွေရော တွေ့ဖူးသလား"

"တွေ့တော့ တွေ့ဖူးတယ်၊ ဒါပေမဲ့ ရင်းရင်းနှီးနှီးတော့ မနေဖူးဘူးဗျ။ ဒါပေမဲ့ သူတို့ပညာတွေလည်း တော်တော်ထက်မြက်တယ်ဆိုတာကိုတော့ ကျုပ် ရိပ်မိတယ်ဗျ"

"မောင်တာတေ ပြောတာ မှန်တယ်ကွဲ့၊ အောက်လမ်းပညာလို့ခေါ်တဲ့ ပညာတွေဟာလည်း ကြောက်ခမန်းလိလိ ထက်မြက်တာတွေရှိတယ်။ ဒါတွေကတော့ ကျုပ် ကိုယ်တွေ့ပါကွယ်"

"ဗျာ၊ ဆရာကြီးကိုယ်တွေ့ ဟုတ်လား၊ ဆရာကြီးလည်း ကျုပ်လိုပဲ ဝါသနာပါလို့ လိုက်ကြည့်တာ ထင်တယ်"

"မဟုတ်ဘူး မောင်တာတေ၊ ကျုပ်က ဝါသနာလည်း မပါဘူး၊ လိုက်လည်း မကြည့်ဘူး၊ လိုက်မကြည့်ဘဲနဲ့ကို မြင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွယ်"

"ဗျာ၊ လိုက်မကြည့်ဘဲနဲ့ မြင်တာ ဟုတ်လား ဆရာကြီး"

ဆရာကြီး ဒေါက်တာဗညို့က အသားဖြူဖြူ လူရည်သန့်ဗျ။ ရုပ်ရည်ကလည်း အင်မတန်မှ တည်ကြည်ပြီး ကြည်လင်တဲ့ မျက်နှာပါဗျာ။ ဆရာကြီးကို ကြည့်လိုက်ရင် အမြဲတည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပုံက ပေါ်နေတာဗျ။ အရပ်က မြင့်မြင့်၊ ကိုယ်လုံးက ထွားထွားဗျ။ အသက်ကတော့ ခြောက်ဆယ်ဝန်းကျင်လောက်ရှိမယ်ထင်တယ်။

"ဟုတ်တယ် မောင်တာတေ၊ ကျုပ်က ၁၉၁၅ မှာ မွေးတာ၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တစ်နှစ်တည်း မွေးတွေပေါ့ကွယ်။ အခု ၁၉၇၅ ခုဆိုတော့ ကျုပ်အသက်က ခြောက်ဆယ်ပေါ့။ နောက်တစ်လဆိုရင် ကျုပ် ပင်စင်ယူရတော့မယ်။ ပင်စင်ယူပြီးရင် ကျုပ်က ရဟန်းဘောင်ဝင်တော့မှာ၊ ကျုပ်က အိမ်ထောင်မရှိဘူး မောင်တာတေရဲ့။ တစ်သက်လုံး လူပျိုကြီးဘဝနဲ့ပဲ နေခဲ့တာ။ အေး ပြောရဦးမယ်၊ ကျုပ်အဖေကလည်း လူပျိုကြီးပဲကွဲ့"

"ဗျာ"

ကျုပ် တော်တော်အံ့ဩသွားသဗျ။ ဒေါက်တာဗညို့က သူ့အဖေ လူပျိုကြီးလို့ ပြောတော့ ကျုပ်ဖြင့် ဘယ်လိုနားလည်ရ



www.burmeseclassic.com

www.burmeseclassic.com



မှန်းတောင် မသိတော့ဘူးပေါ့ဗျာ။

"ဩော် ကျုပ်ပြောတာ မောင်တာတေ နားရှုပ်သွားပြီ ထင်တယ်၊ ကျုပ်က စကားပြောတာ နည်းနည်းလောသွားလို့ပါ။ ဒီလို ဒီလို ကျုပ်ကို မွေးစားတဲ့ အဖေက လူပျိုကြီးလို့ ပြောတာကွဲ့၊ ခုချိန်အထိ ကျုပ်ရဲ့မိဘတွေက ဘယ်သူတွေဆိုတာ မသိခဲ့ရဘူး။ ပြီးတော့ ကျုပ်ရဲ့ မွေးရပ်ဇာတိက ဘယ်မှာဆိုတာလည်း ကျုပ် ခုထိ မသိခဲ့ဖူးဘူး။ ကျုပ်ရဲ့ မွေးစားအဖေကလည်း မြန်မာ မဟုတ်ဘူးကွဲ့။ အိန္ဒိယလူမျိုးတစ်ယောက်။ သူကိုယ်တိုင်လည်း ကျုပ်ရဲ့ ဇာတိစစ်မြစ်ကို မသိခဲ့ဘူး၊ ကျုပ်ကို ချောင်းထဲမှာ မျောလာတဲ့ ဒိုက်ပုံကြီးတစ်ခုပေါ်မှာ ပါလာတာ တွေ့လို့ ရေထဲမှာ လိုက်ဆယ်ယူပြီး မွေးစားခဲ့တာလို့ ပြောတယ်။

"ဟာ၊ ဖြစ်ရလေ ဆရာကြီးရယ်"

ဒေါက်တာဗညိုက ကျုပ်ကုတင်ဘေးက ခုံတန်းလေးမှာ ထိုင်ပြီး ပြောပြနေတာဗျ။ ဒေါက်တာဗညိုက သူ့ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ပြောတယ်ဗျ။ မာန်မာန အရှင်းမရှိတဲ့ ဆရာဝန်ကြီးပါဗျာ။

"အင်း ကျုပ်အဖေက အိန္ဒိယလူမျိုးစစ်စစ်ကြီးကွဲ့၊ နာမည်က မစ္စတာ ဘာဘရာတဲ့။ လူတွေကတော့ ကျုပ်အဖေကို ဘာဘူလို့ ခေါ်ကြတယ်။ ကျုပ်ကတော့ ပါပါလို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပါပါက စိန်ကုန်သည်တစ်ယောက်ကွဲ့။ ရုပ်ကလည်း တော်တော်ချောတာ၊ အိန္ဒိယသားပေမယ့် အသားမမဲဘူး၊ ဖြူဝင်းနေတာပဲ။ ဝတ်တာစားတာကလည်း ဘိုတွေတောင် အရှုံးပေးရတာကွဲ့။ ပြီးတော့ ပါပါက အင်္ဂလိပ်အရာရှိတွေ၊ လူကုန်ထံတွေ၊ မျက်နှာဖြူကုန်သည်ကြီးတွေနဲ့ အတော်လေးကို ဖက်လှဲတကင်းရှိတာ။ ကျုပ်ကိုလည်း ပညာတတ်ဆရာဝန်တစ်ယောက် ဖြစ်လာအောင် ပညာသင်ပေးတာကွဲ့။ ကျုပ်က အိန္ဒိယတို့၊ အင်္ဂလန်တို့မှာလည်း ဆေးပညာ လိုက်စားဖူးတယ် မောင်တာတေရဲ့။ ဒါတွေအားလုံးဟာ ပါပါ့ကျေးဇူးတွေပေါ့ကွယ်''

ကျုပ်က ဆရာကြီး ဒေါက်တာဗည္ဒိ ပြောတဲ့ သူ့ရဲ့မွေးစားဖခင်ကြီးအကြောင်းကို စိတ်ဝင်တစား နားထောင်နေမိတာဗျ။

''အင်း ပြောရဦးမယ် မောင်တာတေရေ၊ အင်္ဂလိပ်တွေထဲမှာလည်း ခပ်ဆိုးဆိုး အရာရှိတွေ ရှိတယ်ကွဲ့၊ အဲဒီအရာရှိတွေလည်း တစ်ယောက်ပြီးတစ်ယောက် သေတာပါပဲ မောင်တာတေရယ်''

''ဟင်၊ ဘယ်လိုဖြစ်လို့တုံး ဆရာကြီးရဲ့''

''မကောင်းတဲ့လူတွေဆိုတော့ အကုသိုလ်အကျိုးပေးတာပေါ့ မောင်တာတေ''



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ခေါင်းလေး တညိတ်ညိတ်နဲ့ နားထောင်ရတာ ပေါ့ဗျာ။

"ဒါပေမဲ့ မောင်တာတေရေ၊ တစ်နေ့တော့ ကျုပ် သိသွားတယ်ကွဲ့"

"ဗျာ၊ ဘာကိုလဲ ဆရာကြီးရဲ့"

"လူဆိုး လူယုတ် မျက်နှာဖြူကောင်တွေကို အကျိုးပေးတဲ့ အကုသိုလ်ဟာ ကျုပ်တို့အိမ်ကြီးထဲက သွားတယ်ဆိုတာ မထင်မှတ်ဘဲ ကျုပ် သိသွားတာကွဲ့"

"ဗျာ၊ ဘယ်လိုဖြစ်လို့လဲ ဆရာကြီးရဲ့"

"ကျုပ် မောင်တာတေလို လူငယ်တစ်ယောက်ကို ဒီအကြောင်းတွေ ပြောချင်လို့ကို လာခဲ့တာကွဲ့။ မောင်တာတေလို ဒီလမ်းကြောင်းတွေနဲ့ နီးစပ်တဲ့ လူငယ်တစ်ယောက်ကို ဗဟုသုတရစေချင်လို့ပါလေ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ် စိတ်ဝင်စားပါတယ်"

'ဆရာကြီး ဒေါက်တာဗညိုက အတိတ်ကာလကို ပြန်မြင်နေပုံပဲဗျ။ (ဆရာကြီး ကျုပ်ကိုပြောတဲ့အတိုင်းပဲ ဖတ်လို့ကောင်းအောင် ပြန်ရေးပြလိုက်တာပါဗျာ)

❑



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ဥပစာတန်း စတက်တဲ့နှစ်ဗျ။

ကျုပ်တို့အိမ်က ဗဟန်းမှာ။ ခြံဝင်းကျယ်ကြီးထဲက နှစ်ထပ်အိမ်မဲကြီး။ တစ်အိမ်လုံး ကျွန်းနဲ့ဆောက်ထားတာ။ ရေနံမှ မဲနေအောင် သုတ်ထားတာ။

ဒါပေမဲ့ ပါပါ ပိုင်တာမဟုတ်ဘူးဗျ။ အိမ်ကြီးတစ်လုံးလုံးကို ငှားပြီးနေတာ။ အိမ်ရှင် တောင်းသလောက်ဈေးကို ပါပါက မဆစ်ဘဲ ငှားထားတာဗျ။

ကျုပ် စာကြည့်ပြီးတော့ ညဆယ်နာရီထိုးပြီ။ အိမ်ပေါ် ထပ်ကို လှမ်းကြည့်တော့ မီးလုံးတွေ မပိတ်သေးဘူးဗျ။ ဒါနဲ့ ကျုပ်စိတ်ထဲမှာ ပါပါ နေထိုင်မှုကောင်းရဲ့လားလို့ စိုးရိမ်သွားပြီး ပြောင်လက်နေတဲ့ ကျွန်းလှေကားကြီးအတိုင်း အိမ်ပေါ်ထပ်ကို တက်လာခဲ့တယ်။

အပေါ်ထပ်မှာက ပါပါအိပ်တဲ့ အိပ်ခန်း၊ ပါပါ စာဖတ်တဲ့ စာကြည့်ခန်း၊ ပြီးတော့ တံခါးအမြဲပိတ်ထားတဲ့ အခန်းလွတ် တစ်ခန်း ရှိတယ်ဗျ။ အဲဒီအခန်းလွတ်ထဲမှာ ပါပါက ဝင်ပြီး ပုတီးစိပ်တာတို့ တရားထိုင်တာတို့ လုပ်တတ်တယ်။ ပါပါ ကိုးကွယ်တာကတော့ ဟိန္ဒူလို့ ကျုပ်ထင်တယ်။ ဒီအကြောင်းကို ပါပါက တစ်ခါမှ ပြောမပြဘူးဗျ။ ကျုပ်ကိုတော့ ဘုန်းကြီးတစ်ပါးနဲ့ အပ်ထည့်လိုက်ပြီး နယ်ဘက်မှာ ကိုရင်စည်းခိုင်းဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတော့ လိုက်မလာဘူးဗျ။ ကျုပ်ကတော့ ဗုဒ္ဓဘာသာပဲ ကိုးကွယ်တာပေါ့ဗျာ။ ပါပါကတော့ ဗုဒ္ဓဘာသာ မဟုတ်တာ သေချာတယ်ဗျ။ စာကြည့်ခန်းမှာ စာဖတ်တော့လည်း ပါပါက အင်္ဂလိပ်ဘာသာနဲ့ ပုံနှိပ်ထားတဲ့ စာအုပ်တွေ၊ အိန္ဒိယဘာသာနဲ့ ပုံနှိပ်တဲ့စာအုပ်တွေပဲ ဖတ်တာဗျ။

ကျုပ်အပေါ်ထပ်ကိုရောက်တော့ ပါပါ ပုတီးစိပ်တဲ့အခန်း လွတ်ထဲကနေ မီးရောင်လင်းနေတာ တွေ့ရတယ်။ ဒါနဲ့ပဲ ကျုပ်က ခြေဖွနင်းပြီး ပိတ်ထားတဲ့ တံခါးရဲ့ သော့ပေါက်ကလေးကနေ အထဲကို ချောင်းကြည့်လိုက်တယ်။

အနက်ရောင် အိန္ဒိယကော်ဇောပေါ်မှာ ပါပါက တင်ပလ္လင် ခွေပြီး ထိုင်လို့ဗျာ။ ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ အမြဲတမ်း ဥရောပဝတ်စုံကို စမတ်ကျကျဝတ်ပြီး အင်္ဂလန်နိုင်ငံလုပ် လည် သာလက်ဆွဲအိတ် အနက်တစ်လုံးကို ဟန်ပါပါဆွဲပြီး ဂျစ်ကား တစ်စီးနဲ့ ရန်ကုန်မြို့အနှံ့ သွားလာတတ်တဲ့ ပါပါ့ကို အခု ကျုပ် မြင်နေရတဲ့ပုံစံက အပေါ်အဖြူ အောက်အဖြူ ဝတ်လို့ဗျ။ အောက် ကလည်း ပိတ်ဖြူပုဆိုးကို ဟိန္ဒူခါးတောင်းကျိုက် ကျိုက်လို့။ ခေါင်းမှာလည်း အနက်ရောင်ပိတ်စကို ပန်ချာပီကြီးတွေလို ဘောင်ထုပ်ကြီး ပေါင်းလို့ဗျ။ လည်ပင်းမှာ ပုဝါအဖြူတစ်ထည် တင်ထားတယ်။ ပြီးတော့ မီးဖြူသီးလုံးလောက်ရှိတဲ့ စိတ်ပုတီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ကုံးကိုလည်း လည်ပင်းမှာ ဆွဲထားတယ်။ ပါပါထိုင်နေတဲ့ ရှေ့က ပြတင်းပေါက်ကြီးကို ဖွင့်ထားပြီး အဲဒီပြတင်းပေါက်ရဲ့ ဘောင်မှာ ပန်းကုံးကြီးတွေ ချိတ်ထားတယ်။ ပန်းကုံးတွေက ဟိန္ဒူဘုရားကျောင်းတွေမှာ ရောင်းတဲ့ အဝါ၊ အနီ၊ အဖြူ ပန်းကုံးတွေဗျ။ ပြတင်းပေါက်အောက်က ကြမ်းပြင်ပေါ်မှာတော့ ဖယောင်းတိုင် ဆယ်တိုင်လောက် ဝိုင်းထွန်းထားတယ်။ အမွှေးတိုင်တွေလည်း ထွန်းထားတယ်။ အဲဒီဖယောင်းတိုင်တွေရဲ့အလယ်မှာ ရေတစ်ဝက်လောက် ထည့်ထားတဲ့ ကြေးဝါ ဇလုံအဟောင်းလေး တစ်လုံး ချထားတယ်။ ကြေးဝါဇလုံက တော်တော်ကို ရှေးကျတဲ့ ပစ္စည်း ဖြစ်မယ်ဗျ။ ဇလုံနှုတ်ခမ်းမှာ အပွဲရာတစ်ခုတောင် ပါတယ်။ ဇလုံပေါ်မှာတော့ ရုပ်ကြွအရုပ်တွေလည်း ပါတယ်။ ဘာဘာသာမှန်းမသိတဲ့ စာတွေလည်း ဖောင်းကြွစာလုံးနဲ့ ရေးထားတယ်ဗျ။

ပါပါက ပါးစပ်ကနေ တတွတ်တွတ်နဲ့ မန္တန်တွေရွတ်နေတာဗျ။ အိန္ဒိယစကားနဲ့ ရွတ်တာဆိုတော့ ကျုပ် နားမလည်ဘူး။ ပါပါ့ကို ကြည့်ရတာ စိန်ကုန်သည်တစ်ယောက်နဲ့ မတူတော့ဘဲ တကယ့်ကို မှော်ဆရာတစ်ယောက်နဲ့ တူနေတော့တာဗျို့။

ခဏနေတော့ ပါပါက ဖွင့်ထားတဲ့ ပြတင်းပေါက်ကြီး ကနေ ကောင်းကင်ကို မော့ကြည့်ပြီး မန္တန်ရွတ်ပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း ပါပါ့ကို တအံ့တသြဖြစ်ပြီး မျက်လုံးကို သော့ပေါက်ကနေ မခွာနိုင်အောင် ဖြစ်နေတော့တာပေါ့ဗျာ။ ပါပါ ရွတ်တဲ့ မန္တန်ထဲမှာ ကျုပ် နားလည်တာတစ်ခုတော့ ပါတယ်ဗျ။ အဲဒါက 'ရှရီ၊ ရှရီ' ဆိုတဲ့ စကားပဲ။ ကျန်တာတွေတော့ ကျုပ် လည်း ဘာတစ်ခုမှကို နားမလည်ဘူးဗျ။

ဟော ပါပါက သူ့ရှေ့မှာ ချထားတဲ့ ကတ္တီပါအနက်နဲ့ ချုပ်ထားတဲ့ သေတ္တာကလေးကို ဖြည်းဖြည်းလေး ဖွင့်လိုက်တယ်။ ပါးစပ်ကတော့ မန္တန်တွေရွတ်တာ ပြတ်မသွားဘူးဗျ။

သေတ္တာထဲက လက်တစ်လုံးလောက်ရှိတဲ့ ငွေရောင် အပြာကလေးတစ်ခုကို ထုတ်ယူလိုက်တယ်။ ပါပါက သူ့ရဲ့ ဘယ်ဘက်လက်ဖဝါးထဲမှာ ကတ္တီပါသေတ္တာထဲက ထုတ်ယူ လိုက်တဲ့ ငွေရောင်အပြာလေးကို အသာကလေး ထည့်လိုက် တယ်။ ပြီးတော့ မန္တန်ရွတ်ရင်းကပဲ အဲဒီအပြာလေးကို အသာ လေး ဆွဲဖြန့်လိုက်ရောဗျ။ ဟာ အပြာကလေး သုံးပြား ဖြစ်သွား ပြီဗျို့။ အလယ်အူတိုင်ကနေ ဖြာထွက်သွားတဲ့ ပန်ကာဒလက် ကလေးတွေလိုပေါ့ဗျာ။ ဖယောင်းတိုင်မီးရောင်မှာ ငွေဒလက် ကလေး သုံးခုက တလက်လက် ဖြစ်နေတာဗျ။ ကျုပ် သေသေ ချာချာကြည့်တော့ ဓားသွားလေးသုံးခုဗျ။ ဒလက်ကလေးတစ်ခုမှာ အသွားနှစ်ဖက်ပါတာ ဓားသွားလေးတွေက တော်တော်ကို ထက်

www.burmeseclassic.com



တဲ့ပုံပဲ။

ပါပါက အဲဒီငွေရောင်ငါးစကြာကလေးကို ကြေးဝါရေဇလုံထဲကို ထည့်လိုက်တယ်။ အဝိုင်းထွာဆိုင်လောက်ရှိတဲ့ ငါးစကြာကလေးက ဇလုံထဲက ရေအောက်ကို မြုပ်သွားတာပေါ့ဗျာ။

ပါပါကတော့ မန္တန်ကို ရွတ်နေတုန်းပဲဗျ။ ပါးစပ်က တစ်ချက်မှကို ရပ်မသွားဘူး။ ရေထဲက ငွေရောင်ငါးစကြာလေးကို စိုက်ကြည့်ပြီး မန္တန်ရွတ်တဲ့အသံကို ခပ်မာမာလေသံနဲ့ ရွတ်တယ်။ ပါပါရဲ့မျက်နှာက စောစောကနဲ့ မတူတော့ဘူးဗျ။ တော်တော်ကို ခက်ထန်လာတယ်။ မန္တန်ရွတ်တဲ့အသံကလည်း တဖြည်းဖြည်း မာန်တွေပါလာတယ်။ ကျုပ်စိတ်ထဲမှာ လူတစ်ယောက်ကိုများ ပါပါက အမိန့်ပေးပြီး ခိုင်းစေနေသလားလို့တောင် ထင်မိတာဗျ။ ကျုပ်လည်း မျက်တောင်မခတ်ဘဲကို ကြည့်နေတော့တာပေါ့ဗျာ။

ဟာ…ရေတွေလည်သွားပြီဗျို့။ ကြေးဝါဇလုံထဲက ရေတွေ လည်နေပြီ။ ရေတွေက လည်ရင်း လည်ရင်းနဲ့ နောက်ဆုံးဝဲကတော့ထိုးသလို ဖြစ်လာပြီး အထဲက တစ်ခုခုက ရေပေါ်ကို ထိုးထွက်သွားပြီး ပြတင်းပေါက်က ရိပ်ကနဲ ထွက်သွားတယ်လို့ ကျုပ်စိတ်ထဲမှာ ထင်လိုက်တယ်ဗျ။

ဟော ပါပါလည်း ပြတင်းပေါက်ကို လိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျို့။ ဟုတ်တယ်ဗျ။ ကျုပ်ထင်သလိုပဲ တစ်ခုခု ပျံထွက်သွား တယ်ထင်တယ်။ ပါပါကတော့ မန္တန်ကို ရွတ်နေတုန်းပဲဗျ။

ဟာ…ဇလုံထဲက လှုပ်နေတဲ့ ရေတွေ ရပ်သွားပြီဗျ။ ဟာ ရေထဲမှာ ငွေရောင်လက်နေတဲ့ ဓားစကြာလေး မရှိတော့ဘူး ဗျ။

လက်စသတ်တော့ ရိပ်ကနဲ ပျံထွက်သွားတာဟာ ဒီဓား စကြာလေးကိုး။ ဒီတော့မှ ကျုပ် သဘောပေါက်တာဗျို့။ ကျုပ် တော်တော်ကို စိတ်၀င်စားသွားတယ်။ ဒီဓားစကြာလေးကို ပါပါ က တစ်နေရာကို စေလွှတ်နိုင်စွမ်းရှိတဲ့လူပဲ၊ ဘာအတွက်များ ဓားစကြာ လွှတ်တာပါလိမ့်။ ကျုပ် အောက်ထပ်ကို ပြန်ပြီးမဆင်း နိုင်သေးဘူးဗျ။ တံခါးသော့ပေါက်ကလေးကနေ ကျုပ် ကြည့်နေ တုန်းပဲ။

ပါပါက မန္တန်ကို ဆက်ရွတ်နေတယ်။ ဒါပေမဲ့ စောစော ကလောက်တော့ ကျယ်ကျယ်လောင်လောင် မာမာထန်ထန် မဟုတ်တော့ဘူးဗျ။ ခပ်ဖြည်းဖြည်းမှန်မှန်ပဲ ရွတ်တော့တာ။ ဒါပေမဲ့ မျက်စိကို စုံမှိတ်ပြီး တစ်ခုခုကို အာရုံစိုက်ထားသလိုပဲဗျ။ တော် တော်လေးကြာတော့ ပါပါက အိန္ဒိယစကားနဲ့ နှစ်ခွန်းဆင့်အော် လိုက်တယ်။ အမိပွာယ်က…

"သတ်လိုက်၊ သတ်လိုက်"

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



တဲ့ဗျ။ ပါပါ အော်လိုက်တဲ့အသံက အာ်ဏာစက်အပြည့် ပါတဲ့အသံဗျ။ တစ်ယောက်ကို လှမ်းပြီးညွှန်ကြားလိုက်သလိုပဲ။ ကျုပ်ဖြင့် လန့်ပြီး ကြက်သီးတွေတောင် ထသွားရောဗျို့။

ဘာတွေဆက်ဖြစ်လာဦးမလဲဆိုတာ သိချင်နေတော့ ကျုပ်လည်း ဆက်ကြည့်နေမိတာပေါ့ဗျာ။ ကျုပ်စိတ်အထင်တော့ တစ်နာရီကျော်ကျော်လောက် ကြာသွားပြီထင်တယ်ဗျ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဖွင့်ထားတဲ့ ပြတင်းပေါက်ကြီးနားကနေ 'ဝီ၊ ဝီ' ဆိုတဲ့ အသံကြီး ကြားနေရတာဗျ။ ပိတုန်းတွေ အုပ်လိုက်ကြီး ပျံလာသလားလို့တောင် ထင်ရတာ။ ကျုပ်လည်း ပြတင်းပေါက်ကြီးက နေ အပြင်မှောင်ထဲကို အားစိုက်ပြီး ကြည့်ရတာပေါ့ဗျာ။ ဘာမှ မတွေ့ဘူးဗျ။

ပါပါကတော့ တင်ပလ္လင်ခွေပြီး ထိုင်နေရာကနေ မုဆိုးဖိုထောက် ထထိုင်ပြီး ကြေးဝါရေဇလုံကို ကိုင်ထားတယ်ဗျ။ ပါးစပ်ကနေ မန္တန်ကို အသံကျယ်ကျယ်နဲ့ မာန်အပြည့်နဲ့ ပြန်ရွတ်နေပြန်ပြီဗျို့။

"ဗွမ်း"

ဟော ပါပါက အသင့်ကိုင်ထားတဲ့ ရေဇလုံထဲကရေနဲ့ လှမ်းပက်လိုက်တာဗျ။ ဘာကို ပက်လိုက်မှန်း ကျုပ် မမြင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ချွင်၊ ချလွင်"

ကြမ်းပြင်ပေါ်ကို တစ်ခုခု ကျသွားတဲ့ အသံကြားလို့ ကျုပ် လှမ်းကြည့်လိုက်တာ။ ဟာ၊ ဓားစကြာကလေးပါလား။ ဟင် သွေးတွေလည်း ရှိနေပါလား။ ဒါဆိုရင် ရေဇလုံထဲက ထွက်သွားတာ ဒီဓားစကြာပဲပေါ့ဗျာ။ ခုတော့ ဓားစကြာက သွေးတွေရှဲပြီး ပြန်ရောက်လာတာဗျ။

ပါပါက ဓားစကြာကို သေသေချာချာ သတိထားပြီး ကောက်ယူလိုက်တယ်။ ပြီးတော့ အသင့်ချထားတဲ့ အဝတ်စ တစ်စနဲ့ သွေးတွေ သုတ်လိုက်တယ်။ ပြီးတော့မှ ဓားစကြာကို ဆီနဲ့ လိမ်းလိုက်တယ်။

ဟော··ဓားစကြာလေးကို ခေါက်လိုက်တာ လက်တစ်လုံး လောက် အရွယ်လေးနဲ့ တစ်ရွက်တည်း ဖြစ်သွားပြီဗျို့။ ပါပါက အနက်ရောင် ကတ္တီပါဘူးထဲကို သေသေချာချာထည့်ပြီး ဓားစကြာ ကို သိမ်းလိုက်တယ်။

ကျုပ်လည်း ပါပါ မသိအောင် ခြေဖွပြီး အောက်ထပ်ကို ပြန်ဆင်းလာခဲ့တယ်။ ကျုပ် အိပ်ရာထဲကိုရောက်တော့ မီးတွေ မှိတ်ပြီး အိပ်လိုက်ပေမယ့် တော်တော်နဲ့ အိပ်လို့မပျော်ပါဘူးဗျာ။ ကျုပ်တွေ့လိုက် မြင်လိုက်ရတဲ့ မြင်ကွင်းကိုပဲ မျက်စိထဲမှာ မြင် နေတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မနက်ရောက်တော့ ပါပါက ခါတိုင်းလိုပဲဗျ။ ဥရောပဝတ်စုံကို အကျအနဝတ်ပြီး ဂျစ်ကားတစ်စီးနဲ့ အပြင်ထွက်သွားတယ်။

ကျုပ်လည်း ကျောင်းသွားတက်တာပေါ့ဗျာ။ ဒါပေမဲ့ ကျောင်းသွားတဲ့လမ်းမှာ သတင်းစာသည်တစ်ယောက် အော်ဟစ်ရောင်းနေတဲ့ သတင်းတစ်ပုဒ်ကြောင့် ကျုပ်မှာ သတင်းစာတစ်စောင်ကို အလုအယက် ဝတ်ဖတ်လိုက်ရတော့တာဗျို့။

'ဗြိတိသျှအရာရှိတစ်ဦး ထူးဆန်းစွာ လုပ်ကြံခံရခြင်း' တဲ့ဗျာ။ ညဆယ်နာရီခွဲလောက်မှာ စထရင်းဟိုတယ်ကနေ ပြန်လာတဲ့ 'မစ္စတာအက်ဒဝပ်' ဆိုတဲ့ အင်္ဂလိပ်အရာရှိတစ်ယောက် ထူးဆန်းစွာ လုပ်ကြံခံရတဲ့အကြောင်း၊ မစ္စတာအက်ဒဝပ်ရဲ့ လည်ပင်းကို ခေါင်းရိတ်တဲ့ သင်ဒုံးဓားနဲ့ လုပ်ကြံသူက လှီးသွားပုံရကြောင်း၊ နေရာမှာပဲ ပွဲချင်းပြီး သေဆုံးသွားတဲ့အတွက် ဘာသဲလွန်စမှ မရလိုက်တဲ့အကြောင်း၊ မစ္စတာအက်ဒဝပ်ဟာ ယစ်မျိုးအရာရှိတစ်ယောက်ဖြစ်ပြီး ဘိန်းခန်းတွေကို အမြဲသွားလာစစ်ဆေးနေရသူဖြစ်တဲ့အတွက် မုန်းတီးသူများလည်း ရှိနိုင်တဲ့အကြောင်း၊ ဒါ့အပြင် မစ္စတာအက်ဒဝပ် ဆိုတဲ့လူဟာ အရပ်မြင့်မြင့် ထွားထွားကျိုင်းကျိုင်း ဖြစ်တဲ့အတွက် သူ့လည်ပင်းကို သင်ဒုံးဓားနဲ့လှီးပြီး သတ်သွားတဲ့လူဟာ မစ္စတာအက်ဒဝပ်ထက် ပိုပြီးထွားကျိုင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိမ့်မယ်လို့ ပုလိပ်ဘက်က ယူဆပြီး ဘိန်းခန်းတွေနဲ့ ပတ်သက်တဲ့ လူထွားကြီးတွေကို လိုက်လံစုံစမ်းနေတဲ့အကြောင်းတွေ ရေးထားသဗျ။

ကျုပ်ကတော့ ညက မြင်ခဲ့ရတဲ့ မြင်ကွင်းကို ချက်ချင်း သတိရသွားတာပေါ့ဗျာ။ ကျောင်းမှာ စာသင်ရတာလည်း စိတ်မဝင်စားပါဘူးဗျာ။ ကျုပ်တို့ ယူနီဗာစတီကျောင်းကြီးမှာလည်း ကျောင်းသားတွေ စုစု စုစုနဲ့ ဒီသတင်းကိုပဲ ပြောနေကြတာဗျ။ ဆရာတွေလည်း သတင်းစာ တကိုင်ကိုင်နဲ့ ဒီသတင်းကိုပဲ ပြောနေကြတာပေါ့ဗျာ။ ဆရာတစ်ယောက်က သူ့ဘေးက ဆရာကို ပြောလိုက်တာ လေ့ကားအတက်မှာ ကျုပ် သေသေချာချာ ကြားလိုက်တယ်။

"အလကားပုလိပ်တွေပါဗျာ၊ ဒီပုံစံအတိုင်း အင်္ဂလိပ်အရာရှိကြီးတွေ အသတ်ခံရတာ ဒါပါနဲ့ဆိုရင် သုံးကြိမ်ရှိပြီဗျ။ ကျုပ် သေသေချာချာ မှတ်ထားတာ။ လွန်ခဲ့တဲ့ ငါးနှစ်[illegible] တစ်ယောက်၊ လွန်ခဲ့တဲ့ သုံးနှစ်က [illegible]တစ်ယောက်၊ အခု တစ်ယောက် ဘယ်ကလာ ဘိန်းခန်းနဲ့ ပတ်သက်[illegible]မှာတုံးဗျာ။ အရင်အသတ်ခံရတဲ့လူတွေက အရေးပိုင်ကြီးတစ်ယောက်နဲ့ စိုက်ပျိုးရေးဝန်ထောက် တစ်ယောက်ပါ။ ဒါပေမဲ့ ကျုပ်ကြားတာက အခုသေတဲ့လူရော အရင်သေတဲ့နှစ်ယောက်ရော တော်တော်ဆိုးတယ်ဆိုပဲ။ လာဘ်စား[illegible]တဲ့နေရာမှာရော မိန်းမရှုပ်တဲ့နေရာမှာရော နံပါတ်ဝမ်းတွေတဲ့



www.burmeseclassic.com

www.burmeseclassic.com


ဆရာရေ”

“ဟာ…ဟုတ်လားဗျ ဆရာရဲ့”

ဥပစာအပိုင်း(ခ)မှာ သင်တဲ့ ဆရာတွေဗျ။ လေ့ကားတက်ရင်း ကျုပ်ရှေ့က ပြောသွားကြတာ။

“ဒါပေမဲ့ မျက်နှာဖြူအရာရှိကို ရက်ရက်စက်စက် လည်ပင်း ဓားနဲ့လှီးပြီး သတ်ရဲတာတော့ အံ့သြသဗျာ”

“ဪ ဆရာရယ်၊ ပိုက်ဆံသာ ပွဲပေးနိုင်လို့ကတော့ လူသတ်ပေးမယ့် ကြေးစားတွေ အပုံပါဗျာ”

“ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမဲ့ အခုလို မျက်နှာဖြူ အရာရှိတစ်ယောက်ကို အနားကပ်ပြီး လည်ပင်းကို ဓားနဲ့လှီးသတ်ဖို့ဆိုတာ သိပ်လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူးဗျ”

“ဆရာပြောတာလည်း ဟုတ်နိုင်ပါတယ်၊ ဒါပေမဲ့ ဒီလူတွေအဖို့ကျတော့ သူတို့ရဲ့ အသက်မွေးဝမ်းကြောင်းကိစ္စမို့လား ဗျာ၊ ကျွမ်းကျင်ပေမပေါ့ ဆရာရယ်”

ကျုပ်ကတော့ ဆရာနှစ်ယောက် ပြောတာကို နားထောင်ရင်း သက်ပြင်းချမိတာပေါ့ဗျာ။

အဲဒီနောက်တော့ ကျုပ်လည်း ပါပဲ့အရိပ်အခြေကို မသိမသာနဲ့ အမြဲကြည့်နေတော့တာပေါ့ဗျာ။ ယစ်မျိုးဝန်ထောက်ကြီး မစ္စတာ အက်ဒဝပ် သေပြီးတဲ့နောက်မှာတော့ ပါပါလည်း ဘာမှ


www.burmeseclassic.com

www.burmeseclassic.com



ထပ်လုပ်တာ မတွေ့ရတော့ဘူးဗျ။ ကျုပ်လည်း ညတိုင်း ပါပါ အိပ်သွားမှ အိပ်တာချည်းပါပဲ။

နောက်တစ်နှစ်လောက်ကြာတော့ ပါပါ ထပ်လုပ်တယ်ဗျ။ ကျုပ်လည်း အရင်တစ်ခါလိုပဲ ချောင်းကြည့်တာပါပဲ။ ပါပါက မန္တန်တွေရွတ်၊ ကြေးဝါရေဇလုံထဲက မားစကြာကလေး ပျံထွက်သွားပြီး တစ်နာရီလောက် ကြာတော့ အရင်တစ်ခါလိုပဲ ပြန်ရောက်လာတာပဲဗျ။ သွေးတွေရွှဲနေတာပဲပေါ့ဗျာ။

နောက်တစ်နေ့ထုတ်တဲ့ သတင်းစာတွေမှာ ပါလာတာပဲဗျို့။

"ဗြိတိသျှလူမျိုး လမ်းဝန်ထောက် မစ္စတာကယ်လ်ဗင် ပျော်ပွဲစားရုံက အပြန်မှာ လည်ပင်းကို သင်ဒုံးမားနဲ့ လှီးဖြတ်အသတ်ခံရတဲ့အကြောင်း၊ ဒီလိုအမှုကိစ္စမျိုး တစ်ကြိမ်မက ဖြစ်နေတဲ့အတွက် အင်္ဂလိပ်အရာရှိတွေကို မျက်ခြည်မပြတ် စောင့်ကြပ်နေတဲ့ကြားက အခုလိုဖြစ်သွားတဲ့အကြောင်း၊ မစ္စတာကယ်လ်ဗင်ဟာ သူနဲ့ မနီးမဝေးကနေ အရပ်ဝတ်နဲ့ လိုက်လာတဲ့ ပုလိပ်တွေရှေ့မှာပဲ 'မားတွေ၊ မားတွေ' လို့ နှစ်ခွန်းဆင့်အော်လိုက်ပြီးတော့ လည်ပင်းကနေ သွေးတွေ ပန်းထွက်လာပြီး လဲကျသေဆုံးသွားတဲ့အကြောင်း၊ သူ့ကို စောင့်ရှောက်နေတဲ့ ပုလိပ်တွေကတော့ မစ္စတာကယ်လ်ဗင် ပြောတဲ့ မားတွေကို တွေ့လိုက်တဲ့သူ တစ်ယောက်မှ မရှိတဲ့အကြောင်း မစ္စတာကယ်လ်ဗင်ရဲ့ လည်ပင်းကို သင်ဒုံးမားနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုးသွားတဲ့ လူ့သတ်သမားကိုလည်း ပုလိပ်တွေအနေနဲ့ မတွေ့လိုက်တဲ့အကြောင်း၊ ပုလိပ်တွေကိုယ်တိုင် သူတို့ရှေ့မှာ မစ္စတာကယ်လ်ဗင် အသတ်ခံရတဲ့ကိစ္စကို အလွန်အမင်း အံ့သြနေကြတဲ့အကြောင်း၊ နောက်ဆုံး ကုန်ကုန်ပြောရမယ်ဆိုရင် ပုလိပ်အရာရှိတွေကိုယ်တိုင် သင်ဒုံးဓားနဲ့ လိုးတဲ့ လူ့သတ်သမားကို ကြောက်နေကြတဲ့အကြောင်း"

ရေးထားလိုက်တာမှ စုံနေတော့တာပေါ့ဗျာ။ ကျုပ်တို့ယူနီဗာစီတီကျောင်းကြီးမှာလည်း ကျောင်းသားတွေ၊ ကျောင်းသူတွေ၊ ဆရာ၊ ဆရာမတွေ အားလုံး ဒီသတင်းကိုပဲ ခေါင်းချင်းဆိုင်ပြောနေကြတော့တာပေါ့ဗျာ။

ကျုပ်ကတော့ သူတို့ပြောတာကို နားထောင်ပြီး စိတ်မဝင်စားသလိုပဲ နေလိုက်တယ်ဗျို့။

ဒီလိုနဲ့ မစ္စတာကယ်လ်ဗင် ဆိုတဲ့လူသေတာ ခြောက်လ၊ ခုနစ်လလောက် ရှိသွားတော့တာပေါ့ဗျာ။ ကျုပ်လည်း ပါပါ ဖြစ်စေချင်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ဆေးဘက်ကိုယူပြီး ကြိုးစားနေရတာဗျ။ ပါပါက ကျုပ်ကို ပြောတယ်။

"လူကလေး မောင်ဗညို၊ ဒိုက်ပုံကြီးပေါ်မှာ ပါလာပြီး ဘယ်က မျောလာမှန်းမသိတဲ့ လူကလေးကို အသက်မသေအောင် ပါပါက ကယ်ခဲ့သလို မသေသင့်တဲ့လူတွေရဲ့ အသက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



လူကလေးက ကယ်ပေးပါ။ ဒါဆိုရင် လူကလေးအသက်ကို ကယ်ခဲ့ပြီး လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပါပါ မွေးခဲ့ရကျိုးနပ်တာပေါ့ လူကလေးရာ"

ကျုပ်ကို ပါပါက မသေသင့်တဲ့လူတွေရဲ့ အသက်ကို ကယ်ဖို့ပြောတယ်ဆိုတော့ သေသင့်တဲ့လူတွေမို့ သူသတ်တာ ထင်တယ်လို့ ကျုပ်တွေးမိတယ်။

ပါပါ့ကျေးဇူးတွေက ကျုပ်အပေါ်မှာ ဆပ်လို့မကုန်နိုင်အောင် တင်နေတာဗျ။ ကျုပ်ကို ပါပါကိုယ်တိုင် နို့ဘူးတိုက်ပြီး မွေးလာခဲ့ရတာ။ အခုလို ဆေးကျောင်းရောက်တဲ့အထိ မွေးကျွေးနေတုန်းလေဗျာ။ ဒါပေမဲ့ ကျုပ်စိတ်မကောင်းတာတော့ အမှန်ပဲဗျ။ ပါပါ့လို အိန္ဒိယသား လူကုံတန်တစ်ယောက်၊ စိန်ကုန်သည်တစ်ယောက်၊ ရန်ကုန်မြို့ရဲ့ ထိပ်တန်းစားအလွှာထဲမှာ ထဲထဲဝင်ဝင် ဝင်ဆံ့တဲ့သူတစ်ယောက်၊ အင်္ဂလိပ်စကားကို ဘိလပ်သား အင်္ဂလိပ်တွေထက် သာအောင်ပြောနိုင်တဲ့ လူတစ်ယောက်က မှော်လား၊ စုန်းလား၊ ကဝေလား မသိတဲ့ ပညာနဲ့ လူသတ်နေတာကို ကျုပ်ဘယ်လိုမှ နားမလည်နိုင်တော့ဘူးပေါ့ဗျာ။

ကျုပ် ဆေးကျောင်းတက်နေတဲ့ နှစ်ကာလတွေမှာ ပါပါက ခြောက်လ တစ်ယောက်၊ တစ်နှစ် တစ်ယောက်၊ နှစ်နှစ် တစ်ယောက် ဆိုသလို မျိုးနွယ်ဖြူ အရာရှိဆိုးတွေကို သတ်နေတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဒီညတော့ နွေရာသီဆိုတော့ ပူလိုက်နေတာနဲ့ မျက်နှာကြက်က ပန်ကာကိုဖွင့်ပြီး စာဖတ်နေတုန်း အိမ်ပေါ်ထပ်က အသံသဲ့သဲ့ ကြားလို့ ကျုပ်တက်လာပြီး ကြည့်လိုက်တာဗျ။

ပါပါပေါ့ဗျာ။ ခါတိုင်းလုပ်နေကျ အခန်းထဲမှာပဲ ဖယောင်းတိုင်တွေထွန်းပြီး လုပ်နေပြန်ရောဗျာ။ ကျုပ် ချောင်းကြည့်လိုက်တော့ ခါတိုင်းမြင်နေကျ ရေဇလုံနဲ့ ဓားစကြာ မဟုတ်ဘူးဗျို့။ ဒီတစ်ခါ တစ်မျိုးဗျ။

ပါပဲ့ရှေ့မှာ လူကို ကားစင်တင်ပြီး သတ်တဲ့ လက်ဝါးကပ်တိုင် အသေးစားလေးဗျ။ အဲဒီလက်ဝါးကပ်တိုင်မှာ ကြိုးတုပ်ပြီး ကားစင်တင်ထားတာက လူပုံစံအရုပ်ကလေး တစ်ရုပ်ဗျ။ ကျုပ် သေသေချာချာ ကြည့်လိုက်တော့ အင်္ဂလိပ်တစ်ယောက်ပုံစံဗျ။ အရုပ်မှာ ဝတ်ထားတဲ့ အဝတ်အစားကလည်း ဥရောပဝတ်စုံကို သေးသေးလေးချုပ်ပြီး ကျကျနန ဝတ်ထားတာဗျ။ ရှူးဖိနပ်ကလည်း သေးသေးလေးဗျ။ ဖိနပ်ကို တိုက်ထားလိုက်တာလည်း ပြောင်လက်နေတာပါဗျာ။ လည်ပင်းမှာ နက်ကတိုင်လေးတောင် ပါလိုက်သေးသဗျ။

ဟာ…ခေါင်းတလား သေးသေးလေးပါလား။ ကျုပ်က ခုမှ မြင်သွားတာဗျ။ လက်ဝါးကပ်တိုင်ရဲ့ အောက်ခြေမှာ ချထားတာဗျ။ ကျုပ်စိတ်ထင် ခြောက်လက်မ၊ ခုနစ်လက်မလောက်



www.burmeseclassic.com

www.burmeseclassic.com


ရှည်မယ်ထင်တယ်။ လူသေထည့်တဲ့ ခေါင်းသေးသေးလေးဗျာ။ ပုံစံက ခရစ်ယာန်တွေသေရင် သင်္ဂြိုဟ်တဲ့ ခေါင်းပုံစံဗျ။ ထိပ်ပိုင်းက ကားပြီး နောက်ပိုင်းက ရှုံ့သွားတဲ့ပုံမျိုးလေဗျာ။ အဖုံးကလည်း သေသေချာချာ လုပ်ထားတာဗျ။ ခေါင်းတစ်ခုလုံးကို ဆေးနက်သုတ်ထားတာ ပြောင်လက်နေတာဗျို့။

ကျုပ်စိတ်ထဲမှာ ထင်တာတော့ အရုပ်မှာ ဝတ်ထားတဲ့ အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်၊ နက်ကတိုင်တွေဟာ လူသေရဲ့ကိုယ်က အဝတ်အစားတွေကိုယူပြီး ဖျက်ချုပ်ထားတာ ဖြစ်မယ်ဗျ။ ဖိနပ်တောင်မှ လူသေသင်္ဂြိုဟ်တဲ့အခါ လူသေစီးထားတဲ့ ဖိနပ်ကို ချွတ်ယူပြီး သေးသေးလေး ပြန်ချုပ်ထားတာလို့ ထင်တယ်ဗျ။ ပြီးတော့ လူသေသင်္ဂြိုဟ်တဲ့ခေါင်းက သစ်သားကို ယူပြီးတော့ ခေါင်းသေးသေးလေး ပြန်စပ်ထားတာ ဖြစ်မယ်။ ဖြစ်နိုင်တာက တော့ အစိမ်းသေ သေတဲ့လူရဲ့ အသုဘက ယူတာ ဖြစ်လိမ့်မယ်။ ဒါတွေအားလုံးကိုလည်း ပါပါကိုယ်တိုင်ပဲ လုပ်ထားတာ ဖြစ်မယ်လို့ ကျုပ်ထင်တယ်ဗျ။ ဘာဖြစ်လို့တုံးဆိုတော့ စာအုပ်တစ်အုပ်ထဲမှာ ကျုပ် ဖတ်ဖူးလို့ဗျ။

ပန်ချာပီ ဘောင်းထုပ်အနက်ကြီး ပေါင်းပြီး အနက်ရောင် အင်္ကျီ၊ အနက်ရောင် ပုဆိုးကို ဟိန္ဒူကုလားတွေလို ခါးတောင်းကျိုက်ထားတာဗျ။ ပခုံးပေါ်မှာလည်း ပိတ်စအနက်ကို တင်ထား


www.burmeseclassic.com

www.burmeseclassic.com


တာ။ ခါတိုင်းလို အဖြူရောင် ဝတ်မထားဘဲ အနက်ရောင် ဝတ်ထားတာကတော့ တော်တော်ကို ထူးခြားနေတာဗျ။

ပါပါ ရွတ်နေတဲ့ မန္တန်တွေကလည်း ခါတိုင်းမန္တန်တွေနဲ့ မတူဘူးလို့ ထင်တယ်ဗျ။ ပါပါက မန္တန်ရွတ်ရင်းကနေ အမွေးတိုင် ထွန်းထားတဲ့ ကြေးအိုးလေးကို လက်နှစ်ဖက်နဲ့ယူပြီး ကားစင်တင်ထားတဲ့ မျက်နှာဖြူရုပ်ကလေးနားမှာ အမွေးတိုင်ကို လှည့်ပတ်ပြီး ဝေ့ဝိုက်လုပ်နေရောဗျ။

ဟာ၊ ကျုပ် ယောင်ပြီး အော်လိုက်မိတော့မလို ဖြစ်သွားလို့ ကိုယ့်ပါးစပ်ကိုတောင် လက်နဲ့ အုပ်ထားလိုက်ရတယ်ဗျို့။

အမွေးတိုင်ရဲ့ မီးခိုးတွေကြားမှာ ကားစင်ပေါ်က အရုပ်ကလေး လှုပ်နေတာဗျ။ ကျုပ်မျက်စိများ မှားနေသလားဆိုပြီး ကျုပ် သေသေချာချာ ကြည့်လိုက်တယ်။

ကျုပ်မျက်လုံးတွေ မမှားဘူးဗျ။ အရုပ်ကလေး တကယ်လှုပ်နေတာ။ ခေါင်းကလည်း ဟိုဘက် ဒီဘက်ကို နည်းနည်းလောက် လှုပ်နေတယ်။ အရုပ်ကလေးရဲ့ မျက်လုံးကလည်း မျက်တောင်ခတ်နေတယ်။

ဒီတုန်းမှာပဲ မန္တန်ကို မပြတ်ရွတ်နေတဲ့ ပါပါက ကတ္တီပါဘူးအနက်ရောင်ကလေးကို ဖွင့်လိုက်တယ်။ ကတ္တီပါဘူးက ခြောက်လက်မလောက်ရှည်ပြီး ဗျက်က လက်တစ်ဝါးလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။

အထဲမှာ ငွေဓားလေးတစ်ချောင်းဗျ။ ဓားမြှောင်ပုံစံလေး။ ဓားရဲ့အရိုးကလည်း ငွေနဲ့ပဲ လုပ်ထားတာ။ အရိုးမှာ စိန်တွေ စီထားလို့ဗျာ။ ဓားသွားရဲ့ အရှည်က သုံးလက်မလောက်၊ အရိုးက တစ်လက်မလောက် ရှိတယ်ဗျ။ အသွားရဲ့ဗျက်က နှီးတစ်ပြားစာ လောက်ပဲ ရှိမယ်။

ပါပါက ငွေဓားလေးကို ဖြည်းဖြည်းလေး ကောက်ယူပြီး လက်ညှိုးနဲ့ လက်မကြားမှာညှပ်ပြီး ကိုင်ထားတယ်။

ပြီးတော့မှ လှုပ်နေတဲ့ အရုပ်ကလေးကို မန္တန်ရွတ်ရင်း စိုက်ကြည့်တယ်။ ပါပါရဲ့ ဓားကိုင်ထားတဲ့လက်က အပေါ်ကို မြောက်လာပြီး အရုပ်ကလေးရဲ့ ဘယ်ဘက်ရင်ဘတ်ထဲကို ငွေဓား လေး ထိုးသွင်းလိုက်တယ်။

"အား"

ဟာ ကျုပ်ပါးစပ်ကို လက်ဝါးနဲ့ အုပ်ထားလိုက်ရပြီဗျို့။ မအုပ်ရင် ကျုပ် ယောင်ပြီးအော်လိုက်မိမှာပဲဗျာ။ ငွေဓားလေး ထိုးသွင်းလိုက်တဲ့ အရုပ်ကလေးက လူတစ်ယောက် အော်သလိုကို အော်လိုက်တာဗျို့။ ဟာ ဓားထိုးသွင်းတဲ့နေရာက သွေးတွေ စီးကျလာပြီဗျို့။ ကျုပ်ဖြင့် ဒူးတွေတောင် တဆတ်ဆတ်တုန်နေတော့တာ ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘယ်လိုမှ အဖြေရှာလို့ မရကြတဲ့အကြောင်းတွေကို ဝေဝေဆာဆာ ရေးထားတာပေါ့ဗျာ။"

ဒီကိစ္စကို လူတွေက စိတ်ဝင်စားကြပြန်ရောဗျို့။ ဟိုနားစုစု၊ ဒီနားစုစုနဲ့ ဒီအကြောင်းကိုပဲ သတင်းစာ တကိုင်ကိုင်နဲ့ ပြောနေကြတော့တာဗျ။ ကျုပ်လည်း ဆေးပညာနောက်ဆုံးအပိုင်းကို ရောက်နေပြီဗျ။ မကြာခင်မှာ ဆရာဝန်တစ်ယောက် ဖြစ်တော့မှာလေဗျာ။ ကျုပ်လည်း ပါပါ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ အစွမ်းကုန် ကြိုးစားလိုက်တာ နောက်ဆုံး စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ အောင်ရောဗျ။ ပါပါက ကျုပ်ဆေးကျောင်း အောင်သွားတာကို တော်တော်ဝမ်းသာတာဗျ။

ဒီအချိန်မှာပဲ ကျုပ်တို့တိုင်းပြည်မှာ စစ်ကြီးဖြစ်တော့တာပေါ့ဗျာ။ အင်္ဂလိပ်တွေ ဆုတ်သွားပြီး ဂျပန်တွေနဲ့ ဗမာ့တပ်မတော် ရန်ကုန်ကို သိမ်းရောဗျ။ ကျုပ်တို့ သားအဖလည်း အခြေအနေ ကြည့်နေရတော့တာပေါ့ဗျာ။

ဂျပန်ဆိုတာက စိတ်မထင်ရင် ကားကို လှမ်းတားပြီးတော့ ပါးရိုက်ချင် ရိုက်တာဗျ။ ပါပါလည်း အရင်ကလောက် အပြင်မထွက်တော့ဘူးဗျ။ ကျုပ်ကတော့ ဟိုနား ဒီနား ဆေးလိုက်ကုနေတာဗျ။

တစ်ညတော့ ပါပါတစ်ယောက် အိမ်ပေါ်ထပ်မှာ ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ဖတ်နေပြန်ရောဗျို့။ ကျုပ်လည်း တစ်နေ့လုံး ဆေးလျှောက်ကုနေရတာဆိုတော့ ပင်ပန်းပြီး အိပ်မလို့ လုပ်နေတုန်း အပေါ်ထပ်က အသံတွေကြားလို့ လှေကားကာတက်ပြီး ကြည့်ပြန်တော့တာပေါ့ဗျာ။

ပါပါ ဓားစကြာ လွှတ်ပြန်ပြီဗျို့။

ကျုပ် အံ့ဩသွားတယ်ဗျ။ အင်္ဂလိပ်တွေမှ မရှိတော့ဘဲ ပါပါ ဘယ်သူ့ကို သတ်မလို့ပါလိမ့်လို့ တွေးမိတာပေါ့ဗျာ။ နောက်တစ်နေ့ရောက်တော့ ကျုပ် ဆေးကုသွားတဲ့နေရာတွေမှာ တိုးတိုးတိုးတိုးနဲ့ ပြောနေကြတာဗျ။ ဂျပန်ကင်ပေတိုင်ရုံးက ဂျပန်ဗိုလ်တစ်ယောက် လည်ပင်းကို သင်ဒုံးဓားနဲ့ အလှီးခံရတဲ့အကြောင်း၊ အင်္ဂလိပ်အရာရှိဆိုးတွေကို သတ်သလိုပဲ ဂျပန်တွေကို စပြီးသတ်တဲ့အကြောင်း၊ ဒီလူသတ်သမားဟာ ကိုယ်ပျောက်နေတာဖြစ်မယ်လို့ထင်တဲ့အကြောင်း၊ ဂျပန်စစ်ဗိုလ်က စစ်ရုံးထဲက ထွက်အလာမှာ လည်ပင်းကို ဖြတ်လှီးသွားတာဆိုတော့ ဂျပန်စစ်သားတွေလည်း ဘာမှမတတ်နိုင်ကြတဲ့အကြောင်း၊ သူတို့လည်း ဘာမှမမြင်လိုက်ရတဲ့အကြောင်းတွေ။ အခုဆိုရင် ဂျပန်စစ်ဗိုလ်ရဲ့ ကိုယ်ရံတော်တပ်တွေကို ရက်ရက်စက်စက် နှိပ်စက်ပြီး စစ်ဆေးနေတဲ့အကြောင်းတွေပေါ့ဗျာ။

ဂျပန်တွေကလည်း တစ်နေ့တခြား ကြမ်းတမ်းရမ်းကားလာ



www.burmeseclassic.com

www.burmeseclassic.com


လာတော့ ဗိုလ်ချုပ်အောင်ဆန်းက မဟာမိတ်တပ်တွေရဲ့ အကူ အညီနဲ့ ဂျပန်တွေကို တိုက်ရပြန်တာပေါ့ဗျာ။ ဂျပန်တော်လှန်ရေး အတွင်းမှာ ပါပါရဲ့ လုပ်ရပ်တွေက အံ့သြစရာပါပဲဗျာ။

အဲဒီကာလမှာ ပါပါက အိမ်ပေါ်ကနေ အောက်ကို သိပ် မဆင်းတော့ဘူးဗျ။ အိမ်ပြင်လည်း သိပ်မထွက်တော့ဘူး။ ထမင်း လာချက်ပေးတဲ့ မိန်းမကြီးကိုပဲ အားလုံးလုပ်ခိုင်းတော့တာ။ အဲဒီ မိန်းမကြီးရဲ့ မိသားစုကိုလည်း စားဝတ်နေရေး အားလုံးကို ပါပါ က တာဝန်ယူတယ်ဗျ။

ညဆိုရင် ထမင်းချက်တဲ့ မိန်းမကြီးက သူ့အိမ်မှာ ပြန် အိပ်တယ်။ သူက ငါးထပ်ကြီးဘုရားနားက ဆာဖိုးသာခြံဘက်မှာ နေတာဗျ။

ညဆယ်နာရီလောက်ရောက်တာနဲ့ ပါပါလည်း အိမ်ပေါ် ထပ်မှာ ရွှတ်ဟယ်ဖတ်ဟယ် လုပ်တော့တာပဲဗျာ။

တစ်ညတော့ ကျုပ် တက်ကြည့်တယ်။ မြင်ရတဲ့မြင်ကွင်း က ကျုပ်တစ်သက် ဘယ်တော့မှ မမေ့တဲ့ မြင်ကွင်းပါဗျာ။ အရိုးခေါင်းခွံသုံးခုကို ဖိုခနောက်ဆိုင် လုပ်ထားတယ်ဗျ။ ပြီးတော့ အပေါ်မှာ ရေလုံအိုးကွဲ အပုံကြီးကို ဒယ်အိုးလို တင်ထားပြီး အထဲမှာ တစ်လက်မလောက်ရှိတဲ့ ဂျပန်စစ်သားရုပ်ကလေးတွေကို ထည့်ပြီး လှော်နေတာဗျ။ ရေလုံအိုးကွဲရဲ့အောက်မှာ ပျားဖယောင်း


www.burmeseclassic.com

www.burmeseclassic.com



တိုင် တစ်တိုင်ကို ခေါက်ထိုးစိုက်ပြီး ထွန်းထားတာဗျ။ လက်ထဲမှာလည်း ဝါးယောက်မကြီးတစ်ချောင်း ကိုင်ထားပြီး မပြတ်မွှေပေးနေတာ။ ပါးစပ်ကလည်း မန္တန်တွေကို တရစပ် ရွတ်နေသေးတာဗျ။

ကျုပ်စိတ်ထင်တော့ လက်ထဲက ဝါးယောက်မဟာ တံစူးဝါးကို လုပ်ထားတာလို့ထင်တယ်။ နောက်နေ့ဆိုရင် သတင်းတွေ ကြားရတော့တာပဲဗျ။ ဘယ်ဘက်မှာ ဂျပန်တပ်တွေ ဘယ်လောက်ကျကုန်ပြီ၊ ဘယ်ကို ပြေးပြီဆိုတာတွေပေါ့ဗျာ။

ပါပါကလည်း ညတိုင်းကို လုပ်နေတော့တာဗျ။ ရေလုံအိုးကွဲထဲမှာ ဂျပန်စစ်သားရုပ်ကလေးတွေ အများကြီးကိုထည့်ပြီး လှော်နေတော့တာဗျ။ ကျုပ်စိတ်ထင်တော့ ဒီစစ်သားရုပ်ကလေးတွေကို သစ်သားပန်းပုဆရာတွေကို လုပ်ခိုင်းထားတာ ထင်တယ်ဗျ။ ဆေးတွေဘာတွေ ကျကျနန ခြယ်ထားတဲ့ အရုပ်ကလေးင‌ေဗျ။

စစ်ပွဲသတင်းတွေက ကြမ်းလာလေ ပါပါကလည်း တစ်ညမပြတ် လှော်လေပဲဗျို့။ နောက်ဆုံးတော့ ဂျပန်တွေ တိုင်းပြည်ထဲကနေ အပြီးဆုတ်သွားရရောဗျို့။ ဒီမှာတင် အင်္ဂလိပ်တွေ ရန်ကုန်ကို ပြန်ရောက်လာတယ်။ ကျုပ်လည်း ဆေးရုံဆရာဝန် ဖြစ်ပြီဗျ။ ရန်ကုန်ဆေးရုံကြီးမှာ ကျုပ် လက်ထောက်ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ။ အလုပ်ရတယ်။

ကျုပ်ကတော့ ပါပါ့ကို တစ်လှည့်ပြန်ပြီး အလုပ်အကျွေး ပြုမယ်လို့ စိတ်ကူးထားတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်စိတ်ကူးတွေက သိပ်ကို နောက်ကျသွားခဲ့တာဗျ။

"လူကလေး မင်းလည်း အရွယ်ရောက်ပြီ၊ ဆရာဝန်ကြီး တစ်ယောက်လည်း ဖြစ်သွားပြီ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ကိုယ့်လမ်းကိုယ်လျှောက်ပေတော့၊ ပါပါကတော့ ဂန္ဓာရီခရီးတွေ လှည့်ရလိမ့်ဦးမယ်"

BURMESE CLASSIC

"ဗျာ၊ ပါပါ ကျွန်တော်နဲ့ အတူတူ မနေဘူးလား"

လို့ ကျုပ်က ပါပါ့ကို ငေးကြည့်ပြီး မေးလိုက်တယ်။

"ပါပါတို့က တစ်နေရာမှာ ကြာကြာနေလေ့ မရှိဘူး ကွဲ့၊ လူကလေးရဲ့။ အခု ဒီမှာ တော်တော်ကြာသွားတာက လူကလေးကို မွေးနေရလို့ ကြာသွားတာ"

"ပါပါ့ကို ကျွန်တော် တစ်ခုလောက် မေးပါရစေ"

"ဟာ မေးပါ လူကလေးရဲ့၊ မေးပါကွဲ့"

"ပါပါက ဘာလဲဆိုတာ ကျွန်တော် သိခွင့်ရှိရင် သိပါရစေ"

"ဩော် ဒါလား၊ သိရပါတယ် လူကလေး"

"ပါပါက ဗမာတွေစကားနဲ့ ပြောရရင်တော့ ဇနေး



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓာရီ ဝိဇ္ဇာတစ်ယောက်ပေါ့ကွယ်"

"ဗျာ၊ ပါပါက ဝိဇ္ဇာ ဟုတ်လား၊ ဒါဆို…"

ကျုပ်က ဆက်မပြောဘဲ စကားကို ရပ်လိုက်တယ်။

"ဇနပဒ ဝိဇ္ဇာတွေက မှော်ဝိဇ္ဇာတွေပဲကွဲ့ လူကလေးရဲ့၊ ကျုပ်တို့က လိုအပ်လာရင် လူသတ်ကြတယ်"

"ဗျာ"

"လူကလေး ပါပါ့ကို လာလာကြည့်တာ ပါပါ သိပါတယ်၊ ပါပါလုပ်တာတွေကို လူကလေး သိတာကြာလှပြီပဲ။ ဒါပေမဲ့ ပါပါသတ်တဲ့လူတွေဟာ လူကောင်းသူကောင်းတွေ မဟုတ်ဘူးကွဲ့၊ လူ့လောကကို အနှောင့်အယှက်ပေးတဲ့ လူဆိုးလူယုတ်တွေပါ လူကလေး"

"နောက်တစ်ခု ကျွန်တော် မေးချင်သေးတယ် ပါပါ"

"ဘာများတုံးကွဲ့၊ လူကလေးရဲ့"

"ပါပါ့အသက် ဘယ်လောက်ရှိပြီလဲ၊ ကျွန်တော် ပါပါ ကို စပြီးမှတ်မိတဲ့ အရွယ်ကတည်း ကစပြီး ပါပါဟာ ဒီအရွယ်ပဲ အမြဲဖြစ်နေလို့ပါ"

"လူကလေး ပါပါ့အသက်ဟာ ငါးရာကျော်ပြီ"

"ဗျာ"

တစ်ပတ်လောက်ကြာတော့ ကျုပ်ဆေးရုံက ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်မှာ ပါပါ အိမ်မှာ မရှိတော့ဘူး။ ကျုပ်အတွက် စာလေး တစ်စောင်နဲ့ ငွေသေတ္တာတစ်လုံးပဲ တွေ့ရတော့တယ်။

စာထဲမှာ ရေးထားတာကတော့ ကျုပ်ကို သူ့ရဲ့ သားအရင်း လို ချစ်ခဲ့တဲ့အကြောင်း၊ သူနဲ့ ကျုပ် ဘယ်တော့မှ ပြန်မဆုံနိုင်တော့ တဲ့အကြောင်း၊ ကျုပ်အတွက် အိန္ဒိယတို့ အင်္ဂလန်တို့ကို သွားပြီး ဆေးပညာ ထပ်သင်ကြားဖို့ ငွေတွေ အလုံအလောက် ထားခဲ့တဲ့ အကြောင်း၊ ဆေးပညာကို ထပ်ပြီးသင်ယူဖို့ ထပ်ခါတလဲလဲ ပြောထားတာဗျ။

အိမ်ကြီးထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ ကျုပ် လည်း ရှိုက်ကြီးတငင် ငိုချလိုက်မိတော့တာပေါ့ဗျာ။

BURMESE CLASSIC

❑

"အဲဒါပါပဲ မောင်တာတေ၊ အဲဒီနေ့ကစပြီး ကျုပ် ပါပါ့ ကို တစ်ခါမှ မမြင်ရတော့ပါဘူး။ ဒါပေမဲ့ ကျုပ် သူ့ကို သတိမရ တဲ့နေ့လို့ တစ်ရက်မှ မရှိခဲ့ပါဘူး မောင်တာတေရယ်"

ဆရာကြီး ဒေါက်တာဗညိုက ဝေ့လာတဲ့ သူ့မျက်လုံးက မျက်ရည်စတွေကို သုတ်လိုက်တယ်ဗျ။

တာတေ

❑❑❑

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com